
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၁၁၃၀/၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၆၅/၂၀၀၃ (၂)
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးမောင်မောင်လွင်(၀၂၃၅၀) ကဝိရတနာပုံနှိပ်တိုက်
အမှတ်(၂၀၄)၊ လမ်း ၃၀၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်။
ပုံနှိပ်ခြင်း

၂၀၀၄ ခုနှစ်၊ ဧပြီလ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀ ကျပ်

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

သနှင်းရွှေ ပန်းမွှေးကြိုင်
သဇင်တော့ မိုးရွာလေပြီ . . ။

စံပယ်ကြိုင် ဆိုတဲ့ ကလင်တောဆီ . . .
ခင်ဝေလွှာတင်နိုင်း ပြန်ဝေ . . ။

ဝမ်းမြောက်တဲ့ အခန်းထဝင်မှု
အလှမ်းရှပ်တွေ ပြောနေရဲ့

အဝင်ချိုးမှာတော့
ခင်နှင်းရွှေ ရှင်ပြော့ဖျာဆီ
ခင်ဝေလွှာဆီမှ ရှင်ပြောဝင်
ရှင်ရှည်ပင်ဝင် မြှို့ကြောကြီးသေးပေါ်တွေး
မိုးဝေပင်း..ဖေးရို့ ခင်သောနှင်းရွှေ
ဝမ်းမြှုံခေ . . . မတဲ့

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

သူ့အကြောင်း ပြောသံကြားရုံမျှနှင့် ရင်၌ လှုပ်ရှားသည်။ သူ့အသံအကြားမှာ အရာရာကို မေ့လျော့တတ်ပေပြန်လျက် သူ့မျက်နှာကို မြင်စဉ်ကာလ ဆောက်တည်ရာမရ လှုပ်ရှားစိတ် ဖြစ်သည်။

အာရုံ၏ တည်ရာမှီရာကား သူမှတစ်ပါး မရှိ။ ကြည့်ဆဲအရာတို့၌ သူ့အရိပ် စွန်းသည်။ မျက်ဝန်းတစ်ဝေ့သည်ပင် ရင်ခုန်ကာလကို ရှည်လျားစေတတ်ပြန်သည်ပဲ။ ရင်ထဲ၌ အမှတ်တရ များစွာကို ထွင်းထုသွားနိုင်ခဲ့သူလေ . . .။

www.burmeseclassic.com

www.burmeseclassic.com

[၁]

လေပြင်းပြင်း အတိုက်ခံရသည့် ညောင်ရွက်တွေကို အတွေးမှာ မြင်ယောင်လာသည်။ ဖျတ်ဖျတ်လူး လှုပ်ခါဝေ့ယမ်း ျက် ကြွေကျတော့မည့် ပုံမျိုး။ ညာတံသည် ယိမ်းထိုးလျက် အရွက် ာ ဆတ်ဆတ်ခါသည်။

မိမိ၏ စိတ်အစဉ်က သည်နှယ်ပင် မငြိမ်မသက်။ အတွေး ာ ယောင်ယက်ခတ်လွန်းသည်။ မယုံချင်စရာကောင်းသည့်အဖြစ် ု သိ၏။ စိတ်ကူးယဉ်ကြည့်ဖူးသည့်အရာပင် မဟုတ်ပါလားဟု းလည်သည်။

သူငယ်ချင်းတွေ ရောက်လာတော့ အမှုအရာပျက် အောင် ကြိုးစားဟန်လုပ်၏။ မျက်နှာပေါ်မှာ ထင်နေသည့် စိတ်၏

www.burmeseclassic.com

www.burmeseclassic.com



အလှုပ်အရှား ခြေရာကို မသိသာအောင် ဖုံးသည်။ အားလုံးရှေ့မှာ သည်အဖြစ်ကို ပြောမပြရဲ။ အဆောင်ပြန်ရောက်မှပဲ အေးအေးလွင်ကို ပြောပြတော့မည် စိတ်ကူးသည်။

တစ်နေ့လုံး ခါတိုင်းနှယ် စိတ်လွတ်ကိုယ်လွတ် မရှိ။ တစ်စုံတစ်ရာ၏ အဖွဲ့အနှောင် အပတ်အရစ်ဖြင့် ရင်သည် တင်းကျပ်နေသယောင်။ ဖျတ်ခနဲ ဖျတ်ခနဲ ပြန်၍ မြင်ယောင်လာသော မနက်က အဖြစ်သည် ပစ္စက္ခမှ အတွေးကို လွင့်စင်စေတတ်၏။ မသိမသာ သက်ပြင်းကို ဖွဖွချမိပြန်သည်ပဲ။

✿

အေးအေးလွင်တို့က ဈေးဘက် ခဏသွားမည်ဆိုတော့ မလိုက်ဘဲ ကျောင်းမှာပဲ ကျန်ခဲ့မည် ပြောသည်။ အချိန်က နှစ်ချိန်တောင် အားနေတာ၊ နင်ဘာလုပ်နေမှာလဲဟု အေးအေးလွင် မေးသည်။ ဟိုတစ်နေ့က တစ်ချိန်ပျက်ထားတဲ့ စာတွေကို ပြန်ကူးချင်တယ်၊ ငါ စာကြည့်တိုက်ထဲမှာရှိမယ်ဟုပြန်ပြောရင်း နေရစ်ခဲ့သည်။

စာကြည့်တိုက်ထဲမှာ ဝင်ပြီး စာတွေ ကူးပြီးချိန်မှာ နာရီကြည့်၏။ အချိန်က စောနေသေးသည်။ ဗိုက်ထဲမှာ ဆာလာသည်မို့ ကော်ဖီခါးခါးတစ်ခွက် သောက်ထားရလျှင် ကောင်းမည်စဉ်းစားသည်။ စာအုပ်တွေသိမ်းပြီး လွယ်အိတ်ထဲ ထည့်ရင်း စာကြည့်တိုက်ထဲမှ ထွက်ခဲ့၏။

ကင်းတင်းဆီသို့ လာသည်။ ကင်းတင်းမှာ ခုံအပြည့် လူ



မနေသော်လည်း စားပွဲအတော်များများမှာ လူရှိသည်။ လွတ်နေသည့် ထောင့်စားပွဲမှာ ဝင်ထိုင်လိုက်သည်။

ကော်ဖီခါးခါးတစ်ခွက်ကိုမှာရင်း အကြည့်ကို တစ်ချက်ဝေ့လိုက်စဉ်၊ သူမနှင့်ထောင့်ဖြတ် ခပ်စွေစွေမှာရှိသော စားပွဲကို သတိထားလိုက်မိ၏။ ညိုမင်းလွင်တို့အုပ်စုဟု ချက်ချင်း သိလိုက်သည်။

ညိုမင်းလွင်ကိုတော့ မတွေ့။ အကြည့်ကို ဖျတ်ခနဲ လွှဲကာ သူတို့စားပွဲဝိုင်းကို ကျောပေးရင်း ထိုင်လိုက်၏။ ဆိုင်ထဲကို ဝင်လာစဉ်ကပင် သူ့ကိုမြင်ပြီး တစ်ဦးနှင့်တစ်ဦး တီးတိုးလုပ်တာ သတိထားဖြစ်သည်။

ဆံပင်ကို လက်နှစ်ဖက်ဖြင့် သပ်တင်လိုက်၏။ အနားရောက်လာသော စားပွဲထိုးကလေးကို ကော်ဖီခါးခါးတစ်ခွက်နှင့် ပေါင်မုန့်ထောပတ်သုတ် မှာလိုက်သည်။

စားပွဲထိုးလေး ထွက်သွားတော့ လက်ကိုင်ပုဝါဖြင့် လည်တိုင်မှာ စို့ချင်နေသည့် ချွေးစကို သုတ်၏။ ပြီးတော့ စောစောက ကူးလာသည့် စာအုပ်ကို လွယ်အိတ်ထဲမှ ဆွဲထုတ်သည်။ စာအုပ်ကို လှန်ပြီး ငုံ့ကြည့်နေလိုက်၏။

စားပွဲထိုးကလေးက မှာထားသည့် ကော်ဖီနှင့်မုန့် လာချပေးသည်။ စာအုပ်ကို လွယ်အိတ်ထဲ ပြန်ထည့်ရင်း ကော်ဖီပန်းကန်ကို ကောက်ယူလိုက်၏။ တစ်ကျိုက်သောက်ပြီး ပြန်ချကာ ပေါင်မုန့်ထောပတ်သုတ်ကို စားသည်။

"မထားသက်လှိုင်"

နောက်ဆီမှ ဖြတ်လာသည့် ခြေသံအကြားနှင့် သူမနာမည်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံသည် မရှေးမနှောင်း။ သူမဘေး ခပ်စွေစွေမှ လာရပ်သူကို မော့ကြည့်လိုက်သည်။ ညိုမင်းလွင်တို့ အုပ်စုထဲမှ မျက်နှာပြောင်ချော်ချော်နှင့် တစ်ယောက်မှန်းသိလိုက်၏။

"ဟုတ်ကဲ့ . . ."

နှုတ်မှထွက်ရင်း သူ၏မျက်နှာကို သူမ စူးစိုက်ထားလိုက်သည်။

"ကျွန်တော် ညိုမင်းလွင် သူငယ်ချင်းပါ"

"ဟုတ်ကဲ့ရှင့်"

သူမ၏အသံက တည်ငြိမ်ပြီး မျက်နှာက ပုံမှန်အနေအထားထက် ပို၍တင်းနေမည်ဟု သူမ သိသည်။

"ဟို . . . ကျွန်တော်"

စကားထစ်ငေါ့နေပြီး စူးစိုက်ထားသော သူမ၏အကြည့်မှ လွှဲပြီး သူတို့ထိုင်နေသည့်ဝိုင်းဆီ လှမ်းကြည့်ရင်း ရယ်ကျဲကျဲလုပ်နေပြန်သည်။

"ရှင် . . . ကျွန်မကို လာနောက်နေတာလား"

ဒေါသသံဖြင့် အသံက နည်းနည်းစွာသွားမည် ထင်၏။

"ဟာ . . . မဟုတ်ပါဘူး၊ ကျွန်တော့်ကို . . . ကျွန်တော့်ကို . . . ညိုမင်းလွင်က စာပေးခိုင်းလိုက်လို့ပါ"

"ရှင် . . ."

အံ့ဩရိပ်တို့ သူမမျက်နှာမှာ ရုတ်တရက် ဖြတ်သန်းသွားမည် ထင်လျက် မျက်နှာကို ချက်ချင်းပြန်၍ ပြင်သည်။ ထိုသူက လွယ်အိတ်ထဲမှာ နှိုက်ထားသော လက်ကို ထုတ်ပြီး စာအိတ်နှင့်



ပိတ်ထားသော စာတစ်စောင် သူမရှေ့မှာ ချသည်။

"ပြန်ယူသွားပါ၊ ကျွန်မ မယူချင်ဘူး"

သူမ စကားအဆုံးမှာ ထိုသူက လှည့်ထွက်သွား၏။ ရုတ်တရက် ချက်ချင်း ဘာလုပ်ရမှန်း မသိအောင် ကြောင်ကျန်ခဲ့သည်။ ထိုစဉ် သူတို့ဝိုင်းဆီမှ ရယ်မောသံများ ကြားလိုက်ရ၏။

"အိစွတ်ကွ . . . မင်းသတ္တိကို ငါတို့ ယုံသွားပြီ"

လက်ခုပ်တီးသံ အော်ဟစ်သံတို့က သူမ၏သွေးကို ဆူပွက်စေပြန်၏။ ဆတ်ခနဲ ထ,ရပ်ရင်း စာအိတ်ကို လက်တစ်ဖက်ဖြင့် ကိုင်ကာ ထိုစားပွဲဝိုင်းဆီ လျှောက်သည်။

သူတို့စားပွဲဝိုင်းဆီ လျှောက်လာသည့် သူမကို ငေးကြည့်လျက် ဆိတ်ငြိမ်သွားသည်။ အကြည့်အားလုံးက သူမမျက်နှာဆီ စူးစိုက်ထားကြ၏။ မျက်နှာကို တင်းလျက် စားပွဲဝိုင်းနား အရောက်မှာ သူမကို စာလာပေးသည့်သူနှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ရော့ . . . ရှင့်စာ"

"ဟာ . . . ကျွန်တော့်စာ မဟုတ်ဘူး၊ ညိုမင်းလွင်စာပါ၊ ညိုမင်းလွင်က ပေးခိုင်းတာပါ"

"ဘယ်သူ့စာဖြစ်ဖြစ် ရှင်လာပေးခဲ့တဲ့ ရှင့်စာကို ပြန်ယူပါ"

"ယူသွားပါဗျာ . . . စာပြန်ပေးရင် ညိုမင်းလွင် ဘယ်စိတ်ကောင်းပါ့မလဲ"

ဟု ဘေးက တစ်ယောက်က ဝင်ပြောသည်။

ထိုသူ့မျက်နှာဆီ အကြည့်ဝေ့ကာ မျက်စောင်းထိုးလိုက်၏။ ပြီးမှ . . .

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်စာကို ရှင် ပြန်ယူမလား၊ မယူရင် ကျွန်မ ဌာနမှူးကို သွားပေးလိုက်မယ်"

ဟု ခပ်ဆတ်ဆတ် ပြောလိုက်သည်။

"ဟာ . . . ဟာ . . . ဒါတော့ မလုပ်ပါနဲ့ဗျာ"

ဌာနမှူးဟု ပြောလိုက်သည်နှင့် သူတို့ တုန်တုန်လှုပ်လှုပ် ဖြစ်သွားပုံရသည်။ ဌာနမှူးက စည်းကမ်းတင်းကျပ်တာ၊ ရှုပ်ရှုပ် နောက်နောက် မကြိုက်တာကို သူတို့လည်း သိမည် ထင်သည်။

"ပြန်ယူလိုက်ကွာ"

တစ်ယောက်က ဝင်ပြောသည်။

သူမကို စာလာပေးထားသည့် တစ်ယောက်က သူမ လက်ထဲမှ စာအိတ်ကို လှမ်းယူလိုက်၏။

ချာခနဲ လှည့်ထွက်ခဲ့သည်။

"ညိုမင်းလွင်တော့ ဆွေးတာပဲ"

"စွံလှချည်ရဲ့ဆိုတဲ့ ညိုမင်းလွင် ဒီတစ်ခါ ခံရပြီ မဟုတ်လား"

စကားသံများ၊ ရယ်သံများ သူမနောက်မှာ ပြန့်လွင့်ကျန်ခဲ့သည်။

စားပွဲပြန်ရောက်တော့ ပေါင်မုန့်ထောပတ်သုတ်ကို ဆက်စားချင်စိတ် မရှိတော့။ ကော်ဖီကိုသာ သူမ မော့သောက်လိုက်၏။

ပြီးတော့ စားပွဲထိုးလေးကို ခေါ်ကာ ပိုက်ဆံရှင်းပြီး ကင်တင်းထဲမှ ထွက်လာခဲ့မိသည်။

အပြင်ရောက်တော့မှ တင်းထားသည့်စိတ်ကို ဖြေလျှော့ခ



လိုက်ရင်း စာကြည့်တိုက်ဆီသို့ ပြန်လျှောက်၏။

✿

"အဲဒီတုန်းက ညိုမင်းလွင် မရှိဘူးလား ထား"

ထားသက်လှိုင် ပြန်ပြောသမျှကို စူးစိုက်နားထောင်ရင်း စကားအဆုံးမှာ အေးအေးလွင်က မေးသည်။ အဆောင်ရှေ့ ရေတမာပင်အောက်ခုံတန်းမှာ ထိုင်ရင်း ခြံစည်းရိုးပင်တွေဆီ ငေးနေရာမှ အေးအေးလွင်အမေးကြောင့် အေးအေးလွင်မျက်နှာဆီ အကြည့်ရောက်သည်။

"ဟင့်အင်း . . . မရှိဘူး"

ခေါင်းကို ခါယမ်းရင်း ထားသက်လှိုင်က ဖြေသည်။

"သူတို့အုပ်စုက တစ်အုပ်စုလုံး ဗရုတ်တွေ"

"ဟုတ်တယ် . . . ဒါ သက်သက် ငါ့ကို ဗရုတ်ကျတာပဲ အေးအေးလွင်"

"ဒါပေမဲ့ ညိုမင်းလွင်ဆိုတဲ့ တစ်ယောက်ကတော့ တည်ပါတယ်"

"တစ်အုပ်စုတည်းပဲ အတူတူနေမှာပေါ့"

"မဟုတ်ဘူး ထား၊ သူ နင့်ကို တကယ်များ . . ."

စကားကို ဖြတ်ရင်း ထားသက်လှိုင်မျက်နှာဆီသို့ အေးအေးလွင် ကြည့်သည်။

"မဖြစ်နိုင်တာ အေးအေးလွင်ရာ၊ ငါ့ကို သက်သက်

www.burmeseclassic.com

www.burmeseclassic.com



တောင်းတာ၊ နောက်တာ"

"အဲဒီလိုလည်း မတွက်နဲ့လေဟာ၊ ကာယကံရှင်ရဲ့ မျက်နှာကို နင် အကဲမခတ်ရဘဲနဲ့"

"မလိုဘူး အေးအေးလွင်၊ တက္ကသိုလ်တစ်ခုလုံးက အချော အလှမှန်သမျှနဲ့ လိုက်တွဲနေတဲ့သူဆို၊ နင်တို့ပဲ ပြောတာ"

"အင်းလေ . . . ဘာဆိုင်လဲ"

"အေးအေးလွင်ရယ် . . . ငါ့လို ရွက်ကြမ်းရေကျို ရုပ်မျိုးကို သူ စိတ်ဝင်စားတယ်ဆိုတာ၊ နောက်တာကလွဲလို့ ဘာဖြစ်နိုင်မှာတဲ့လဲ၊ ပြီးတော့ လွန်ခဲ့တဲ့ အပတ်ထဲက ငါ သူ့နာမည်ကို မေးလိုက်တဲ့ ငါ့အားနည်းချက်ကို ဖိနင်းတာပဲ"

လွန်ခဲ့သည့်အပတ်က ထားသက်လှိုင်ထံသို့ တူးမာ လာလည်သည်။ တူးမာက သူတို့ကျောင်းက မဟုတ်၊ တူးမာကို ထားသက်လှိုင်က ကင်းတင်း လိုက်ပို့သည်။ ကင်းတင်းမှာ ညိုမင်းလွင်တို့ အုပ်စုနှင့် ဆုံ၏။ ထိုအုပ်စုကို ဖြတ်သွားဖြတ်လာ၊ ကင်းတင်းမှာ ဆုံလေ့ဆုံထရှိသော်လည်း ထားသက်လှိုင် သတိမထားဖြစ်။ ပြောင်တောင်တောင် နောက်တောက်တောက် ကျောင်းသားအုပ်စုတစ်စု ဟုသာ နားလည်ထားခဲ့သည်။

တူးမာက ညိုမင်းလွင်ကို မေးငေါ့ပြပြီး သိပ်ချောတာပဲ နာမည်သိလားဟု မေးသည်။ ထားသက်လှိုင်က ခေါင်းယမ်းပြ၏။ ငါ နာမည်သိချင်တယ် စုံစမ်းပေးစမ်းပါဟု ပူဆာသည်။

ထိုအုပ်စုထဲမှာ ထားသက်လှိုင်တို့နှင့် ရင်းနှီးသည့် နိုင်နိုင်ဦး၏ အစ်ကိုတစ်ယောက် ပါတယ်ဆိုတာ အေးအေးလွင်တို့ ပြောသ



ကို ပြန်သတိရ၏။ ငါ တကယ်သိချင်လို့ပါဟာ စုံစမ်းပေးစမ်းပါ၊ နောက်နေ့ ငါ နင့်အဆောင်လာခဲ့မယ်ဟု တူးမာက ထပ်ပြောနေပြန်သည်။ နောက်ဆုံးတော့ နိုင်နိုင်ဦးကို တစ်ဆင့်မေးပေးမည်ဟု ကတိပေးလိုက်၏။

နောက်နေ့မှာ နိုင်နိုင်ဦးကို သူ မေးကြည့်သည်။ ကိုကိုတို့ အုပ်စုထဲက ဖြူဖြူ ခေါင်ကောင်းကောင်းနှင့် ခပ်ချောချော တစ်ယောက် မဟုတ်လားဟု နိုင်နိုင်ဦး ပြန်မေး၏။

ဟုတ်တယ်ပြောတော့ ဒါတောင် မသိဘူးလား ထားရယ်တဲ့၊ အဲဒါ ကျောင်းမှာ သိပ်ပေါ်ပြူလာဖြစ်တဲ့ ညိုမင်းလွင်ဆိုတာ ပေါ့တဲ့။

သည်တုန်းကမှ သည်နာမည်ကို ထားသက်လှိုင် စပြီး ကြားခဲ့ဖူးသည်ပဲ။ သည်အဖြစ်ကိုလည်း အဆောင်ရောက်တော့ သူ့အခန်းဖော် အေးအေးလွင်ကို သူ ပြန်ပြောပြလိုက်မိသည်။

ဟုတ်သားပဲ ထားကလည်း . . . အ,လိုက်တာ၊ ညိုမင်းလွင်တောင် မသိဘူးလား . . . ဟု ဆိုတော့ ခေါင်းယမ်းပြမိပြန်၏။

သူငယ်ချင်းတွေနှင့် ကျောင်းစာကလွဲ၍ ဘာမှမသိသော ထားသက်လှိုင်အတွက်တော့ အားလုံး အထူးအဆန်းတွေချည်းပင်။

"ငါ သတိရပြီ၊ တူးမာအတွက် နင်က သူ့နာမည်ကို စုံစမ်းတာ သူ သိသွားတယ်လို့ နင်ပြောချင်တာပေါ့"

"ဟုတ်တယ်လေ . . . နိုင်နိုင်ဦးက သူ့အစ်ကိုကို ပြန်ပြောမှာပေါ့၊ သူ့အစ်ကိုက ညိုမင်းလွင်ကို ပြန်ပြောမှာ သေချာနေတာပဲ"

"အင်း . . . ဖြစ်နိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ငါက သူ့ကို စိတ်ဝင်စားလို့ သူ့နာမည်တွေ ဘာတွေ လိုက်စုံစမ်းနေတယ်လို့ သူ ထင်သွားမှာပေါ့ကွာ"

"ဒါလည်း ဖြစ်နိုင်တာပဲ"

"အဲဒီလို ယောကျ်ားမျိုးကို ငါ အရမ်းမုန်းတာပဲ အေးအေးလွင်၊ အခွင့်အရေး ရတိုင်း ယူတတ်တဲ့ ယောကျ်ားဟာ တောထဲက ကျားထက် ကြောက်စရာကောင်းတယ်၊ မုန်းစရာကောင်းတယ်"

"တကယ်စိတ်ဝင်စားတာ ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့ ထားရာ"

"ဟာ . . . မဖြစ်နိုင်တာ၊ နင်တို့ ပြောပြပြီး နောက်ပိုင်းမှာ အဲဒီ ညိုမြင်းလွင်၊ ကောင်မလေး ချောချောလေးတွေနဲ့ ကဲင်းတင်း လာထိုင်တာ ငါ တွေ့နေတာပဲ၊ ငါ့လိုလူမျိုးကို သူ ဘာစိတ်ဝင်စား စရာ ရှိလဲ၊ ငါ့စိတ်ထဲမှာ တုန်တုန်လှုပ်လှုပ် ဖြစ်နေတယ်ဆိုတာက ဒါသကြောင့်ဖြစ်တာ အေးအေးလွင်"

ထားသက်လှိုင်က အေးအေးလွင်မျက်နှာကို စူးစိုက်ကြည့် ရင်း ပြောလိုက်၏။

"ဟုတ်ချင်မှလည်း ဟုတ်မှာပါဟာ၊ ငါ စုံစမ်းကြည့်ဦးမယ်"

ဟု အေးအေးလွင်က ပြောရင်း ထိုင်ခုံမှ ထရပ်လိုက်၏။

လမ်းမီးလင်းလာသဖြင့် အဆောင်စည်းရိုးကို ကျော်ကာ အလင်းပျပျ ဝင်သည်။

ထားသက်လှိုင် ထရပ်လိုက်သည်။

✿ ✿ ✿

[၂]

"အဓိပ္ပာယ်မရှိဘူး အီစွတ်"

ခေါင်းကို ခါယမ်းရင်း ညိုမြင်းလွင် ပြောသည်။ သူ့စကား မှာ ဒေါသသံ ပါနေသဖြင့် တစ်အုပ်စုလုံး မနောက်ရဲကြ။

"တင်မောင်ဝင်း စ,တဲ့ ဇာတ်လမ်း၊ မင်း တင်မောင်ဝင်းကို ပြော"

အီစွတ်က တင်မောင်ဝင်းကို လှမ်းကြည့် ပြောလိုက်၏။

"ဟေ့ကောင် . . . အတူတူပဲ လုပ်ကြပြီးမှ ငါ့ကိုချည်း လွှဲ မချနဲ့လေကွာ"

"အတူတူတော့ အတူတူပဲ၊ ဒါပေမဲ့ မင်းက ဒီဇာတ်လမ်း စ,ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



သက်တင်ကလည်း ဝင်ပြောသည်။

"ငါ ဘယ်ကောင်းပါ့မလဲကွာ၊ မင်းတို့ကြောင့် ငါ့သိက္ခာ အကြီးအကျယ် ကျတာပေါ့"

ခေါင်းကို ခါယမ်းရင်း ညိုမင်းလွင် ပြောသည်။

"ဘာသဘောလဲကွ . . . သူက မင်းနာမည်ကိုတော့ စုံစမ်းပြီးတော့"

"ဒါက သူ့ကိစ္စပါကွာ"

ဟု ညိုမင်းလွင်က တင်မောင်ဝင်းကို လှမ်းပြောသည်။

"မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက်ကို မကြိုက်ဘဲ ဘာလို့ စုံစမ်းမေးမြန်းနေမှာလဲ ညိုမင်းလွင်၊ ဟော့ကောင် သက်တင် . . . မင်းညီမ နိုင်နိုင်က မင်းကိုများ ညာပြော လိုက်တာလား"

"နိုင်နိုင် ငါ့ကို မညာပါဘူး၊ ပြီးတော့ ဒီကိစ္စက စကားစပ်ပြီး ပြောမိကြတာ"

"ထားပါတော့ကွာ . . . သူ့ဘာသာ ငါ့နာမည် မေးတာ မြန်းတာ တကယ်ပဲထား၊ မင်းတို့က ဒါ လောင်းစရာလား"

ညိုမင်းလွင်စကားကြောင့် တင်မောင်ဝင်းက ရယ်သည်။

"ငါက မင်းကို အထင်ကြီးမိတာကိုးကွ"

"တော်စမ်းပါကွာ"

"တင်မောင်ဝင်းက ပြောတာ နည်းနည်းလွန်လို့ ငါတို့က လည်း လောင်းလိုက်တာ ညိုမင်းလွင်ကဆိုပြီး စာသွားပေး၊ သူရေး ပေးမယ်တဲ့၊ သုံးရက်အတွင်း စာပြန်စေရမယ်တဲ့၊ ငါတို့က မင်း



အရည်အချင်းကို ယုံပါတယ် ညိုမင်းလွင်၊ ဒါပေမဲ့ သုံးရက်နဲ့ စာ ပြန်ပြီး မင်းကိုကြိုက်မယ့် မိန်းကလေးထဲမှာ အဲဒီ ထားသက်လှိုင် မပါဘူး၊ ငါတို့ နှစ်ယောက်က တွက်ပြီးသား၊ ဒါနဲ့ သုံးရက်အတွင်း စာမပြန်တဲ့ဘက်က ငါနဲ့ အိစ္စတ်က လောင်းတာ"

သက်တင်က ရယ်ကျဲကျဲ ဝင်ပြောသည်။

"ပြန်ကြိုက်ဖို့နေနေသာသာ စာတောင်ယူမသွားဘူး"

ဟု အိစ္စတ်က ထပ်ပြော၏။

"ဘာဖြစ်ဖြစ်ကွာ၊ ငါ့ကိုတော့ မင်းတို့ တိုင်ပင်ဖို့ကောင်း တယ်"

"မင်းမှ မရှိတာ၊ ပြီးတော့ မင်းကို တိုင်ပင်ရင်လည်း မင်းက ဖျက်မှာ၊ အလောင်းအစားကလည်း တစ်ထိုင်တည်း ဖြစ်သွားတာဆို တော့ . . ."

"ကံကောင်းလို့ပေါ့ တင်မောင်ဝင်းရာ၊ ဌာနမှူးများ သွား တိုင်၊ ဘာညာနဲ့သာဆိုရင်တော့ ငါ ရှက်ပြီး သေမှာပဲ"

ညိုမင်းလှိုင်ကိုကြည့်ရင်း ကျန်သုံးဦးက ရယ်သည်။

"ထားသက်လှိုင်က မင်း . . . သူ့ကို တကယ်ကြိုက်တယ် များထင်ပြီး ဘဝင်မြင့်သွားလား မသိဘူး၊ အဲဒါတွေးပြီး ငါ ရယ်ချင် နေတာ"

"မင်းပြောတာလည်း ဖြစ်နိုင်တာပဲ တင်မောင်ဝင်း . . ."

"ဒီကိစ္စကိုတော့ သူ့နား ပြန်ရောက်အောင် နိုင်နိုင်နဲ့အစ် ဆင့် ငါ ပြောပေးမယ်၊ စိတ်ချ"

"လုပ်ပြန်ပြီကွာ . . . စာရင်း ထပ်ရှုပ်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ညို့မြင်းလွင်က နှုတ်မှ ညည်းတွားရင်း စီးကရက်ကို လက်ဖြင့် လှမ်းတောက်လိုက်၏။

✿ ✿ ✿

[၃]

"မထားသက်လှိုင် . . . ခဏ"

ခေါ်သံကြောင့် နောက်ပြန်လှည့်ကြည့်ဖြစ်သည်။ လွယ်အိတ်ကို စလွယ်သိုင်းလွယ်ထားလျက် နောက်မှ ခပ်သုတ်သုတ် လျှောက်လာသော မနေ့က စာလာပေးသူ ညိုမြင်းလွင်တို့အုပ်စုမှ တစ်ယောက်ကို တွေ့သည်။

"ဘယ်သူလဲ"

အတူယှဉ်လျှောက်နေရာမှ နောက်လှည့်ကြည့်ရင်း အေးအေးလွင်က မေးလိုက်၏။

"ညိုမြင်းလွင်တို့ အုပ်စုကလေ၊ မနေ့က ငါ့ကို စာလာပေးတဲ့ တစ်ယောက်"

www.burmeseclassic.com

www.burmeseclassic.com



လျှောက်မြဲတိုင်း ဆက်လျှောက်လျက် ထားသက်လှိုင် ပြန်ပြောသည်။

"မထားသက်လှိုင်"

သူတို့ကို မီလာပြီး ဘေးချင်းယှဉ်လျှောက်ကာ နာမည်ကို ခေါ်သည်။

"ဘာကိစ္စရှိလို့လဲ"

စကားသံကို ပုံမှန်ဖြစ်အောင် ကြိုးစားရင်း ထားသက်လှိုင် မေးသည်။

"ကျွန်တော် မနေ့ကကိစ္စ တောင်းပန်မလို့ပါ"

"မလိုပါဘူး"

"မဟုတ်ဘူး . . . ကျွန်တော်တို့ နောက်တာကို ခင်ဗျား တကယ်ထင်နေမှာ စိုးလို့ပါ"

"မိန်းကလေးတစ်ယောက်ကို နောက်စရာလို့ ရှင်တို့ ထင်လို့လား"

အေးအေးလွင်က ဝင်ပြီး ထောက်သည်။

"အဲဒီနေ့က ကာယကံရှင် ညိုမင်းလွင်လည်း မရှိဘူး၊ သူ မရှိဘဲ ကျွန်တော်တို့ဘာသာကျွန်တော်တို့ လောင်းကစားလုပ်လိုက်တာ"

"ဘာရှင့် . . ."

ဒေါသစိတ်ကြောင့် သွေးပူသည်။ အရှက်ဖြင့် ရင်သည် အခုန်မြန်ချင်၏။

"အဲ . . . ကျွန်တော် အားလုံးအဖြစ်မှန် ပြောပြပါ့မယ်၊



တင်မောင်ဝင်းဆိုတဲ့ကောင်က စ,လောင်းတာ၊ ညိုမင်းလွင် နာမည်နဲ့ စာသွားပေး၊ သုံးရက်အတွင်း ပြန်ကြိုက်ရမယ်ဆိုလို့ ကျွန်တော်နဲ့ သက်တင်က မဖြစ်နိုင်တဲ့ဘက်က လောင်းပြီး စာလာပေးတာ"

"ရှင်တို့ တော်တော် အောက်တန်းကျတာပဲ"

"ညိုမင်းလွင်ကလည်း ကျွန်တော်တို့ကို ဒေါကန်နေတယ်၊ သူ တကယ်ကြိုက်တာ မဟုတ်ဘဲ၊ ဒီလို လုပ်မိတာ သူ့ကိုယ်စား တောင်းပန် . . ."

"တော်ပါတော့ရှင် . . . တော်ပါတော့"

ပြောရင်း ဝမ်းနည်းသံက ပါလာပြီ။ ဒေါသနှင့် ဝမ်းနည်းစိတ်က ရင်ထဲမှာ ဆို့နင့်တင်းကျပ်လာ၏။ နှုတ်ခမ်းကို တင်းတင်းစေ့ထားမိသည်။

"သူ့ဟာသူ ဘယ်လောက်ချောချော၊ ဘယ်လောက်စွံစွံ၊ မိန်းမတိုင်းက သူ့ကို ပြန်ကြိုက်မယ် ထင်တာတော့ မိန်းမတွေကို ရှင်တို့ အထင်သေးလွန်းတာ၊ စော်ကားလွန်းတာပဲ"

အေးအေးလွင်က မျက်နှာကို စူးစိုက်ကြည့်ရင်း ပြောလိုက်၏။

လမ်းခွဲရောက်တော့ ထားသက်လှိုင်က အေးအေးလွင်၏ လက်မောင်းကိုဆွဲရင်း ချိုးကွေ့လိုက်သည်။

သူတို့ချိုးအကွေ့မှာ အီစွတ်က ဆက်မလိုက်တော့ဘဲ ရှေ့ဆက်လျှောက်သွားတာ တွေ့၏။

ကျချင်ချင်မျက်ရည်စကို ပဝါဖြင့် ထားသက်လှိုင် သိုးသည်။

"ကျောင်းမှာ မငိုစမ်းပါနဲ့ဟာ . . . ဟိုကောင်တွေ သိရင်

www.burmeseclassic.com

www.burmeseclassic.com



နေနေဦးမယ်"

"ဝမ်းနည်းလို့ပါဟာ"

အသံသည် ကြေကြေကွဲကွဲနှင့် ထွက်လာ၏။

✿

"မနေ့က ဘယ်လိုဖြစ်တာလဲ ထား"

သူတို့နှစ်ယောက် ဝင်လာသည်နှင့် သန္တာအောင်က ထားသက်လှိုင်ကို စူးစိုက်ကြည့်ကာ မေးသည်။

"ဘာဖြစ်လို့လဲ"

ဟု အေးအေးလွင်က ပြန်မေးလိုက်၏။

"နင် မသိဘူးလား အေးလွင်၊ ထား နင့်ကို ပြန်ပြောမပြဘူးလား"

"ဘာလဲ . . . ဟင့်အင်း . . . ငါ မသိဘူး"

အေးအေးလွင်က ခပ်တည်တည်ဖြင့် ပြန်ပြောသည်။

"စောစောက ငါတို့နှစ်ယောက် ထိုင်နေတာ နိုင်နိုင်ဦး ရောက်လာတယ်"

နိုင်နိုင်ဦးနှင့် သူတို့က တစ်ဖွဲ့တည်းမဟုတ်။ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး သိကျွမ်းကြသော်လည်း ခင်ခင်မင်မင် မပေါင်းသင်းဖြစ်။ အုပ်စုချင်းက မတူ။ နိုင်နိုင်ဦးတို့အုပ်စုက ကျောင်းမှာ နာမည်ကြီးသည်။ ဉစ္စာပစ္စည်းပြည့်စုံသော သားသမီးတွေချည်း ဖြစ်ပြီး၊ ကားနှင့် ကျောင်းတက်နိုင်ကြသော နေ့



ကျောင်းသူတွေ၊ ပြီးတော့ ချောမောလှပသူများဟု လူသိများသူတွေ။

"နိုင်နိုင်ဦးက ဘာပြောလို့လဲ"

အေးအေးလွင် မေးလိုက်ချိန်မှာ ထားသက်လှိုင်ကတော့ မျက်ချင်ချင်မျက်နှာကို ရုတ်တရက် ပြင်သည်။ လေအဝေ့မှာ ကြွေကျလာသော ကံ့ကော်ရွက်ဆီသို့ အကြည့်ကို လွှဲလိုက်၏။ မနေ့က ကိစ္စကို သူ့အစ်ကိုသက်တင်ကတစ်ဆင့် ပြန်သိပြီး နိုင်နိုင်ဦး လာပြောသွားပြီဟု နားလည်လိုက်ပြီ။

"မနေ့က အိစ္စတ်က ကိုမင်းလွင် ပေးခိုင်းတာဆိုပြီး ထားကို စာလာပေးတယ်တဲ့"

"အင်း . . . ဟုတ်တယ် သန္တာ"

သန္တာအောင်၏ မျက်နှာဆီ စူးစိုက်ကြည့်ရင်း သံမှန်လေဖြင့် ထားသက်လှိုင် ပြောလိုက်၏။

"အဲဒါ ဘာဖြစ်လို့လဲ"

ဟု စကားဆက်လိုက်သည်။

"အဲဒါ . . . နိုင်နိုင်ဦး လာပြောသွားတဲ့ အဓိပ္ပာယ်ကြီးက မကောင်းဘူးကွ၊ တစ်မျိုးပဲ"

သက်သက်ထွေးက ဝင်ပြောသည်။

"ဘာတဲ့လဲ"

ဟု အေးအေးလွင် မေးသည်။

"သူပြောသွားတာက ထားကို နှိမ်သလိုမျိုးကြီးပဲ၊ ညိုမင်းလွင်က ထားကို တကယ်ကြိုက်လို့ မဟုတ်ဘူး၊ သူ့အစ်ကိုတွေ အလောင်းအစားလုပ်ရင်း ဖြစ်သွားတာ၊ အဲဒါကို ထားက ညိုမင်း

www.burmeseclassic.com

www.burmeseclassic.com



လွှင်က တကယ်ကြိုက်နေတယ်ထင်ပြီး ခံစားနေရမှာစိုးလို့ ဆိုတဲ့ အဓိပ္ပာယ်မျိုး"

"အဲဒီလိုပဲ ပြောလား သန္တာ"

"အဲဒီအဓိပ္ပာယ်မျိုးပဲ အေးလွှင်၊ ထားကို ပြောပါပေါ့ ညိုမင်းလွှင်ဘေးမှာ မိန်းကလေး ချောချောလေးတွေ ဝိုင်းလို့ဆိုတာ က ပါသေး"

"ဝိုင်းနေတိုင်း ထားက ကြိုက်ရမှာတဲ့လား"

အေးအေးလွှင်က မခံချင်စိတ်ဖြင့် ပြောပြန်သည်။

"နိုင်နိုင်ဦးကိုယ်တိုင်ကလည်း ညိုမင်းလွှင်ကို ကျနေတာ မသိတာမှ မဟုတ်တာဟယ်"

သက်သက်ထွေးက ဝင်ပြောသည်။

"ဘာဖြစ်ဖြစ် ငါ အရှုက်ကွဲတာတော့ အမှန်ပဲ၊ နိုင်နိုင်ဦးက အခုဆို ဘယ်လောက် လျှောက်ပြောဖြစ်နေပြီလဲ မသိဘူး"

"ဂရုစိုက်မနေစမ်းပါနဲ့ ထားရာ"

ဟု အေးအေးလွှင်က ပခုံးကိုပုတ်ရင်း ပြောလိုက်၏။

ညိုမင်းလွှင်နှင့်သူ့သူငယ်ချင်းတွေကို စိတ်ထဲမှာ နာကြည်းမိပြန်၏။ တည်ငြိမ်အေးချမ်းလှသော မိမိဘဝထဲသို့ အမှတ်မထင် ဝေ့တိုက်လိုက်သော လေပြင်းတစ်ချက်ဟု ထားသက်လှိုင် တွေးမိ ပြန်သည်။

နှုတ်ခမ်းကို ဖိကိုက်ရင်း အကြည့်ကို လွှဲ၏။

✿ ✿ ✿

[၅]

"ဘာပြောတယ် အီစွတ်"

ထားသက်လှိုင်နှင့် အေးအေးလွှင်တို့ ကျောင်းအလာမှာ သူနှင့်တိုးသဖြင့် သူက တောင်းပန်လိုက်ပုံကို အီစွတ်က ပြန်ပြောပြ သည်။ အီစွတ်စကားအဆုံးမှာ ညိုမင်းလွှင်က နဖူးကို လက်ဝါးဖြင့် ရိုက်ရင်း နှုတ်မှ အသံထွက်သွား၏။

"ဘာဖြစ်တာလဲ ညိုမင်းလွှင်"

"ဟာကွာ . . . မင်း စဉ်းစားကြည့်ပါဦး၊ မင်းလုပ်ပုံက ... ကို ထပ်စော်ကားသလိုမျိုးကြီး ဖြစ်မနေဘူးလား"

"ဘာဖြစ်လို့လဲ"

"အီစွတ်ရာ . . . မင်း တော်တော်အတာပဲ၊ ညိုမင်းလွှင်က

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကို တကယ်ကြိုက်တယ်များ ထင်လို့လား၊ ညိုမင်းလွင်က ဒီကိစ္စ သိတောင်မသိပါဘူး၊ ကျွန်တော်တို့က လောင်းကြတာပါ။ ညိုမင်းလွင်က ခင်ဗျားကို စိတ်တောင် မကူးဘူး၊ ခင်ဗျားကိုယ် ခင်ဗျား သိပ်ပြီး အထင်ကြီးမနေနဲ့၊ အဲဒီလို သဘောမျိုးတွေ ပေါက်သွားတာပေါ့ကွ . . . အီစွတ်ရ"

တင်မောင်ဝင်းက အီစွတ်ကိုကြည့်ရင်း ရှင်းပြလိုက်သည်။

"ဟုတ်တယ် အီစွတ်ရ၊ မင်းက တောင်းပန်တာဆိုပေမယ့် အဲဒီလိုသဘောမျိုးကြီး ဖြစ်သွားတယ်၊ သူ့မာနကို ထပ်စော်ကားလိုက်သလိုပဲ"

'သက်တင်ကပါ ဝင်ပြော၏။

"အဲဒါတွေတော့ ငါ မသိဘူး၊ ငါက ရိုးရိုးသားသား တောင်းပန်လိုက်တာ၊ ငါ ပြောတာထဲမှာ ဘာမှားသွားလို့လဲ"

"မှားတာတော့ မပါဘူးပေါ့ အီစွတ် . . .၊ မိန်းကလေး တစ်ယောက်ကို အလောင်းအစားလုပ်ပြီး စသွားပေးတယ်ဆို ကတည်းက သူ ဘယ်လောက် ဒေါကန်မလဲ"

"ဒါတော့ ငါတို့အမှားပဲ၊ ဒေါကန်လည်း မတတ်နိုင်ဘူး တင်မောင်ဝင်းက စ,လောင်းတာလို့ ငါ ပြောခဲ့တယ်"

"သေပါတော့ကွာ"

"ဟေ့ကောင် တင်မောင်ဝင်း . . . ဘာမှ မပူနဲ့၊ ထား သက်လှိုင်က ညိုမင်းလွင်လို နာမည်ကြီး၊ ကောင်မလေးတိုင်း စိတ် ဝင်စားနေတဲ့ကောင်ကိုတောင်မှ သိတာမဟုတ်တာ၊ မင်းလိုကောင် တော့ သူ မသိဘူး"



"ဒါလည်း ဟုတ်တာပဲ"

ပြောရင်း တင်မောင်ဝင်းက လက်ဖက်ရည်ကြမ်းပန်းကန်ကို ကောက်ယူမော့သည်။

"မင်း . . . မင်းညီမ နိုင်နိုင်ဦးကို ပြောလိုက်သေးလား သက်တင်"

တင်မောင်ဝင်းက သက်တင်ကိုကြည့်ရင်း မေးသည်။ သက်တင်က ဆေးပေါ့လိပ်ကို မီးညှိဖွာရင်း . . .

"အေး . . . ပြောလိုက်တယ်"

ဟု ပြော၏။

"ဟာ . . . အဲ့ကုန် ရှုပ်ကုန်တော့မှာပဲ"

ညိုမင်းလွင့်နှုတ်မှ စိုးရိမ်စကား ထွက်လာသည်။

"မသိဘူးလေကွာ၊ ငါ့ညီမကတစ်ဆင့် တောင်းပန်စကား ပြောဖို့ မနေ့ကတော့ မင်းတို့ပဲ ပြောခိုင်းတော့ . . ."

"ကြည့်လည်း လုပ်ကြဦးနော်၊ ကိစ္စက သူ့ဘာသာ အေးအေးဆေးဆေး ဖြစ်နေပြီ၊ တောင်းပန်မှ ပိုဆိုးကုန်မယ်"

တင်မောင်ဝင်းက ချင့်ချင့်ချိန်ချိန် ပြောသည်။

"အမှန်တော့လည်းကွာ အီစွတ်ပြောလိုက်တာ ကောင်းတော့ကောင်းတယ်၊ ထားသက်လှိုင်က သူ့ဟာသူ အရမ်းထင်ပြီး အဝင်မြင့်ချင် မြင့်နေမှာ၊ ဒါမှမဟုတ်ဘဲ သူက တကယ်ပဲ ညိုမင်းလွင် သူ့ကို စိတ်ဝင်စားတယ်ထင်ပြီး စိတ်ကူးတွေယဉ် ဖီလင်တွေ တက်ဆို ဒုက္ခဖြစ်မှာ၊ အီစွတ်ပြောလိုက်တာ ပိုကောင်းတယ်"

သက်တင်က ပြောပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ခု စဉ်းစားတယ်"

"ဘာလဲ"

"ငါကိုယ်တိုင် တောင်းပန်လိုက်မယ်"

"ညိုမင်းလွင် မင်း တကယ် ပြောတာလား"

"အေးလေ"

"ကောင်မလေးတွေကို အထင်မကြီးတတ်တဲ့၊ တစ်ယောက်ပြီးတစ်ယောက် တွဲနေတဲ့ မင်းလိုကောင်က ထားသက်လှိုင်ကို တောင်းပန်စကား ပြောမယ်ဆိုလို့ အံ့ဩလို့ပါ"

"မဆိုင်ဘူး တင်မောင်ဝင်း၊ ဒါက ကိုယ်မှားထားတဲ့ကိစ္စကို ကိုယ် တောင်းပန်တာပဲကွ၊ အောက်ကျနောက်ကျနိုင်တယ်လို့ ငါ မထင်ဘူး"

"ဒါဆိုလည်း ပြီးတာပါပဲကွာ"

စီးကရက်ကို ရှိုက်ဖွာနေရင်း တင်မောင်ဝင်းက ပြောလိုက်၏။

"ရေနွေးကြမ်း"

ဟု သက်တင်က ရေနွေးကြမ်းအိုးကို မြှောက်ပြရင်း စားပွဲထိုးလေးကို လှမ်းတောင်းလိုက်သည်။

✿

ညနေပိုင်း ကျောင်းကနေ အဆောင်ကို တန်းမပြန်ဖြစ်၊ အေးအေးလွင်က လှည်းတန်းဈေးဘက် ခဏလျှောက်မည်ဆို၍



ထားသက်လှိုင် အဖော်လိုက်ခဲ့သည်။

လှည်းတန်းဈေးထဲမှာ အပ်ချုပ်ဆိုင် ဝင်ပြီး အေးအေးလွင်က အင်္ကျီရွေးသည်။ ပြီးတော့ သူတို့နှစ်ဦး မုန့်ဟင်းခါးစားရန် ဆကာကြီးမုန့်ဟင်းခါးဆိုင်ဘက်သို့ ထွက်ခဲ့သည်။

ထားသက်လှိုင်ကတော့ မုန့်ဟင်းခါးကို ကြိုက်ကြိုက်မက်မက် မရှိလှ။ အေးအေးလွင်က မုန့်ဟင်းခါး ကြိုက်သည်။ ပြီးတော့ မြစ်ဝကျွန်းပေါ် သူမှီ ဆကာကြီးမုန့်ဟင်းခါးကို ပိုကြိုက်သည် ပြော၏။

အေးအေးလွင်နှင့် မုန့်ဟင်းခါးစားတိုင်း လှည်းတန်းဈေးအကျော်မှာရှိသော ဆကာကြီးမုန့်ဟင်းခါးဆိုင်အထိ လျှောက်ပြီး စားဖြစ်စမြဲ။ မုန့်ဟင်းခါးစားပြီး ဆိုင်ထဲမှ နှစ်ယောက်အတူ ထွက်လာခဲ့၏။

သူတို့နှင့် မျက်နှာချင်းဆိုင် မလှမ်းမကမ်းမှာ ကားတစ်စီး ထိုးရပ်တာ သတိထားလိုက်မိသည်။

စူပါစလွန်းကား အဖြူလေး။ ကားရပ်ပြီး ကားပေါ်မှ ဆင်းလာသည့် အရပ်မြင့်မြင့် ဂျင်းဘောင်းဘီဝတ်ထားသည့် လူငယ်ဆီ အေးအေးလွင် အကြည့်ရောက်သွားသည်။

"ဟင် . . . ညိုမင်းလွင်"

ဟု နှုတ်မှထွက်ရင်း ထားသက်လှိုင်ကို ပခုံးချင်းတိုက်၏။ ထားသက်လှိုင်က ရှေ့ဝဲ့ရှုမှ လျှောက်လာသည့်သူကို ဖျတ်ခနဲ ကြည့်ရင်း . . .

"ငါတို့ကို တွေ့လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးသည်။

အေးအေးလွင်က ခေါင်းညိတ်ပြ၏။

"မတွေ့ချင်တဲ့သူနဲ့မှ တွေ့ရတယ်"

ပြောပြီး အကြည့်ကို လွှဲသည်။ သူတို့နှစ်ယောက်ကို စူးစိုက်

ကြည့်ရင်း လျှောက်လာမှန်း သိ၏။

"မထားသက်လှိုင်"

သူတို့ရှေ့အရောက်မှာ ရပ်ရင်း နှုတ်မှ နာမည်ကို ခေါ်

သည်။ ရှောင်ပြီး လှမ်းတော့မည့်ခြေလှမ်း တုံ့၏။ ပြီးတော့ မျက်နှာ

ဆီ အကြည့်ကို ပို့သည်။

"ကျွန်တော် ညိုမင်းလွင်ပါ မထားသက်လှိုင်"

မျက်နှာကို စူးစိုက်ကြည့်ရင်း သူ့ကိုယ်သူ မိတ်ဆက်သည်

အကြည့်ဆုံးဆဲမှာပင် စူးရှတောက်ပသည့် မျက်လုံးက အတော်လ

တာပဲဟု ထားသက်လှိုင် သတိထားဖြစ်သေး၏။

"ရှင်နဲ့ ကျွန်မ ဘာကိစ္စရှိလို့လဲ"

အသံကို ပုံမှန်ဖြစ်အောင် ကြိုးစားပြောသည်။ ရင်ထဲက

အလှုပ်အရှား မျက်နှာမှာ မပေါ်လွင်စေရဟု သတိထားနေရသည်

"မဟုတ်ပါဘူး မထားသက်လှိုင်၊ ကျွန်တော် တောင်းပ

ချင်လို့ပါ"

"တောင်းပန်စရာ မလိုပါဘူး"

"မဟုတ်ပါဘူး၊ ကျွန်တော့်သူငယ်ချင်းတွေ လုပ်တဲ့ကိစ္စ

မိန်းကလေးတစ်ယောက်ကို စော်ကားသလို ဖြစ်နေလို့ပါ"

"စော်ကားပြီးမှ တောင်းပန်လို့ ရရောလား"



"အဲဒီနေ့က ကျွန်တော် ရှိနေရင်လည်း အဲဒီလို မဖြစ်စေရ

ပါဘူး"

"တော်ပါတော့ရှင် . . . ရှင် တကယ်ကြိုက်တာ မတုတ်ဘဲ

ရှင့်သူငယ်ချင်းတွေ လောင်းကြေးစားကြေး လုပ်တာပါ ပြောခဲ့မလို့

လား၊ ဒီမှာ ကိုညိုမင်းလွင် . . . ရှင်က ကျွန်မကို စာပေးတယ်လို့

ရှင့်သူငယ်ချင်းတွေ လုပ်လိုက်ကြတာ၊ ရှင် တော်တော်သိက္ခာကျ

သွားသလား၊ ရှင့်လို စွံတဲ့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်က ကျွန်မကို

ကြိုက်တယ်လို့ ရှင့်သူငယ်ချင်းတွေ နောက်တာကို ရှင် မကျေနပ်ရင်

ရှင့်သူငယ်ချင်းတွေနဲ့ ရှင်း"

ပြောရင်းဆိုရင်း ရင်တွင်းက ခံစားချက်တွေ နှုတ်ဖျားမှ

ထွက်သွားသည်။ လက်မောင်းကို တင်းတင်းကျပ်ကျပ် ဆွဲဆုပ်ရင်း

အေးအေးလွင်က သတိပေး၏။ တကယ်တမ်း မပြောသင့်မှန်းသိ

လျက် ရင်တွင်းကစကားတွေ ထွက်သွားပြီဟု နားလည်သည်။

"မဟုတ်ပါဘူး မသက်ထားလှိုင်၊ ကျွန်တော် ပြောချင်တာ

အဲဒီသဘော မဟုတ်ပါဘူး၊ အဲဒီလိုလည်း သဘောပေါက် မလွဲစေ

ချင်ပါဘူး"

"တော်ပြီ . . . တော်ပြီ . . . ဒီကိစ္စ ရှင်တို့ ကျွန်မကို

ဘာမှ နောက်လာပြောစရာ မလိုဘူး၊ တောင်းပန်စရာလည်း မလို

ဘူး . . . လာ . . . အေးလွင် သွားမယ်"

အေးအေးလွင်လက်ကိုဆွဲကာ ညိုမင်းလွင်ကို ကျော်ပြီး

လျှောက်၏။

ညိုမင်းလွင်က အံ့အားသင့်ဟန် ရပ်ကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လှည်းတန်းဈေးရှေ့အထိ အေးအေးလွင်နှင့် ထားသက်လှိုင် တောၖမဆိုဖြစ်။ ရင်ထဲမှာ လှုပ်ရှားစိတ်ဖြင့် ဗလောင်ဆူသည်။

လေပူတစ်ချက်ကို မသက်မသာ မှုတ်ထုတ်လိုက်မိပြန်၏။

✿ ✿ ✿

[၅]

ဖွင့်ထားသည့် ပြတင်းတံခါးမှ လေဝေ့၍ ဝင်သည်။ သစ်ရွက်တို့ကို လေတိုးသံ ကြားနေရ၏။ မိုးသက်လေသည် အပြင်ဘက်မှာ ခပ်ကြမ်းကြမ်း တိုက်နေပြီလား မသိ။

ခုတင်ပေါ်မှာ ပက်လက်လှန်ရင်း ခြင်ထောင်အမိုးကို စူးစိုက်ကြည့်နေမိဆဲ။ ညိုမင်းလွင်ဆိုသည့် လူတစ်ယောက်၏မျက်နှာက အလိုလို ထင်သည်။ ယောင်ယမ်း၍ မျက်စိမှိတ်လိုက်သော်ငြား အမြင်အာရုံ၌ကား ထိုမျက်နှာက မပျောက်မပျက်။ မိမိအတွေးတို့ကို ယောက်ယက်ခတ်စေသူ၊ မိမိရင်ကို လှုပ်ခတ်စေသူဟု နားလည်ပြန်၏။

မိုးပေါက်ကလေးတွေ အိမ်အမိုးပေါ် ကျလာသံ ကြားရ

www.burmeseclassic.com

www.burmeseclassic.com



တော့ လှဲနေရာမှ လူးလဲထသည်။ ပြတင်းတံခါးကို ပိတ်မည်ဟု သွားသည်။ ပြတင်းတံခါးဆီ မရောက်ခင်မှာ အကြည့်က အေးအေးလွင်ခုတင်ဆီ ရောက်သွား၏။

ခုတင်ပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော အေးအေးလွင်ကို တွေ့သည်။ အေးအေးလွင်ခုတင်ဆီသွားပြီး ခြင်ထောင်ချပေးလိုက်၏။ ခြင်ထောင်ကို အသေအချာ ညှပ်ပေးပြီး အေးအေးလွင်ခုတင်ဘေး စားပွဲပေါ်မှ မီးခလုတ်ကို ပိတ်ပေးလိုက်သည်။

ပြီးမှ ပြတင်းတံခါးရှိရာဆီ သွားသည်။ တံခါးကို ချက်ချင်း မပိတ်ဖြစ်သေးဘဲ အပြင်ကို ငေးမောရပ်နေလိုက်မိ၏။ မိုးသက်လေတစ်ချက် ဝေ့ပက်သွားသည်။ မိုးမှုန်ကလေးများ မျက်နှာကို ထိစင်အေးမြ၏။

လျှပ်စီးလင်းတန်းတစ်ခုက အမှောင်ထုထဲမှာ ဖြတ်သွားသည်။ မိုးစက်များ အမိုးပေါ်ကျသံ၊ သစ်ရွက်တွေပေါ်ကျသံတို့ ပို၍ စိပ်လာသည်။ မကြာမီမှာ သဲသဲမဲမဲ ရွာမည့်မိုးဟု ထားသက်လှိုင် ထင်၏။

အမှောင်ထုကို ငေးနေခိုက်မှာလည်း ညိုမြင်းလွင်၏ သဏ္ဌာန်က ဖျတ်ခနဲ ထင်ပြန်သည်။ ထိုသဏ္ဌာန်က မိမိကို နှိပ်စက်နေပြီ ထင်၏။ ခံပြင်းခြင်း၊ ဒေါသထွက်ခြင်း၊ မကျေမနပ်ဖြစ်ခြင်းတို့ ရောမွှေကာ ရင်သည် တင်းကျပ်လွန်းလျက် ခံစားရခက်ပြန်သည်။

ညိုမြင်းလွင်ဆိုသည့် ယောကျ်ားတစ်ယောက်အတွက် မိမိသည် ကစားစရာတစ်ခုနှယ် ဖြစ်သွားလေပြီလား။ သုံးရက်အတွင်း ပြန်ကြိုက်ရမည်ဟု လောင်းပြီဆိုတော့ ညိုမြင်းလွင်ကို အသေရရှ



အရှင်ရရ စောင့်ဆိုင်းပြီးဖမ်းချင်နေကြသည့် မိန်းမတွေထဲမှာ မိမိပါနေပြီဟု ဆိုချင်ပါသလား။

ညိုမြင်းလွင်၏ စိတ်ဝင်စားခြင်း ခံရမှုကို ဆုလာဘ်ကြီးတစ်ပါးပမာ စောင့်စားမျှော်ကိုး၊ တိတ်တခိုး ရင်ခုန်နေသည့် မိန်းမဟု ယူဆလိုက်ပြီထင်ရင်း ခံပြင်းရသည်။

ကြည့်စမ်း . . .

ညိုမြင်းလွင်က တကယ်ကြိုက်တာ မဟုတ်ပါဘူး၊ သူ ဘာမှ မသိရပါဘူးဆိုသည့် တောင်းပန်စကားက၊ မိန်းမသားမာနကို ထိပါးပြန်ပြီ တွေးရင်း နာကျင်ရသည်။

ညိုမြင်းလွင်လိုလူမျိုးက ခင်ဗျားကို တကယ်ကြိုက်တာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်မကြီးနဲ့၊ ကျွန်တော်တို့ဘာသာ အပျော်လောင်းကြတာဟု အဓိပ္ပာယ်ထွက်သည့် တောင်းပန်စကားပါလားဟု တစိမ့်စိမ့်တွေးကာ မကျေနပ်ချင်ပြန်။

ကိုယ်တိုင် တောင်းပန်တော့လည်း ထားသက်လှိုင်ရင်၌ မရှင်း။ ပို၍ တင်းကျပ် နာကျင်ရပြန်သည်။

ချစ်သည်ကို ချစ်သည်ဟုအပြောခံရသော မိန်းကလေးဘဝသည် မထူးဆန်းသော်ငြား၊ မချစ်သည့်အတွက် မချစ်ပါဟု အပြောခံရသော မိန်းကလေး၏အဖြစ်က အစော်ကားခံရသလိုပင်။

ညိုမြင်းလွင်၏ တောင်းပန်စကားတို့က ချိုသာယဉ်ကျေးသော်လည်း မိမိဘဝကို မိမိမာနကို ထိပါးစော်ကားသည့် စကားများဟုပင် ထားသက်လှိုင် ထင်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



သည်အထင်၊ သည်အတွေးတို့က နှလုံးသွေးကို ပူလောင်စေပြန်ပါရော။ ဝေ့ပက်လိုက်သော လေတစ်ချက်မှာ မိုးစက်တို့မျက်နှာကို ထိစင်တော့ ရုတ်တရက် အတွေးကို ဖြတ်သည်။

လေကို တစ်ဝရှူလျှက် သက်ပြင်းကို ချမိပြန်၏။

ပြတင်းတံခါးကို ဆွဲပိတ်လိုက်သည်။

အလိုလို ဆို့တက်လာသော ရှိုက်သံကို မဟန့်တားလိုက်နိုင်တော့။ အိပ်ရာပေါ် ပြေးပြီး အားပါးတရ ငိုချနေလိုက်မိတော့သည်။

သူ့စိမ်းယောက်ျားတစ်ယောက်နှင့်ပတ်သက်၍ ပထမဆုံး ကျရသည့် မျက်ရည်ပါလားဟု မှတ်မှတ်ထင်ထင် ရှိပြန်၏။

မိုးချုန်းသံတစ်ချက်ကို ကြားရပြန်သည်။

အပြင်မှာ မိုးသည်းနေပြီလား။

✿ ✿ ✿

[၄]

ညိုမင်းလွင်၏ ပြောစကားကို အားလုံးက နားစွင့်နေကြသည်။ ညိုမင်းလွင်၏ စကားအဆုံးမှာ . . .

"မင်း တကယ်ပြောနေတာလား၊ စိတ်ကူးယဉ်နေတာလား"

ဟု တင်မောင်ဝင်းက မေးလိုက်၏။

"တကယ်ပြောတာကွ"

"မနေ့က ကျောင်းက အပြန်လား"

ဟု အီစွတ်က မေးသည်။

"ဟုတ်တယ်၊ ကျောင်းကအပြန်မှာ ကိစ္စရှိလို့ လှည်းတန်းဈေးဘက်ကို ကားအဖြတ်မှာ တွေ့တာကွ၊ သူတို့က မျက်နှာချင်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာတာ၊ သူတို့မြင်လို့ ကားရပ်ပြီး ကားပေါ်က ငါ ဆင်းလိုက်တာ"

"မင်း တောင်းပန်တာကို သူက ကျေနပ်ပုံ မရဘူးလား"

"မရဘူး သက်တင်၊ သူ တော်တော် ဒေါသထွက်နေပုံပဲ၊ သူ့မျက်နှာကိုကြည့်ပြီး ငါ စိတ်မကောင်း ဖြစ်သွားတယ်၊ မျက်နှာလေးက တကယ်ရိုးတာပဲကွ၊ တကယ့်အပြစ်ကင်းစင်တဲ့ ကလေးတစ်ယောက်လိုပဲ"

ပြောရင်း စီးကရက်ကို ထိုးခြေပြီး အပြင်ကို တောက်လိုက်၏။

"ဘာလဲ . . . မင်း စိတ်ဝင်စားပြန်ပြီလား"

"မဟုတ်ဘူး အီစွတ်၊ သူ့ကို နောက်လိုက်မိတာကို ငါ တော်တော်စိတ်မကောင်း ဖြစ်သွားရတာ"

"တောင်းပန်ပြီးပြီပဲကွာ၊ တောင်းပန်တာမှ မကျေနပ်လည်း ဘယ်တတ်နိုင်ပါ့မလဲ"

"အစကတော့ ငါလည်း ဒီလိုပဲ သဘောထားတာပဲ တင်မောင့်ဝင်း၊ ကိုယ့်ဘက်က တာဝန်ကျေအောင် တောင်းပန်မယ်၊ ကျေနပ်တာ မကျေနပ်တာ ငါ ထည့်မစဉ်းစားမိဘူး၊ ဒါပေမဲ့ သူ့မျက်နှာ မြင်လိုက်ရတော့ တစ်ခုခုကို ခံစားသွားရသလိုပဲ"

"လုပ်ပြန်ပြီ"

အီစွတ်က ရယ်ရင်း ပြော၏။

"ထားသက်လှိုင်က မချောတာ မဟုတ်ဘူးကွ၊ ပြင်တာဆင်တာ ဘာမှမရှိဘဲ ရိုးလွန်းတော့ ပုံက တောဆန်နေတာ"



ရေနွေးကြမ်းပန်းကန်ကို လှမ်းယူရင်း ညိုမင်းလွင် ပြောလိုက်တော့ ညိုမင်းလွင့်မျက်နှာကို သူငယ်ချင်းတွေက လှမ်းကြည့်သည်။

"ဟော့ကောင် . . . မင်း ထားသက်လှိုင်ကို တကယ်စိတ်ဝင်စားနေပြီလား"

"မင်းတွဲနေတဲ့ ကောင်မလေးတွေနဲ့တော့ တခြားစီပါကွာ"

ရေနွေးကြမ်းကို မော့သောက်ပြီး ပန်းကန်ကို ပြန်ချကာ ညိုမင်းလွင်က ဘာမှ ပြန်မပြော။

"မျက်လုံးတွေက ဘာမှ မခြယ်မဆိုးဘဲ သိပ်လှတာပဲကွ၊ အထူးခြားဆုံးက သူ့နှုတ်ခမ်းပဲ"

"မျက်နှာချင်းဆိုင် ခဏလေးဆုံတာနဲ့ပဲ မင်း ဒါတွေ သတိထားမိလား ညိုမင်းလွင်"

အီစွတ်က မေးသည်။

ပြုံးရင်း ညိုမင်းလွင် ခေါင်းကိုညိတ်၏။

"တည်ငြိမ်အေးချမ်းမှုကို သူ့မျက်နှာမှာ ငါ တွေ့လိုက်တယ်ကွာ"

"သွားပြီ . . . ညိုမင်းလွင်၊ နောက်ဆုံးတော့ ထားသက်လှိုင်ကို မင်း တကယ်ကြိုက်သွားနိုင်တယ်"

ဟု သက်တင်က ပြောလိုက်၏။

ညိုမင်းလွင်က စီးကရက်အသစ်တစ်လိပ်ကို ဘူးထဲမှ ထုတ်ယူလိုက်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၅]

စာသင်ခန်းသို့သွားရာ လမ်းချိုးထိပ်၌ အုတ်ခုံရှိသည်။ ထိုအုတ်ခုံဆီ အကြည့်ရောက်ခိုက်မှာ ညိုမင်းလွင်တို့အုပ်စု ထိုင်နေတာ တွေ့၏။

"အေးအေးလွင် ဟိုမှာ . . . "

"ဘာလဲ ထား"

"ဟိုအုပ်စုလေ"

"ညိုမင်းလွင်တို့လား"

"ဟုတ်တယ်"

အေးအေးလွင်က အုတ်ခုံဆီ လှမ်းကြည့်သည်။ ပြီးတော့

. . .

www.burmeseclassic.com

www.burmeseclassic.com



"နင် ကြောက်နေလား ထား"

ဟု ထားသက်လှိုင်ကို မေးသည်။

"ကြောက်တာတော့ မဟုတ်ပါဘူး၊ ငါ သူတို့ကို ရွံတာပဲ ဖြစ်မယ်"

"အေးလေ . . . ကိုယ့်ကို စော်ကားထားတဲ့သူကို ရွံတာ မဆန်းပါဘူး"

"မျက်နှာချင်းကို မဆိုင်ချင်တာ အေးလွင်"

"နေဦး . . . ငါ ဘုကြည့် ကြည့်ပေးလိုက်မယ်"

"အဖက်လုပ်ပြီး ကြည့်မနေစမ်းပါနဲ့ အေးလွင်ရာ"

အုတ်ခုံဆီရောက်တော့ အကြည့်တစ်ချက်ကို ဖျတ်ခနဲ ဝေ့ပြီး မျက်နှာကိုတင်းကာ ရှေ့တူရူကို ကြည့်သည်။ ညိုမင်းလွင်နှင့် သူ့သူငယ်ချင်းသုံးဦးကို တွေ့၏။ နှစ်ဦးက အုတ်ခုံပေါ်မှာ ထိုင်နေပြီး နှစ်ဦးက မတ်တတ်ရပ်နေကြသည်။ သူတို့နှစ်ယောက်အနားကို ရောက်လာစဉ်မှာ စကားရပ်သွားကြပြီး အားလုံးအကြည့်က သူတို့ဆီ ရောက်နေမည် ထင်လိုက်သည်။

အုတ်ခုံကို ကျော်သွားစဉ်မှာ . . .

"မျက်နှာကြောက တင်းနေတာပဲ ညိုမင်းလွင်"

ဆိုသည့်အသံကို ကြားလိုက်ရ၏။

"ဒီတစ်ခါတော့ သုံးလနဲ့မရတဲ့ဘက်က ငါ လောင်းမယ်၊ မင်း လိုက်ကြည့်"

ဆိုသည့် အသံကြောင့် ရင်ထဲမှာ ပူခနဲ ဖြစ်သွားသည်။ ဒေါသကြောင့် ရင်သည် လှုပ်ခတ်ချင်၏။



"ဆောရီး . . . ဆောရီး"

တစ်စုံတစ်ယောက်က ဟန့်လိုက်သဖြင့် တောင်းပန်သံ တိုးတိုးကိုလည်း ကြားလိုက်ရပြန်သည်။

"ဒီကောင်တွေ ပါးစပ်ကို အငြိမ် မနေနိုင်ကြဘူး"

အေးအေးလွင်က ထားသက်လှိုင်ကို မကြည့်ဘဲ ပြောလိုက်၏။ ထားသက်လှိုင်က ဘာမှ ပြန်မပြောမိ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၈]

သုံးလေးရက်လောက် ထိုအုတ်ခုံမှာ ညိုမင်းလွင် ထိုင်နေတတ်တာ တွေ့ရပြီးနောက် အုတ်ခုံကို လှမ်းမြင်နိုင်သည့်နေရာရောက်တိုင်း ထားသက်လှိုင် ထိုအုတ်ခုံဆီ လှမ်းကြည့်စမြဲ။ သူတို့အုပ်စု လူမစုံလျှင် ရှိမည်။ ထိုအထဲမှာ ညိုမင်းလွင်ကတော့ ပါမြဲပင်။ ခပ်လှမ်းလှမ်းက ကြည့်ပြီးသည်နှင့် ထားသက်လှိုင်အကြည့်ကို တူရူသာပို့ပြီး မျက်နှာထားတင်းကာ လျှောက်စမြဲ။

"ဒီကောင်တွေ နင့်ကို စောင့်စောင့်ကြည့်နေတာလား မသိဘူး ထား"

အေးအေးလွင်က သတိထားမိရင်း စကားစသည်။

"ဘာဆိုင်လဲ အေးလွင်ရာ၊ သူတို့ဘာသာ ထိုင်တာဖြစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ထား၊ တို့နှစ်ယောက် ဖြတ်သွားပြီးရင် သူတို့ သည်း ဒီမှာမရှိတော့ဘူး"

စာသင်ခန်းထဲ ရောက်လျှင်သော်လည်းကောင်း၊ကင်းတင်းမှသော်လည်းကောင်း အုတ်ခုံကို လှမ်းမြင်နိုင်သည့်နေရာမှ ထားသက်လှိုင် ထိုအုတ်ခုံကို လှမ်းကြည့်ခဲ့ဖူးသည်။ သူတို့ဖြတ်သွားပြီး သိပ်မကြာခင်မှာပင် ထိုအုပ်စုမရှိတော့တာ ထားသက်လှိုင်လည်း သတိထားမိ၏။

"နောက်ပြီး . . . ငါတို့ ကင်းတင်းဝင်တိုင်းမှာ မလှမ်းမကမ်းစားပွဲမှာ ညိုမြင်းလွင်ကို တွေ့နေရတယ်"

"တော်ပါတော့ အေးအေးလွင်ရာ၊ သူ့ဘာသာ ကင်းတင်းလာတာ ဖြစ်မှာပါ"

အေးအေးလွင်က ဘာမှ ဆက်မပြောတော့။

သည်နောက်ပိုင်းမှာ ညိုမြင်းလွင်ကို တွေ့ရမြင်ရ စိပ်လာတာတော့ ထားသက်လှိုင် ဝန်ခံရမည်။ မြင်သာ တွေ့သာသည့် မလှမ်းမကမ်းမှာ ညိုမြင်းလွင် ရှိနေတတ်သည်။

နောက်ဆုံးနှစ်ချင်း တူသော်လည်း ညိုမြင်းလွင်တို့နှင့် မေဂျာ မတူ။ ဖတန်းတက်ရတာ တူသော်ငြားလည်း အတန်းလွတ်ချိန်တွေမှာ ညိုမြင်းလွင်ကို တွေ့နေရမြဲ၊ တစ်ခါတစ်ရံ သူတို့အုပ်စု တစ်စုလုံးဖြစ်၍ တစ်ခါတစ်ရံမှာ ညိုမြင်းလွင်နှင့် နောက်တစ်ယောက် ဖြစ်နေတတ်သည်။

ထားသက်လှိုင်တို့အုပ်စု ကင်းတင်းဆင်းချိန်နှင့် မရှေး



မနှောင်းမှာ ညိုမြင်းလွင်တို့အုပ်စု ရောက်လာတတ်စမြဲ။

စားပွဲချင်း သိပ်မလှမ်းလျှင် ညိုမြင်းလွင်ကို ထားသက်လှိုင်နှင့် စသံနောက်သံများ ကြားနေရတတ်သည်။ ထိထိရောက်ရောက် ရဲရဲဝံ့ဝံ့ နောက်ပြောင်ခြင်းမျိုးတော့ မဟုတ်။ ထိုအခါများမှာ ညိုမြင်းလွင်၏ တောင်းပန်သံ ဟန့်တားသံမျိုးကိုလည်း ထားသက်လှိုင် သတိထားဖြစ်ခဲ့သည်ပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၉]

အဆောင်ရောက်ရောက်ချင်း နေ့လယ်က ရောက်နေသည်ဆိုသော စာတစ်စောင်ကို လာပေးသည်။ ထားသက်လှိုင်က အိမ်က စာဖြစ်မည်တွေးရင်း လှမ်းယူလိုက်၏။

စာအိတ်ပေါ်မှ လက်ရေးကို မြင်ရတော့ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သည်။ သူတစ်ခါမျှ မမြင်ဖူးသော လက်ရေးဟု သိ၏။ သူ့အမေ၊ အဖေနှင့် ညီမလေးတို့လက်ရေး မဟုတ်။ စာအိတ်နောက်ကျောကို လှန်ကြည့်လိုက်စဉ် ညိုမင်းလွင်ဟု ထောင့်မှာရေးထားသော စာလုံးကိုတွေ့လျက် မှင်တက်မိသွားသလို။ အာရုံမှာ ညိုမင်းလွင်၏မျက်နှာ ပေါ်လာသည်။

သူ ငါ့ဆီကို စာရေးစရာ ဘာအကြောင်းရှိပါသလဲ။ သူ

www.burmeseclassic.com

www.burmeseclassic.com



စာရေးနိုင်လောက်အောင် စိတ်ဝင်စားရမည့် မိန်းကလေးထဲမှာ ငါ မပါနိုင်ဟု တွေးသည်။

အခန်းထဲရောက်တော့ စာအိတ်ကို ဖောက်လိုက်၏။

“ဘယ်သူ့ဆီကလဲ”

အေးအေးလွင့်အမေးကို မကြားဟန်ပြုကာ ထားသက်လှိုင် ပြန်မဖြေမိ။ အေးအေးလွင် အခန်းအပြင် ထွက်သွားသည်။ စာအိတ်ထဲမှ စာရွက်ပန်းနုရောင်ကို ဖြန့်ဖတ်လိုက်၏။

မထားသက်လှိုင် ...

ကျွန်တော့်စာကိုတော့ ဆုံးအောင် ဖတ်စေချင်ပါတယ်။ ကျွန်တော့်ကို နာကြည်းမုန်းတီးမိတဲ့ ကျွန်တော့်စာကို ဆုံးအောင် မဖတ်ဖြစ်မှာကို ကျွန်တော် အစိုးရိမ်ဆုံးပါပဲ မထားသက်လှိုင်။

ကျွန်တော် ဒီလိုစာမျိုး ဘယ်တုန်းကမှ မရေးခဲ့မိပါဘူး၊ ကျွန်တော့်ရင်ထဲမှာ ဝန်ထုပ်ဝန်ပိုးတစ်ခုလို လေးလံနေလွန်းလို့ သက်သာလို သက်သာငြား ဒီစာကို ကျွန်တော် ရေးခဲ့တာပါ။

ဖြစ်ပြီးခဲ့တဲ့ကိစ္စအတွက်တော့ ကျွန်တော် ဘာမှ ထပ်ပြီး တောင်းပန်စကား မဆိုပါရစေနဲ့တော့။ အပြစ်တစ်ခုလုပ်မိတဲ့သူကို တောင်းပန်ရုံနဲ့ မကျေနပ်နိုင်ခွင့် မထားသက်လှိုင်မှာ ရှိပါတယ်။

မထားသက်လှိုင်လို တည်ငြိမ်အေးဆေးတဲ့ မိန်းကလေးတစ်ယောက်ကို စခဲ့နောက်ခဲ့မိတာ ကျွန်တော့်ရဲ့အမှားပါလို့ ကျွန်တော် နောင်တရနေပါတယ်။



ကျွန်တော့်ကို တွေ့ရင်မြင်ရင် ရန်သူတစ်ယောက်လို မျက်နှာကြီး တင်းထားတာ တွေ့ရတော့ ကျွန်တော် မိတ်မကောင်းဘူး၊ ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်လို အစ်ကိုရင်းတစ်ယောက်လို ရင်းနှီးခင်မင်စေ ချင်ပါတယ်။

ဒီစကားတွေကို ပြောချင်လို့ ကျွန်တော် မထားသက်လှိုင်နဲ့ စကားပြောနိုင်ဖို့အတွက် ကြိုးစားကြည့်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို မြင်ရရင်ပဲ မထားသက်လှိုင်ရဲ့ မျက်နှာထားက တင်လွန်း တည်လွန်းတော့ ကျွန်တော် စကားမပြောရဲခဲ့ပါဘူး။ (

ကျွန်တော် မထားသက်လှိုင်နဲ့ ဆင်ခြေပေးနိုင်ခွင့်ကို ရချင်ပါတယ် ဒီစကားဟာ ရင်ထဲကလာတဲ့ စကားပါ။

အလေးအနက် ပြောတယ်လို့ ယုံကြည်စေချင်ပါတယ်။

နောက်တွေ့ရင် ကျွန်တော် နှုတ်ဆက်ပါရစေ၊ ကျွန်တော့်ကို ရန်တွေ့စကားပြစ်ပြစ် မထားသက်လှိုင် ပြောလိုက်စေပါ၊ ကျွန်တော့် ရင်ထဲက အပြစ်တွေ အစွန်းအထင်းတွေကို မထားသက်လှိုင်ရဲ့ အဲဒီလို ရန်တွေ့စကားတွေနဲ့ ဆေးကြောပေါ့ပါးသွားချင်ပါတယ်။

ကျွန်တော် ထပ်ပြောပါရစေ ...နောက်တွေ့ရင် ကျွန်တော် မိတ်ဆွေတစ်ယောက်လို ပြောဆိုနှုတ်ဆက်ချင်ပါတယ်၊ ကျွန်တော့်ကို လည်း မိတ်ဆွေရင်းချာလို၊ အစ်ကိုရင်းတစ်ယောက်လို သဘောထားဖို့ တောင်းပန်ပါတယ် မထားသက်လှိုင်။

မထားသက်လှိုင်ရဲ့ ရိုးသားတည်ကြည်မှုကို လေးစားလျက် ...

ဆိုမြမှင်

www.burmeseclassic.com

www.burmeseclassic.com



စာဆုံးသွားတော့ သက်ပြင်းငွေ့ငွေ့ကို အလိုလိုချဖြစ်သွား သည်။ စာကိုခေါက်ပြီး စာအိတ်ထဲထည့်စဉ်မှာ အေးအေးလွင် ဝင်လာ၏။

"ရော့ . . . အေးလွင်"

ဟု ထားသက်လှိုင်က အေးအေးလွင်ကို စာလှမ်းပေးလိုက် သည်။

"ဘယ်သူ့စာလဲ"

"ညိုမင်းလွင်"

"ညိုမင်းလွင်ဆီကစာ ဟုတ်လား"

အေးအေးလွင်နှုတ်မှ အံ့ဩစကား ထွက်လာ၏။ ထား သက်လှိုင် ခေါင်းညိတ်ပြလိုက်သည်။

"ဒီကောင် ဘာညာဏ် များပြန်ပြီလဲ မသိဘူး"

သံသယစကား ထွက်လာရင်း စာအိတ်ကို လှမ်းယူသည်။ အေးအေးလွင် စာကိုထုတ်ပြီး ဖတ်နေစဉ်မှာ ထားသက်လှိုင် ခုတင် ပေါ် ပစ်လှဲရင်း မျက်စိကို မှိတ်ထားလိုက်မိ၏။

"စာဖတ်ရင်း သူ့တောင် သနားရတော့မလိုပဲ"

ခပ်ပြုံးပြုံးပြောရင်း စာအိတ်ကို ခုတင်ဘေးမှာ စားပွဲပေါ် တင်သည်။ ခုတင်ပေါ်မှာ လှဲနေရာမှ ထားသက်လှိုင် ထိုင်လိုက်၏။

"သူ နင့်ကို တကယ်ခင်ချင်လို့ ရေးတဲ့စာပါ"

အေးအေးလွင်က မှတ်ချက်ပေးသည်။

"နင် အဲဒီလိုပဲ ထင်လား"

"အင်းလေ . . . စာထဲမှာ ရေးထားတာ ရှင်းနေတာပဲ



ငါက စာတိုက်ကနေ ရည်းစားစာ ပို့တာလားလို့"

"ငါက တစ်မျိုးတွေးမိလို့ အေးလွင်"

"ဘယ်လိုလဲ ထား"

"ရင်းနှီးမှုရအောင် စ,ယူတာ မဖြစ်နိုင်ဘူးလား"

"ဘယ်လို . . . ဘယ်လို"

"မခံချင်စိတ်နဲ့ ငါ့ကို မရ,ရအောင် ကြံပြမယ်ဆိုတဲ့သဘော မဖြစ်နိုင်ဘူးလား၊ အဲဒီလိုစိတ်ကူးနဲ့ ဒါ ပထမခြေလှမ်းလေ"

"နင် သူ့အပေါ်မှာ သက်သက် သံသယတွေ ဝင်နေတာပါ ထားရယ်"

"မဟုတ်ဘူးလေ အေးလွင်၊ သူလည်း သူ့မာနကို ထိလို့ မခံချင်တဲ့သဘောနဲ့ ငါ မရ,ရအောင်လိုက်ပြမယ်ဆိုတဲ့ စိတ်ကူးမျိုး ရှိနိုင်တာပဲ"

"ဒါပေမဲ့ဟာ ငါတော့ အဲဒီလို မထင်ဘူး၊ ဒီစာကတော့ အရိုးခံသဘောပါ၊ ငါတော့ အဲဒီလိုပဲ ထင်တယ် ထား"

ထားသက်လှိုင်က ဘာမှပြန်မပြောတော့ဘဲ ပြတင်းဆီကို ငေးရီကြည့်နေလိုက်တော့၏။ နေလုံးကွယ်စ အလင်းဖျော့သည် ပြတင်းမှတစ်ဆင့် အခန်းထဲသို့ ဝင်နေသည်။

အပြင်မှာ လင်းလင်းထင်းထင်း ရှိနေဦးမည် ဖြစ်သော် လည်း သူတို့အခန်းကျဉ်းကလေးထဲမှာတော့ ထိုအလင်းဖျော့က လုံလောက်သည့် အလင်းရောင်ကို မပေးနိုင်ရှာတော့။

ခဏအကြာမှာ မီးဖွင့်ရတော့မည်ပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၀]

"မင်း တကယ်ပြောနေတာလား ညိုမင်းလွင်"

တင်မောင်ဝင်းက မယုံသလို ကြည့်ရင်း မေးသည်။ စီးကရက်မီးခိုးကို မှုတ်ထုတ်ရင်း ညိုမင်းလွင်က တင်မောင်ဝင်း မျက်နှာကို လှမ်းကြည့်လိုက်၏။

"မင်း ဟိုကောင်တွေကို လျှောက်မပြောနဲ့နော်"

"အေးပါ . . . မပြောပါဘူး၊ မင်း စာထည့်လိုက်တယ် ဆိုတာ ငါတော့ မယုံချင်ဘူး"

"တကယ်ပြောတာ တင်မောင်ဝင်း၊ အဓိစ္စတ်တို့ သိရင်တော့ ငါ့ကို လှောင်ကြဦးမယ်"

"မင်း ဘာတွေ ရေးလိုက်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ ရင်းနှီးချင်တယ်ဆိုတဲ့ အကြောင်းပေါ့ကွာ၊ တွေ့ရင်ခေါ်ပါ ပြောပါပေါ့။ မျက်နှာကြောကြီး တင်းမထားပါနဲ့ပေါ့"

တင်မောင်ဝင်းက ဆေးပေါ့လိပ်ကို မီးညှိဖွာလိုက်၏။

"မင်း ထားသက်လှိုင်ကို စာကယ်စိတ်ဝင်စားနေပြီ ညှိုမင်းလွင်"

မီးခိုးကို မှုတ်ထုတ်ရင်း ပြောလိုက်သည်။

"ငါ့ကိုယ်ငါလည်း အံ့သြနေမိတာတော့ အမှန်ပဲ . . ."

"မင်းကွာ . . . ကောင်မလေးချောချောလေးတွေနဲ့ တွဲနေတာ ဒီလောက် တစ်ခါမှ အဖြစ်မသည်းခဲ့ဘူး"

"ဟုတ်တယ် . . . ငါတစ်ခါမှ ဒီလောက် အောက်ကျမခံခဲ့မိဘူး၊ ခင်မင်မှုရဖို့ မပြောနဲ့ ချစ်ဖို့တောင် အောက်ကျခံပြီး မတောင်းပန်မိဘူးကွာ"

တင်မောင်ဝင်းက ဆေးလိပ်ပြာကို ခြွေသည်။ ညှိုမင်းလွင်က ရေ့မှာချထားသည့် ရေနွေးကြမ်းပန်းကန်ကို ကောက်ပြီး တစ်ကျိုက်သောက်၏။

"ငါ တစ်ခုစဉ်းစားမိတယ် ညှိုမင်းလွင်"

"ပြောပါဦး"

"မင်းက ဘယ်ကောင်မလေးမှ အောက်ကျခံခဲ့တဲ့ကောင် မဟုတ်ဘူး၊ ပြောရရင် ခပ်လွယ်လွယ်နဲ့ မင်းကို ပြန်ကြိုက်တာခံခဲ့ရတဲ့ကောင်၊ ထားသက်လှိုင်ကျတော့ မင်းကို နည်းနည်းလေးမှ စိတ်ဝင်စားဟန် မပြဘူး၊ ဟုတ်တယ်နော်"

"အင်း . . . ပြောပါဦး"



"အဲဒါကို မခံချင်စိတ်နဲ့ မင်း . . . ရအောင် ကြိုးစားကြည့်တောလား"

ညှိုမင်းလွင်က စဉ်းစားဟန် ပြုသည်။ စီးကရက်တိုကို ပွဲမှာ ထိုးခြေသည်။

"မခံချင်စိတ်တော့ ရှိတာပေါ့ကွာ၊ ဒါပေမယ့် ငါ သူ့ကို အောင်ကြံပြမယ်ဆိုတဲ့ စိတ်ကူးမျိုးတော့ မရှိဘူးကွ . . . င်မောင်ဝင်း"

"မင်းမာနကို သိလို့ မင်း မခံချင်ဖြစ်ပြီး စွတ်လုပ်နေတား လို့"

"အဲဒီလိုလည်း သူ့အပေါ်မှာ ငါ ခံပြင်းစိတ်မရှိတာ အမှန် တင်မောင်ဝင်း"

တင်မောင်ဝင်းက ပြုံးသည်။

"ဒါဆိုရင်တော့ အချစ်စစ် အချစ်မှန်ဆိုတာ အခုမှ တွေ့ သဘောလို့ ပြောရမလို ဖြစ်နေပြီ ညှိုမင်းလွင်"

"ငါ့စိတ်ထဲမှာ ထားသက်လှိုင် ခဏခဏ ရောက်နေတာ ့ သေချာတယ်"

"ဒါဆို မင်း သူ့ကို ချစ်နေပြီလား"

တင်မောင်ဝင်းအမေးကြောင့် တင်မောင်ဝင်း၏မျက်နှာ ညှိုမင်းလွင် တွေပြီး ကြည့်ဖြစ်သည်။

"ငါ မသိဘူး တင်မောင်ဝင်း"

စကားသံက ခြောက်ခြောက်ကပ်ကပ် ထွက်လာတော့၏။ နှစ်ဦးစလုံး စကားမပြောဖြစ်ဘဲ ခဏငြိမ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖွံ့ကျနေသော မိုးစက်ကလေးများကို ညိုမင်းလွင် ငေး
ကြည့်မိရင်း သက်ပြင်းကို အလိုလို ချလိုက်မိပြန်၏။

✿ ✿ ✿

[၁၁]

"မထားသက်လှိုင်"

ဘေးချင်းယှဉ်ရပ်ရင်း ခေါ်သံအကြားမှာ ထီးကို စောင်း
ငံ့ပြီး ကြည့်ဖြစ်သည်။ ဂျင်းဘောင်းဘီနှင့် အင်္ကျီလက်ရှည် အပြာနု
ရောင်သည် မိုးစိုရွှဲလျက်ရှိ၏။ မိုးရေတို့ ရွှဲနစ်နေသော သူ့ဆံပင်
ညှ်ကို လက်နှစ်ဖက်ဖြင့် သပ်တင်နေတာ တွေ့သည်။

"ရှင် . . . ဘာလုပ်တာလဲ"

တစ်ကိုယ်လုံး ရွှဲစိုနေသော ညိုမင်းလွင်ကို ကြည့်ရင်း ထား
သက်လှိုင် မေးလိုက်သည်။ အသံအကြားမှာ ရှေ့နားက လျှောက်
သည့် အေးအေးလွင်က ပြန်ကြည့်ရင်း စောင့်သည်။

"ကျွန်တော် မထားသက်လှိုင်တို့ကို တွေ့လို့ လက်ဖက်ရည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲက ထလာတာ"

မိုးစက်များ မျက်နှာပေါ် ကျလာသည်ကို လက်ဖြင့် ဖယ်ရှားသည်။

"ဘာကိစ္စရှိလို့လဲ"

လေအဝေ့မှာ လွင့်ချင်သည့်ထီးကို အားပြုကိုင်ရင်း မေး၏။

"ကျွန်တော် ထည့်လိုက်တဲ့စာ ရလားဟင်"

"ရပါတယ်"

"ကျွန်တော့်အပေါ် ဒေါသဖြစ်နေတုန်းလား မထားသက်လှိုင်"

"ဒေါသဖြစ်နေတယ်လို့ ကျွန်မ ရှင့်ကို ပြောဖူးလို့လား"

"မဟုတ်ဘူးလေ . . မျက်နှာကြည့်ရင် သိတာပဲ၊ ကျွန်တော်နဲ့ တွေ့ရင် မျက်နှာကြောကြီးက တင်းလို့"

သူ့စကားကြောင့် ထားသက်လှိုင် ရယ်ချင်စိတ် ဖြစ်သွားသည်။

"မျက်နှာကြောက နဂိုကတည်းက တင်းတာ၊ မျက်နှာကြော တင်းတာပဲ ကိုယ့်ဘာသာ ကျေးဇူးတင်ရဦးမယ် ထင်တယ်"

"ဘာကြောင့်လဲဗျာ"

"ဩော် . . . မျက်နှာက ခပ်ချိုချို ဖြစ်နေရင် ရှင်က ရှင့်ကြောင့်များ ကြိုက်နေလို့ မျက်နှာက ချိုနေတယ်များ ထင်ဦးမလားလို့"

"ဟာဗျာ"

"ကဲ . . . ဒါပဲ မဟုတ်လား"

လျှောက်နေရာမှ ရပ်ပစ်လိုက်ရင်း မျက်နှာကိုကြည့်၍



မေးလိုက်သည်။ မိန်းကလေးထဲတွင် ရှားပါးသည့် အရပ်မျိုးဟု အေးအေးလွင်တို့က သူ့အရပ်အမောင်းကို ပြောဖူးသည်။ အခုတော့ သူမ ညိုမင်းလွင်ကို ခပ်မော့မော့ စကားပြောနေရပါလား။ ညိုမင်းလွင်အရပ်က အတော်လေး ပိုမြင့်နေတာ သတိထားမိပြန်၏။

"ကျွန်တော့်စာရရင် ဆုံးအောင် ဖတ်ပါတယ်နော်"

"ကိုယ့်ဆီလာတဲ့စာကို မဖတ်ဘဲ ပစ်မထားတတ်ပါဘူး"

"ဒါဆိုဗျာ . . . ကျွန်တော့်သဘော သိလောက်ပါပြီ၊ ကျွန်တော့်ကို ခင်ခင်မင်မင် ရင်းရင်းနှီးနှီး မိတ်ဆွေတစ်ယောက်လို သဘောထားပါဗျာ . . . နော် မထားသက်လှိုင်"

"ရှင်က စကားပြောလည်း ကောင်းသားပဲ၊ ဒါကြောင့်ဘာ ထင်တယ်နော်"

ခပ်ပြုံးပြုံး ခနဲ့စကားကြောင့် အနေကျုံ့ပုံရ၏။

ဟာဗျာ . . . ဟု နှုတ်မှ ထွက်သွားသည်။

"ကျောင်းထဲမှာ တွေ့ရင် မျက်နှာကြောကြီးတင်းပြီး ရန်သူလို မကြည့်ပါနဲ့ဗျာ . . ."

"ကျွန်မ ဘယ်သူ့ကိုမှ မစော်ကားတတ်ပါဘူး"

"ကျွန်တော့်ခင်မင်မှုကိုလည်း မစော်ကားစေချင်ဘူး"

ဘာသာပြောသလိုပြောရင်း မျက်နှာပေါ်မှ မိုးစက်များကို သပ်ချနေပြန်၏။

"ကဲ . . . ကျွန်မ သွားမယ်၊ ရှင် ပြန်တော့"

"ဟုတ်ကဲ့"

အမိန့်ကို နာခံသည့် ကလေးတစ်ဦးနှယ် ခေါင်းညိတ်

www.burmeseclassic.com

www.burmeseclassic.com



တာ တွေ့သည်။

သူမ ဆက်လျှောက်တော့ မိုးတွေထဲမှာ ရပ်ရင်း ကျန်ခဲ့၏။

သူမကို ရပ်စောင့်နေသည့် အေးအေးလွင်က အနား ရောက်တော့ . . .

"ရပ်ကြည့်နေတုန်းပဲ ထား"

ဟု ပြောသည်။

လည်ပြန်ကြည့်မိတော့မလို ဖြစ်သွားပြီးမှ သတိဝင် ထိန်း ချုပ်ကာ ခြေလှမ်းကို ဆက်လှမ်း၏။

ငါနဲ့ ရင်းနှီးမှုကို သူ အတင်းရအောင် ဖန်တီးနေပြီ။ ငါ သူ့ကို သတိထားရမယ်ဟု ဘာသာ တွေးနေမိပြန်သည်။

အဆောင်ရှိသည့် လမ်းထဲသို့ ချိုးဝင်လိုက်စဉ်မှာလည်း ငဲ့ စောင်းမကြည့်မိစေရန် ဘာသာသတိထားဖြစ်ပြန်၏။

✿ ✿ ✿

[၁၂]

သက်သက်ထွေးက သန္တာအောင်ကို လက်တို့သည်။ အေးအေးလွင်က မြင်ပြီး နောက်လှည့်ကြည့်၏။

ဘာလဲ . . . ဟု ထားသက်လှိုင်က အေးအေးလွင်ကို မေး လိုက်သည်။

"ညိုမြင်းလွင် တို့စားပွဲကို လာနေတယ်"

"ဟာ . . . ရှုပ်ရှုပ်ယှက်ယှက်"

နှုတ်မှ ယောင်ယမ်းအထွက် မျက်နှာက ရှက်သွေး ဖျန်း သွားမည် ထင်သည်။ ပေါင်ပေါ်တင်ထားသည့် လွယ်အိတ်ကြိုးကို ယောင်ယမ်းဆုပ်ကိုင်နေလိုက်မိသည်။ သက်သက်ထွေးတို့ . . . သန္တာအောင်တို့မျက်နှာကတော့ မျက်နှာပိုး မသေ။

www.burmeseclassic.com

www.burmeseclassic.com



"မထားသက်လှိုင်"

သူ့ဘေးမှာ ရပ်ရင်း ခေါ်သံကြား၏။ စိတ်ကို တင်းပြီး မော့ကြည့်လိုက်သည်။ စလွယ်သိုင်း လွယ်ထားသော လွယ်အိတ်ကြီးကို လက်နှစ်ဖက်ဖြင့် ဆွဲကိုင်ထားရင်း ရပ်နေတာ တွေ့၏။

"ကျွန်တော် ဒီမှာ ခဏ ထိုင်ပါရစေနော်"

"ကိစ္စရှိလား"

မျက်နှာတည်တည်နှင့် ထားသက်လှိုင်က မေးလိုက်၏။ ညိုမင်းလွင်က ပြန်ဖြေရမည်ကို မသိသလို ကြောင်ပြီး ရပ်နေသည်။

"နင်ကလည်းဟာ . . . ကိစ္စရှိမှ ထိုင်ရတော့မှာတဲ့လား၊ ထိုင်လေ . . . ကိုညိုမင်းလွင်"

သန္တာအောင်က ခပ်ပြုံးပြုံး လှမ်းပြောသည်။

ညိုမင်းလွင်က အရှက်ပြေ ပြုံးပြရင်း . . .

"ကျေးဇူးပါပဲ"

ဟု ပြောကာ ထားသက်လှိုင်ဘေးမှ လွတ်နေသည့်ခုံမှာ ဝင်ထိုင်လိုက်၏။ ထားသက်လှိုင်က သူ့ခုံကို အေးအေးလွင်ဘက်သို့ နည်းနည်းရွှေ့လိုက်သည်။

"ကျွန်တော့်နာမည် ညိုမင်းလွင်ပါ၊ ကျွန်တော့်ကို ခင်ဗျားတို့ သူငယ်ချင်းမိတ်ဆွေလို သဘောထားစေချင်ပါတယ်"

ညိုမင်းလွင်က သက်သက်ထွေးနှင့် သန္တာအောင်တို့ဘက်ကိုကြည့်ရင်း ပြောသည်။

"ကိုညိုမင်းလွင်က နာမည်ကြီးပဲ သိပါတယ်၊ ဒါပေမဲ့ ကျွန်မတို့အုပ်စုနဲ့ အသိမိတ်ဆွေ ဖြစ်ချင်ရင်တော့ ဒီအတိုင်း မရဘူး"



သက်သက်ထွေးက ခပ်ပြုံးပြုံး ပြောသည်။ သက်သက်ထွေး မျက်နှာဆီ အားလုံး အကြည့်ရောက်၏။

"ဟုတ်ကဲ့"

"တစ်ခုခု အကျွေးအမွေးလေးပါမှဖြစ်မှာ၊ ဟုတ်တယ်နော်"

သက်သက်ထွေးက သန္တာအောင်ကို ပခုံးချင်းတိုက်ကာ ပြောလိုက်၏။

"ဟုတ်တယ် ကိုညိုမင်းလွင်"

ဟု သန္တာအောင်ကလည်း ခပ်ရွှင်ရွှင် ပြန်ပြော၏။

"ဟာ . . . ရပါတယ်၊ ဘာစားမလဲ ကြိုက်တာစား၊ ဒီနေ့ ကျွန်တော် ရှင်းမယ်"

အတိုင်အဖောက် ညီနေကြတာကို ကြည့်ရင်း အေးအေးလွင်က သဘောကျကာ ထားသက်လှိုင်ဆီ အကြည့်ရောက်၏။ ထားသက်လှိုင်က အနေရအထိုင်ရ ကျပ်နေသည့်ဟန် အကြည့်ကိုပင် . . . အဝေးဆီ ပို့ထားတာ တွေ့၏။

"တကယ် စားမှာနော်"

"စားပါဗျာ"

အနားရောက်နေသည့် စားပွဲထိုးကလေးကို သက်သက်ထွေးတို့ သန္တာအောင်တို့က မှာသည်။

"ထား . . . ဘာစားမလဲ"

"မစားဘူး"

"စားပါဗျာ . . . ကျွန်တော် ကျွေးပါရစေ"

"ကျွန်မ ခါတိုင်းလည်း မစားတတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီပဲ သောက်မလား ထား"

အေးအေးလွင်အမေးကို ထားသက်လှိုင်က ခေါင်းညိတ်ပြသည်။ အေးအေးလွင်က ကော်ဖီခါးခါးနှစ်ခွက်ဟု မှာလိုက်၏။

"ခင်ဗျားတို့အုပ်စုက ကျွန်တော့်ကိုတွေ့ရင် ရန်လိုသဲ့မျက်နှာထားနဲ့ နောက် မကြည့်ပါနဲ့တော့နော်"

"ဒီလောက် ကျွေးရုံနဲ့တော့ မရဘူး ထင်တယ်"

"နှင်ဘစ်ယောက်တည်း လိုက်စားပါလား သန္တာ"

ထားသက်လှိုင် ဝင်ပြောလိုက်သော စကားကြောင့် ထားသက်လှိုင်မျက်နှာဆီသို့ ညိုမင်းလွင် လှမ်းကြည့်သည်။

"ငါ့ကို ကျွေးချင်တာမှ မဟုတ်တာ"

ဟု သန္တာအောင်က ရယ်ကျဲကျဲ ပြန်ပြော၏။

"အားလုံးကို ကျွေးချင်ပါတယ်ဗျာ၊ ကျွန်တော် အားလုံးနဲ့ ရင်းနှီးချင်ပါတာပါ"

ညိုမင်းလွင်က ရှက်ရယ်ရယ်ရင်း ဆိုသည်။

"ထားနဲ့ ပိုပြီး ရင်းနှီးချင်တယ် မဟုတ်လား"

ဟု သက်သက်ထွေးက လှမ်းနောက်၏။

"ခင်ဗျားတို့သူငယ်ချင်းက သိပ်မာနကြီးတယ်"

ပြုံးရင်း ကြည့်ကာ ပြော၏။

ပြန်ပြုံးမပြဖြစ်ဘဲ ခပ်တည်တည် ပြန်ကြည့်လိုက်မိသည်။ ထိုစဉ် ညိုမင်းလွင်က ဆိုင်ထဲဝင်လာသည့် တင်မောင်ဝင်းနှင့် အဖွဲ့တော်ကို လှမ်းပြုံးပြတာ တွေ့လိုက်၏။

"လာကွာ . . . ဒီမှာပဲ ဝိုင်းထိုင်လိုက်ပါလား"



ဟု သူ့သူငယ်ချင်းတွေကို ပြောသည်။

"ကျွန်တော့် သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူတို့က စ,တတ် နောက်တတ် ပျော်တတ်တာကလွဲရင် စိတ်ကောင်းရှိကြပါတယ်"

တင်မောင်ဝင်းနှင့် အဖွဲ့တော်တို့က ခုံဆွဲ၍ ဝင်ထိုင်စဉ် ဆိုင်ထဲသို့ သက်တင် ဝင်လာတာ တွေ့သည်။ သူတို့အုပ်စုနှစ်စု အတူထိုင်နေတာကြည့်ပြီး အံ့အားသင့်သွားသလို။

"ဟိုဘက်ရွှေ့ အေးလွင်"

ထားသက်လှိုင်က အေးအေးလွင်ကို ရွှေ့ခိုင်းပြီး အေးအေးလွင်နှင့် ပူးကပ်သည်အထိ သူ့ခုံကို တိုးလိုက်၏။

ပြီးတော့ သက်ပြင်းကို ခိုးချနေမိပြန်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၃]

မကြာမီအတွင်းမှာပင် သူတို့အုပ်စု ရင်းနှီးသွားကြသော်လည်း ထားသက်လှိုင်ကတော့ ရောရောနှောနှော မရှိလှ။ သာမန်အသိမိတ်ဆွေတစ်ဦးကို ဆက်ဆံသလိုသာ ပုံမှန် ဆက်ဆံနေတုန်း။ ဘင်းမာနေသော မျက်နှာကြောက ပြေလျော့သွားသော်ငြား အရယ်အပြုံးကား နည်းနေဆဲပင်။

"ထားရယ် . . . နင်က ကိုညိုမင်းလွင်ကို တွေ့ရင် တမင်ဘင်းထားသလိုကြီးပဲ၊ စိတ်ကို လျှော့ချထားလိုက်စမ်းပါ"

အေးအေးလွင်ကတောင် ညိုမင်းလွင်နှင့် ရင်းနှီးနေပြီမို့ ညိုမင်းလွင်ဘက်က လိုက်ပြီး ပြောတတ်ပြီ။ ညိုမင်းလွင်အပေါ်မှာ စိတ်လွတ်ကိုယ်လွတ် သူ မနေမိတာကို အေးအေးလွင် သတိထား

www.burmeseclassic.com

www.burmeseclassic.com



ခိုပဲ့ ရှော်။

"ငါက လူတစ်ယောက်ကို ယုံမိရင်လည်း ပုံပြီး ယုံလိုက်ချင်တယ်။ မယုံတော့ဘူး ဆိုရင်လည်း စိတ်ထဲမှာ အမြဲတမ်း တစ်ခုခု ခြားနေသလိုပဲ"

"နင်က ကိုညိုမြင်းလွှင်ကို ဘာ မယုံတာလဲ"

ပြန်မပြောမိဘဲ ငြိမ်နေလိုက်သည်။

"ထား . . ."

"ဟင် . . ."

"နင် ဘာကို မယုံတာလဲ"

အေးအေးလွင်က ထပ်မေးသည်။

"သူ့မှာ ပရိယာယ်တစ်ခု မရှိဘူးလို့ နင် အတပ်ပြောရဲလား အေးလွင်၊ သူ့အပေါ်မှာ ငါ ဆက်ဆံတာကို မကျေနပ်လို့ ရန်ငြိုးသိုသလို သူ့ရင်ထဲမှာ ရှိမနေဘူးလို့ ဘယ်သူ ပြောရဲလဲ"

"နင့်ကို မရိုးသားစိတ်နဲ့ ချဉ်းကပ်တယ်၊ နင် ထင်လို့လား"

"ပြောရမှာ စေသေးတယ် အေးလွင်၊ ဒါပေမဲ့ ဘာဖြစ်ဖြစ် ငါ မယုံဘူး၊ ငါ့မှာ သံသယကြီး ရှိနေတယ်"

"ဒီလောက်ထိ ယုတ်မာပုံမပေါ်ပါဘူးဟာ၊ အနီးကပ ပေါင်းကြည့်တော့ ပိုအကဲခတ်လို့ ရပါတယ်"

ထားသက်လှိုင်က ဘာမှ ပြန်မပြောမိတော့။

✿



"ထား"

လက်ဖက်ရည်ဆိုင်မှာ ထားသက်လှိုင်နှင့် အေးအေးလွင်က စောရောက်နေနှင့်သည်။ သန္တာအောင်တို့အုပ်စုက လှည်းတန်းဈေးဘက် ထွက်သွားသည်။ အပြန်မှ သည်လက်ဖက်ရည်ဆိုင် လာမည် ပြော၏။

ညိုမြင်းလွှင်က အတန်းမတက်ဖြစ်ဘဲ ထွက်လာသည် ဆို၏။ အီစွတ်တို့ အုပ်စုက အတန်းပြီးမှ လာခဲ့မည် ချိန်းသည်။

ထားသက်လှိုင်နှင့် အေးအေးလွင် ထိုင်ပြီး လက်ဖက်ရည်မှာထားဆဲမှာပင် ညိုမြင်းလွှင် ရောက်လာ၏။ လက်ဖက်ရည်တစ်ခွက် လှမ်းမှာအပြီးမှာ ထားသက်လှိုင်ကို စူးစိုက်ကြည့်ရင်း ထားဟု ခေါ်၏။ ရင်းနှီးသွားကြပြီး မကြာမီမှာပင် မထားသက်လှိုင်ဟု ခေါ်နေရာမှ ထားဟု ခေါ်ဖြစ်သွားသည်။ သည်ကိစ္စမှာလည်း သန္တာအောင် တရားခံပင်။

မထားသက်လှိုင် ခေါ်ရတာ ရှည်လျားပါတယ် ကိုညိုမြင်းလွှင်ရယ်၊ ကျွန်မတို့အားလုံး ခေါ်သလို ထားလို့ပဲ ခေါ်ပါဟု သန္တာအောင်က ပြောခဲ့၏။ ကျွန်တော် ထားလို့ ခေါ်မယ်နော်ဟု ခွင့်တောင်းစဉ် ရပါတယ်ဟု ထားသက်လှိုင် ပြောခဲ့ရ၏။

"ကျွန်တော် ထားကို တစ်ခုလောက် မေးပါရစေ"

မျက်နှာကို စူးစိုက်ကြည့်ရင်း နားစွင့်ထားသည့် ထားသက်[illegible]ှိုင်ကို အကြည့်ဆုံရင်း ပြောလိုက်သည်။

"ဟုတ်ကဲ့ . . ."

ထားသက်လှိုင်က နှုတ်မှ ဟုတ်ကဲ့ဟု ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပြောတာပေါ့"

"ရှင် . . ."

"ဪ . . . ကျွန်တော့်ကို စကားပြောတာ ထားက နှုတ်မေးခွန်း ဖြေနေသလိုမျိုး ဖြစ်နေတယ်၊ ဟုတ်ကဲ့တွေ ရှင်တွေနဲ့"

အရယ်နှောရင်း ပြော၏။ အေးအေးလွင်ပါ ပြုံးသည်။

"လူတွေ့ အစစ်ဆေးခံနေတာလေ"

ဟု အေးအေးလွင် နောက်၏။

"ဟုတ်တယ်ဗျာ . . . အဲဒီလို ဖြစ်နေတယ်၊ လူတွေ့စစ်ဆေးတဲ့ ဘုတ်အဖွဲ့ဝင်လူကြီးတွေရှေ့မှာ အစစ်ဆေးခံနေသလိုမျိုး တောင့်တောင့်တင်းတင်းကြီး"

"ကျွန်မ ဒီလိုပဲ နေတတ်တာ"

"မဟုတ်ပါဘူး"

"ဒါဆိုလည်း . . . ကျွန်မ ကိုညိုမင်းလွင်ကို ရှိသေလို့ ဖြစ်မှာပေါ့"

ခပ်ပြုံးပြုံး ပြောလိုက်၏။

"ရှိသေတာ မဟုတ်ပါဘူး၊ ရွံကြောက် ကြောက်တာ ဖြစ်မှာပါ"

"ကိုယ့်ဟာကိုယ် သိသားပဲ"

ခပ်တည်တည် ပြောလိုက်သည့် ထားသက်လှိုင့်မျက်နှာကို ကြည့်ရင်း ညိုမင်းလွင် ပြုံးသည်။

အပြုံးမှာ အမောဖက်နေသယောင်။

"အဲဒါပါ . . . ကျွန်တော် ပြောချင်တာက ကျွန်တော့်ကို



တကယ့်ငယ်ပေါင်းတစ်ယောက်လို ရင်းရင်းနှီးနှီး ပေါင်းစေချင်တယ်၊ ထားကို ကြည့်ရတာ ကျွန်တော့်အပေါ်မှာ သံသယတွေနဲ့"

"တကယ်ပြောတာ ကိုညိုမင်းလွင် အပြောကောင်းတယ်"

အေးအေးလွင်က ခပ်နောက်နောက် ဝင်ဖောက်သည်။

"အဲဒီအပြောတွေကြောင့် ကောင်မလေးတွေ ကျတာနေမှာပေါ့"

ထားသက်လှိုင်ကပါ ခပ်ပေါ့ပေါ့ ပြောလိုက်၏။

"ကျွန်တော် အတည်ပြောတာပါ၊ ရင်ထဲက စကားပါဗျာ၊ ကျွန်တော် ထားကို ကိုယ့်သွေးသားရင်းချာတစ်ယောက်လို ရင်းနှီးချင်တာပါ၊ ကျွန်တော့်အပေါ်မှာ ထားတဲ့ သံသယ ဖျောက်လိုက်ပါဗျာ"

"ဒါတော့ ကိုညိုမင်းလွင်ရယ် ပျောက်သင့်တဲ့အချိန်မှာ ပျောက်သွားမှာပေါ့၊ ဟုတ်ဘူးလား"

အေးအေးလွင်က ပြောသည်။

ထားသက်လှိုင်က ပြုံးနေလိုက်၏။

မှာထားသည့် လက်ဖက်ရည်နှင့် ကော်ဖီတို့ ရောက်လာသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၅]

"ကိုညိုမြင်းလွင်"

သန္တာအောင်က ခေါ်တော့ ညိုမြင်းလွင်က သန္တာအောင်ကို လှမ်းကြည့်သည်။

"သန္တာ တစ်ခု မေးချင်လို့"

"မေးလေ"

"ကိုညိုမြင်းလွင် အချိန်အားတာနဲ့ သန္တာတို့အုပ်စုနဲ့ချည်းသာထိုင်နေတော့ . . ."

စကားကိုဖြတ်ရင်း ပြုံးသည်။ သန္တာ ဘာမေးတော့မည်ဆိုတာ အားလုံးက သိနေသလို ပြုံး၏။

"မေး . . . မေး . . . ဆုံးအောင် မေးလေ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ဒီမှာချည်း အချိန်ကုန်နေတော့ ကောင်မလေးတွေဆီ မသွားတော့ဘူးလားလို့ပါ . . ."

သန္တာအောင်၏မေးခွန်းကြောင့် အားလုံးက ပြုံး၏။ ထားသက်လှိုင်ကတော့ ရှေ့မှာချထားသည့် ကော်ဖီခွက်ကို ကောက်ယူပြီး တစ်ကျိုက်သောက်တာ တွေ့သည်။ ညိုမင်းလွင်အကြည့်တ ထားသက်လှိုင်ဆီ ဖျတ်ခနဲ ဝေ့၏။

"တိုတိုပြောရရင်တော့ ကျွန်တော် အားလုံး ဖြတ်လိုက်ပြီ"

"ဟယ် . . . လွယ်လှချည်လား"

သက်သက်ထွေးနှုတ်မှ အာမေဍိတ်စကား။

"ကျွန်တော် အသေအချာတော့ နားမလည်ဘူး၊ နားလည်သလောက် ပြောရရင်တော့ ကြိုက်တာက မေ့လွယ်ပျောက်လွယ်ပဲ၊ အစားထိုးလို့လည်း လွယ်တယ်လေ၊ အဲ . . . ချစ်တာကသာ ဆိုးတာ"

"ဒါဆို . . . ကိုညိုမင်းလွင် တွဲခဲ့တဲ့ ကောင်မလေးတွေကို မချစ်ဘူးပေါ့"

သန္တာအောင်က မေးသည်။

"ကျွန်တော်တင် မချစ်တာ မဟုတ်ပါဘူး၊ သူတို့ကလည်း ကျွန်တော့်ကို မချစ်ကြပါဘူး၊ တစ်ယောက်ကိုတစ်ယောက် ကြိုက်ပြီး တွဲဖြစ်ကြတာပါ"

"ချောလို့ ကြိုက်ကြတာပေါ့"

"ဟုတ်တယ် သန္တာ"

"ဒါဆို အခု သူတို့ကို ဖြတ်လိုက်ပြီဆိုတော့ သူတို့ထက် ကြိုက်တာ တွေ့လို့ပေါ့နော် ဟုတ်လား ကိုညိုမင်းလွင်"



အေးအေးလွင်အမေးကြောင့် အေးအေးလွင်မျက်နှာဆီ အကြည့်ကို ရွှေ့လိုက်၏။

"သူတို့ကို အစားထိုးဖို့ ကြိုက်တာ တွေ့တာ မဟုတ်ဘူး အေးအေးလွင်"

"ဒါဆို . . ."

"တော်ပြီဗျာ . . . ကျွန်တော် မပြောတော့ဘူး"

"ပြောပါ . . . ကိုညိုမင်းလွင်ရဲ့"

"တော်ပြီ . . . တော်ပြီ"

သန္တာအောင်တို့က ညိုမင်းလွင်ကို ထားသက်လှိုင်နှင့် စချင် နောက်ချင်ကြတာ ထားသက်လှိုင် သိသည်။ နောက်ပိုင်းမှာ အေးအေးလွင်ပါ ဝင်နောက်ချင်လာသည်။

"ကဲ . . . အတန်းမတက်ကြတော့ဘူးလား၊ ကိုညိုမင်းလွင်ကိုပဲ အင်တာဗျူး ဆက်လုပ်နေကြတော့မှာလား"

ဟု ထားသက်လှိုင်က ခပ်တည်တည် မေးလိုက်၏။

ထားသက်လှိုင်ကို ဘာမှပြန်မပြောကြသော်လည်း ထားသက်လှိုင် ရှက်နေပြီဟု သိရင်း ပြုံးနေလိုက်ကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၅]

"ညိုမင်းလွင် မင်းအချိုးက တကယ့်ကို ပြောင်းသွားတာပဲ"

တင်မောင်ဝင်းက ညိုမင်းလွင်ကို ကြည့်ရင်း ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

ဟု ပြုံးရင်း ညိုမင်းလွင်က မေးသည်။

"ငါ မင်းဆီကို ဖုန်းဆက်တော့ မင်းရှိမယ်မထင်ဘူး၊ တိုင်း စနေ၊ တနင်္ဂနွေပိတ်ရက်တွေမှာ မင်း အိမ်မှာ ကပ်လို့လား၊ ကောင်မလေးတွေနဲ့ လျှောက်သွားနေတာ"

အခု သွားစရာ မရှိတော့လည်း အိမ်မှာ ကပ်နေရတာပေါ့ ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ခြေခန်းမှာ ဝင်ထိုင်လိုက်သည့် တင်မောင်ဝင်း နှင့် မျက်နှာချင်းဆိုင်မှာ ညိုမင်းလွင် ထိုင်လိုက်သည်။

"ကျောင်းပိတ်ရက်ဆို ငါ မနေတတ်သလိုပဲ"

"ခါတိုင်း လျှောက်သွားနေကျဆိုတော့"

"မဟုတ်ဘူးကွ"

"ဘာလဲ"

"ထားကို သတိရနေလို့"

"ကဲ . . . ငါ ပြောတယ် မဟုတ်လား"

ညိုမင်းလွင်က ပြုံးသည်။

"မင်း သူ့ကို တကယ် ချစ်တာလား"

တင်မောင်ဝင်းက ကြည့်ရင်း မေးလိုက်၏။

"ငါတော့ ချစ်ပြီ ထင်တာပဲ တင်မောင်ဝင်း၊ ဘာဖြစ်လို့လဲ ဆိုတော့ ငါ အရင်တုန်းက တွဲခဲ့တဲ့ ကောင်မလေးတွေနဲ့ ပတ်သက်ပြီး အဲဒီလို သတိတရ ဖြစ်တာမျိုး မခံစားခဲ့ရဘူး"

"ထားက ရိုပ်မိပုံ ရတယ်"

"ငါ သူ့ကို ဖွင့်ပြောဖို့ဆိုတာ တော်တော်လေး စဉ်းစားနေရတယ်"

"ဘာဖြစ်လို့လဲ"

"လန့်လို့ပေါ့ကွ"

"သန္တာအောင်တို့ကို အကူအညီ တောင်းရင်ကော"

"မလုပ်နဲ့ . . . အဲဒီလို ဘေးတီးပေးရင်လည်း ရမယ့်ပုံ မဟုတ်ဘူးကွ၊ သူက ငါ့ကို အခုထိ ခပ်တန်းတန်းပဲ ဆက်ဆံတာ"



"ဒါလည်း သူ့စိတ်ထဲမှာ မရှိးသားလို့ မဖြစ်နိုင်ဘူးလား"

"ဘယ်လို"

"ဩော် . . . သူ့စိတ်ထဲမှာလည်း မင်းကို စိတ်ဝင်စားနေလို့ ရှိုးတိုးရှန့်တန့် ဖြစ်နေတာ မဖြစ်နိုင်ဘူးလား"

"ငါက အဲဒီလို မထင်ဘူး၊ ငါတို့ နောက်ပြောင်ထားတဲ့ အပေါ်မှာ အမှတ်အတေးထားတာ ဖြစ်နိုင်တယ်"

"အင်း . . . ဒါလည်း ဖြစ်နိုင်တာပဲ"

တင်မောင်ဝင်းက စီးကရက်ဘူးကို ထုတ်ရင်း ပြောသည်။

"ခဏ နေဦးကွာ၊ ငါ အဝတ်လဲလိုက်မယ်၊ လက်ဖက်ရည်ဆိုင်ဘက် သွားရအောင်"

ပြောပြီး ညိုမင်းလွင် ထရပ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၄]

"တကယ်တမ်း ပေါင်းကြည့်တော့ ကိုညိုမင်းလွင်က ခင်စရာ ကောင်းပါတယ်"

မှန်ကြည့်ရင်း အေးအေးလွင် ပြောသည်။ ထားသက်လှိုင်က အေးအေးလွင်ကို လှမ်းကြည့်ရင်း ပြန်မပြောဖြစ်။ လုံချည်ကို စန့်စန့်ရန့်ရန့်ဖြစ်အောင် ပြုပြင်နေလိုက်သည်။

"သူ့ကို ကောင်မလေးတွေ ကြိုက်လို့ သူ တွဲဖြစ်တာလည်း သူ့အပြစ်တော့ မဟုတ်ပါဘူး"

"ကဲ . . . အေးလွင် . . . ကိုညိုမင်းလွင်က ရှေ့နေငှားထားလို့လား"

အေးအေးလွင်ကို ကြည့်ရင်း စိတ်မရှည်သလို ထားသက်

www.burmeseclassic.com

www.burmeseclassic.com



[illegible] ချွန်ပြောသည်။

အေးအေးလွင်က ပြုံးပြပြီး ထားသက်လှိုင်ဆီ လျှောက်လာသည်။

"သူ နင့်ကို တကယ် သံယောဇဉ်ရှိနေပုံပဲ ထား"

အခန်းထဲမှ ထွက်ခဲ့ကြသည်။ ထားသက်လှိုင်က အခန်းတံခါးကို သော့ခတ်လိုက်သည်။

"အခုဆို ငါတို့အုပ်စုနဲ့ တွဲမိပြီးမှ အတော်လေး ခြေငြိမ်သွားတဲ့ ပုံပဲနော်"

ထားသက်လှိုင်က အေးအေးလွင်ကို မော့ကြည့်ပြီး ပြုံးပြသည်။

"ပြီးတော့ ကိုညိုမင်းလွင်ကောင်းတာတွေ ဘာကျန်သေးလဲ အေးလွင်"

ဟု ပြောလိုက်တော့ အေးအေးလွင်က ပြန်ပြုံးပြလိုက်ရင်း . . .

"ငါ တကယ်ပြောတာ ထား၊ သူ နင့်ကို တစ်နေ့မှာ ချစ်ရေး ဆိုလိမ့်မယ်"

"အမယ် . . . တယ်သိနေပါလား"

"သိတာပေါ့ဟာ၊ သူ ကြည့်တာ၊ ပြောတာ ဆိုတာတွေက အရှင်းကြီးပဲ၊ သူ နင့်ကို ကြိုက်လို့ ငါတို့အုပ်စုနဲ့ လာရောတာလည်း ထင်ရှားနေတာပဲ"

"အဲဒါ ငါ တွေးမိတယ်"

ခြံဝန်းအပြင် ရောက်တော့ ထားသက်လှိုင်က ချိန်ချိန်ဆဆ



ပြော၏။

"ဘာတွေးမိတာလဲ ထား"

"သူ ငါ့ကို ချစ်ရေးမဆိုဘဲ ဒီလိုပဲ ခင်ခင်မင်မင် နေသွားရင် သိပ်ကောင်းမှာ"

"ဟင် . . . ဘာဖြစ်လို့လဲ"

"သူ့ခင်မင်မှုကို ငါ ယုံကြည်မိမှာပဲ"

"ဘယ်လို . . . ဘယ်လို"

"အေးလွင်ကလည်းကွာ . . . ငါ ပြောတာ မရှင်းဘူးလား၊ သူ ငါ့ကို ချစ်ရေးဆိုဖို့ မဟုတ်ဘဲ ရိုးရိုးခင်တာ၊ သံယောဇဉ်ရှိတာပဲ ငါ လိုချင်တယ်၊ အခုဟာက ခင်အောင် မင်အောင် ပေါင်းမယ်၊ နောက်တစ်ဆင့် ချစ်ရေးဆိုမယ်၊ ဒီလို ထင်ထားတဲ့အတိုင်း ဖြစ်လာရင် မကောင်းဘူး"

"ဟာ . . ထားကလည်း ဒီလိုဖြစ်တတ်တဲ့ သဘာဝပဲဟာ"

"မဟုတ်ဘူးလေ . . . သဘာဝက သဘာဝပဲ၊ ဒီကိစ္စမှာ ကိုညိုမင်းလွင် ငါ့အပေါ်မှာ မခံချင်စိတ်နဲ့ ဒီလမ်းကြောင်းအတိုင်း ဝင်လာလိမ့်မယ်၊ ပြီးတော့ ချစ်သူဘဝရောက်လို့ ငါက သူ့ကို မခွဲနိုင်တဲ့ အနေအထားရောက်မှ သူ ငါ့ကို ခွဲသွားမယ်"

"ဒါက နင့်စိတ်ထဲမှာ စွဲနေတဲ့ သံသယပဲ"

"ဟုတ်ချင်လည်း ဟုတ်မယ်၊ ဒီသံသယကို ငါ ဖျောက်လို့ မရဘူး အေးလွင်"

စောင့်ကြည့်ပြီးမှ ဆုံးဖြတ်ဖို့ ကောင်းပါတယ်"

"အချစ်ဆိုတာက ရှေ့တိုးနောက်ဆုတ်လုပ်လို့ မလွယ်ဘူး

www.burmeseclassic.com

www.burmeseclassic.com

ထင်တယ်”

ထားသက်လှိုင်မျက်နှာကို အေးအေးလွင် ဖျတ်ခနဲ ကြည့်မိသည်။ လမ်းဖြတ်အကူးမှာ စကားပြတ်သွား၏။ လှည်းတန်းဈေးမှာ တစ်ပတ်စာ ဝယ်စရာလေးတွေ သွားဝယ်မည်ဟု သူတို့ လှည်းတန်းဘက်ကို လျှောက်ခဲ့ကြသည်။

✿ ✿ ✿

[၁၇]

လှည်းတန်းဈေးက ပြန်အထွက်မှာ မိုးဖွဲဖွဲ ရွာသည်။ အေးအေးလွင်က ထီးမယူလာသောကြောင့် သူတို့နှစ်ယောက်မှာ ထီးက တစ်ချောင်းတည်းသာ။ ထီးကို ဖွင့်ပြီး နှစ်ယောက်ဆောင်းသည်။ ဝယ်ချမ်းလာသည့် ပစ္စည်းများပါသော ပလပ်စတစ်အိတ်အပျော့ကို ထားသက်လှိုင်က ဆွဲထား၏။

“ဒီအတိုင်းတော့ ရမှာ မဟုတ်ဘူးဟ၊ မိုးက သည်းလာပြီ”

တဖြည်းဖြည်းနှင့် မိုးက ပိုသည်းလာ၏။

“လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ဝင်သောက်ရင်း မိုးအခဲစောင့်ရင် ကောင်းမယ်”

ဟု အေးအေးလွင် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သဘောပဲ"

ဝေ့လိုက်သည့်လေကြောင့် မိုးပက်သဖြင့် တစ်ကိုယ်လုံး ရွှဲစိုကုန်တော့၏။

"မွှေ့က လက်ဖက်ရည်ဆိုင် ဝင်မယ်"

လက်ဖက်ရည်ဆိုင်အတွင်းကို သူတို့နှစ်ယောက် ဝင်လိုက်သည်။ အေးအေးလွင်က ထီးကိုပိတ်၍ ရေကို ခါ၏။

"ထား"

ခေါ်သံကြောင့် အတွင်းစားပွဲဆီ အကြည့်ရောက်သည်။

"ကိုညိုမင်းလွင်"

အံ့သြစွာ နှုတ်မှ အသံထွက်သွားသည်။

"ဟာ . . . ကိုညိုမင်းလွင်"

အေးအေးလွင်ကလည်း မြင်သွားသည်။ ညိုမင်းလွင်တို့ ထိုင်နေသည့် စားပွဲဆီသို့ လျှောက်သွားသည်။

"ထိုင် . . . ထား၊ ထိုင်လေ . . . အေးအေးလွင်"

ခုံဆွဲပြီး နေရာပေးသည်။

"ကျွန်တော် သတိရနေတာ၊ အဆောင်သွားရင်တောင် ကောင်းမလား စဉ်းစားနေတာဗျာ"

ညိုမင်းလွင်က ထားသက်လှိုင်ကို ကြည့်ရင်း ပြောသည်။

"မိုးက မထင်ဘဲ အရမ်းသည်းလာလို့"

"ဟုတ်တယ် . . . ဒီလောက် ရွာမယ် မထင်ဘူး၊ ခပ်ဖွဲဖွဲနဲ့ ပြီးသွားမယ် ထင်တာ"

ညိုမင်းလွင့်အပြောမှာ အေးအေးလွင်က ပြုံးသည်။



"ဘာပြုံးတာလဲ အေးအေးလွင်"

ဟု တင်မောင်ဝင်းက မေး၏။

"ဩော် . . . စဉ်းစားမိလို့ပါ၊ မိုးနဲ့ နွားသိုး အစိုးမရဆိုတဲ့ စကားရှိပေမယ့် တကယ်တော့ လူတွေစိတ်နဲ့ မိုးက ပိုပြီး တူသလိုပဲ၊ ခပ်ဖွဲဖွဲကနေ သည်းချင်သည်း၊ သည်းနေရာကနေပြီး ချက်ချင်း တိတ် ချင်တိတ် . . ."

အေးအေးလွင်က အတည်ပြောနေမှန်းသိတော့ အားလုံးက ငြိမ်ပြီး နားထောင်ဖြစ်သည်။

"ဒါကြောင့် ငါ လူတွေကို မယုံတာပေါ့"

ဟု ထားသက်လှိုင်က ပြောလိုက်၏။

"ကျွန်တော့်ကိုတော့ ယုံပါဗျာ၊ ကျွန်တော့်စိတ်က အဲဒီ လောက် အပြောင်းအလဲ မမြန်ပါဘူး"

ညိုမင်းလွင်က ရယ်ရင်း ပြောလိုက်သည်။

"ကဲ . . . ဘာသောက်မှာလဲ"

အနားရောက်လာသည့် စားပွဲထိုးကလေးကို ကြည့်ရင်း တင်မောင်ဝင်း မေးသည်။

"ငါတော့ ဖျားမလား မသိဘူး၊ ချမ်းလာတယ်"

ဟု အေးအေးလွင် ပြော၏။

"ကော်ဖီခါးခါး သောက်လိုက်လေ"

ဟု ညိုမင်းလွင်က ပြောသည်။

ကော်ဖီခါးခါး နှစ်ခွက်မှာလိုက်၏။

"ကျွန်တော် အိမ်ရောက်သွားတော့ ညိုမင်းလွင်က ထားတို့

www.burmeseclassic.com

www.burmeseclassic.com



ကို သတိရလို့ လှည်းတန်းသွားထိုင်ရအောင် ပြောတာ၊ မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ ဒီကောင့်စိတ်ကူး မှန်သွားတာပေါ့"

တင်မောင်ဝင်းစကားကြောင့် ထားသက်လှိုင်က ရှက်ချင်ချင် ဖြစ်သည်။

"စိတ်ချင်း အဆက်အသွယ် ရှိတတ်တယ်ဆိုတာ တစ်ခါခါတော့ ယုံစရာ အကောင်းသား ကိုတင်မောင်ဝင်းရဲ့"

အေးအေးလွင်က ရယ်ရင်း ပြောတော့ ထားသက်လှိုင်က အေးအေးလွင့်ပေါင်ကို ခပ်ဖွဖွ ဆွဲလိမ်လိုက်၏။

✿ ✿ ✿

[၁၈]

"ဟင် . . . ထားက အခုမှ ကျောင်းလာတာလား"

ညိုမြင်းလွင်၏အသံအကြားမှာ ညိုမြင်းလွင်မျက်နှာကို ကြည့်ဖြစ်သည်။

"ဟုတ်တယ် ကိုညိုမြင်းလွင်"

"မနက်က ကျွန်တော် အုတ်ခုံက ထိုင်စောင့်သေးတယ်၊ အတန်းတက်စရာရှိလို့ ခါတိုင်းလောက် ကြာကြာမထိုင်ဖြစ်ဘူး"

ညိုမြင်းလွင်က အတူယှဉ်ပြီး ဆက်လျှောက်၏။

"အေးအေးလွင် မပါဘူးလား"

"အေးအေးလွင် ဖျားနေပြီ ကိုညိုမြင်းလွင်"

"ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ညက အရမ်းဖျားတာ၊ အဖျားတက်ပြီး မအိပ်နိုင်ဘူး"

"ဪ . . . ဒါကြောင့် ထား ကျောင်းလာတာ နောက်ကျတာကိုး"

"ဟုတ်တယ်"

"ကျွန်တော် ဘာလုပ်ပေးလို့ ရမလဲ"

"ရပါတယ်၊ ကျွန်မ ဒီတစ်ချိန်တက်ပြီး ပြန်မှာ၊ ဒီတစ်ချိန်က အရေးကြီးလို့"

"ဒါဆို . . . ဒါဆို . . . "

"ရပါတယ် ကိုညိုမင်းလွင်၊ ကျွန်မ ပြန်ပြီးမှ အေးအေးလွင် အခြေအနေကို ကြည့်ရမယ်၊ သူ အဖျားမကျရင်တော့ တက္ကသိုလ်ဆေးရုံပို့မလားလို့ . . . "

လွယ်အိတ်ကြိုးကို လက်နှစ်ဖက်ဖြင့် ဆွဲကိုင်ရင်း ညိုမင်းလွင်ကို မကြည့်ဘဲ ပြောသည်။

"ဒီလိုလုပ်ပါလား ထား"

ထားသက်လှိုင်က ညိုမင်းလွင်မျက်နှာကို မော့ကြည့်ရင်း နားစွင့်၏။

"ကျွန်တော် စောင့်နေမယ်၊ ထားပြန်တော့ ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးမယ်"

"ဟာ . . . ကျွန်မဘာသာ ပြန်မယ်"

ညကမိုးကြောင့် မိုးစက်များ တွဲခိုနေသေးသော ကံ့ကော်ရွက်တို့ကို လှမ်းငေးရင်း ပြော၏။



"မဟုတ်ဘူးလား ထား၊ တကယ်လို့များ တက္ကသိုလ်ဆေးရုံတင်ရမယ်ဆိုရင် ကျွန်တော့်ကားနဲ့ လိုက်ပို့မယ်လေ၊ အဆင်ပြေသွားတာပေါ့"

"ကျွန်မ ကိုညိုမင်းလွင်ကားကို မစီးချင်ဘူး"

"ထားရယ်"

လှိုက်လှဲဆို့နင့်စွာထွက်လာသည့်အသံကြောင့် ညိုမင်းလွင်မျက်နှာကို ထားသက်လှိုင် ဖျတ်ခနဲ ကြည့်ဖြစ်၏။ ညှိုးငယ်သွားသော မျက်နှာကို ကြည့်ရင်း စိတ်ထဲမှာ မကောင်းလှ။ သက်ပြင်းကို ဖွဖွချ မိပြန်၏။

"ဒါဆိုလည်း ထားရယ် . . . ဒီလိုလုပ်မယ်၊ ကျွန်တော် ထားကို စောင့်နေမယ်၊ ထားနဲ့အတူ လမ်းလျှောက်ပြီး အဆောင်ကို ကျွန်တော် လိုက်ခဲ့မယ်၊ ဟိုရောက်လို့ ဆေးရုံတင်ဖို့ လိုမယ်ဆိုရင် ကျွန်တော် ကားပြန်ယူမယ်၊ ဟုတ်လား"

"ကိုညိုမင်းလွင် ပင်ပန်းပါတယ်"

"မဟုတ်ဘူး . . . ပင်ပန်းတယ် ဘယ်ဟုတ်မလဲ . . . ကျွန်တော် ဒီလောက်တော့ လုပ်ပေးနိုင်ပါတယ်"

"ဒါဆိုလည်း ကိုညိုမင်းလွင် သဘောပဲလေ"

"ဒါဆို ဒီအချိန်အပြီးကို ကျွန်တော် စောင့်နေမယ်နော်"

ညိုမင်းလွင်မျက်နှာကို ကြည့်ရင်း ထားသက်လှိုင် ခေါင်းညိတ်ပြလိုက်၏။ အတန်းနားရောက်တော့ သွားမယ်နော်ဟု နှုတ်ဆက်ဖြစ်သည်။ ညိုမင်းလွင်နှင့်အတူ ယှဉ်တွဲလျှောက်လာသည့် သူ့ကို ကြည့်နေကြသော မျက်ဝန်းများကို ထားသက်လှိုင်က မသိ

www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြုလျှတ် အတန်းထဲသို့ ဝင်လိုက်သည်။

✿ ✿ ✿

## [၁၉]

အတန်းအလွှတ်မှာ မလှမ်းမကမ်းမှာ ရပ်စောင့်နေသည့် ညိုမြင်းလွင်ကို မြင်၏။ ပင်လယ်ပြာရောင် ကျသွားသည့် ဂျင်းဘောင်းဘီအဟောင်းသည် သူနှင့်အလိုက်ဖက်ဆုံးဟု ထားသက်လှိုင် ထင်မြင်၏။

ဂျင်းဘောင်းဘီကြောင့် သူ့အရပ်သည် ပို၍ မြင့်မားလာသလို ထင်ရပြီး သူ့ခန္ဓာကိုယ်၏ ကျစ်လျစ်ဖွံ့စည်းမှုလည်း ပေါ်လွင်စေပြန်သလား တွေးမိသည်။ အနက်ရောင်ကို သူ . . . ဘာကြောင့် ကြိုက်ကြိုက်မက်မက် ရှိနေသည်ကိုတော့ ထားသက်လှိုင် နားမလည်ပြန်။

သူ ဝတ်လိုက်လျှင် အနက်ရောင်စိုနေသော စပို့ရှပ်များ၊

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင် ရှိုပ်အင်္ကျီများသာ။ ရှပ်အင်္ကျီများသည် သူနှင့် အနေတော်မဟုတ်ဘဲ ခပ်ပွပွဖြစ်ပြီး အိတ်နှစ်လုံးနှင့် ပခုံးမှာ ဒေါင့်ပါသော အင်္ကျီတွေက များနေသည်။

သည်နေ့လည်း သည်လိုရှပ်အင်္ကျီမျိုး အနက်ရောင်ကို သူ ဝတ်ထားသည်။ သူ့မှာ အဲသည်လိုအနက်ရောင်ရှပ်တွေ တစ်ထည်မက ရှိမှာပဲဟု တွေးနေမိသေး၏။

"ဘယ်ဝင်ဦးမလဲ"

အနားရောက်ခိုက် လှမ်းပြောလိုက်သည့် စကားသံကြောင့် အတွေးစ ပြတ်သွားသည်။

"မဝင်ပါဘူး . . . ဘာဖြစ်လို့လဲ"

"ဟို . . . ဆေးတို့ ဘာတို့ ဝယ်ဦးမလားလို့"

"ဟင့်အင်း . . . မဝယ်ဘူး၊ ညက ဆေးခန်းက ပေးလိုက်တဲ့ ဆေးတွေ ရှိတယ်"

"ညက ဆေးခန်းတောင် ပြရလား"

"ဟုတ်တယ်"

အတူယှဉ်ပြီး လျှောက်လာခဲ့ကြသည်။ လမ်းမှာ သူ့ကို လှမ်း၍နှုတ်ဆက်သည့် သူငယ်ချင်းတွေ တွေ့၏။ ထိုသို့နှုတ်ဆက်လိုက်တိုင်း ထားသက်လှိုင်က မျက်နှာမထားတတ်အောင် ရှက်နေမိပြန်သည်။ ခေါင်းကို ငုံ့သည့်အခါ ငုံ့၊ သူနှင့် ယှဉ်လျှောက်နေရာမှ ခပ်ခွာခွာ ကျန်လိုကျန် ဖြစ်သွားတတ်ပြန်သည်ပဲ။

"ဘယ်လဲ ဟောကောင် . . . ရှပ်ရှင်လား"

ဟု မျက်နှာချင်းဆိုင် လျှောက်လာသော အတွဲတစ်တွဲက



လှမ်းအမေးမှာတော့ ထားသက်လှိုင် ခေါင်းကို ငုံ့ချလိုက်မိ၏။ ဟာ . . . မဟုတ်ပါဘူး၊ ငါ့မိတ်ဆွေကို လိုက်ပို့မလို့ဟု အားတောင့်အားနာ ရုတ်တရက် ပြန်ပြောလိုက်သည့် ညိုမင်းလွင်စကားကြောင့် နည်းနည်းနေသာသလို ဖြစ်သွားသည်။

"လူတွေကလည်း ကျွန်တော်နဲ့တွဲသွားရင် ကျွန်တော့် ကောင်မလေးချည်း ထင်နေကြတာ"

"ကိုညိုမင်းလွင်က စွံတာကိုး"

"အရင် စွံတာကို သဘောကျတယ်"

"အခုကော . . . "

"အခု ကျွန်တော် မစွံချင်တော့ပါဘူး၊ ကျွန်တော်ချစ်တဲ့သူ တစ်ယောက်တည်းက ကျွန်တော့်ကို ပြန်ချစ်တာကိုပဲ တောင့်တမိတော့တယ်"

စူးစိုက်ကြည့်ရင်း ပြောလိုက်သည့် စကားကြောင့် အကြည့်ကို လွှဲလိုက်သည်။ စကား၏ဦးတည်ရာကို ထားသက်လှိုင် နားလည်လိုက်၏။ စကားထောက်ပေးမိတာ မှားပြီဟု သိလိုက်သည်။

"ထား"

"ရှင် . . . "

အဆောင်ရှိရာသို့ ဦးတည်သည့် ပလက်ဖောင်းပေါ်မှာ ယှဉ်လျှောက်ရင်း ညိုမင်းလွင်က ခေါ်သည်။ ပြန်မကြည့်မိဘဲ ထူးလိုက်၏။

"ကျွန်တော် တစ်ခု မေးချင်လို့"

"မေးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ထားမှာ အချစ် ရှိရဲ့လားဟင်"

"ခြော်"

သူ့အမေးကို ချက်ချင်း ဘာပြန်ပြောရမှန်း မသိအောင် မြစ်သွားရင်း ပြုံးပြလိုက်မိသည်။

"ထားမှာ မိဘနှစ်ပါးရယ်၊ ညီမလေးရယ်၊ အစ်ကို တစ်ယောက်ရယ်ရှိတယ် ကိုညိုမြင့်လွင်၊ အစ်ကိုကတော့ အိမ်ထောင်ခွဲပြီး သူ့အလုပ်နဲ့ သူပေါ့၊ ညီမလေးက ငယ်သေးတယ်၊ အခုမှ ရှစ်တန်းပဲ ရှိသေးတယ်၊ ထားက ထားရဲ့မိသားစုကို ချစ်တာပေါ့၊ ထားမှာ အချစ်ရှိပါတယ်"

ထားသက်လှိုင်စကားကြောင့် ညိုမြင့်လွင်က ပြုံးသည်။

"မိသားစုချင်း ချစ်တတ်တာကို အခြေခံပြီးမှ တိုင်းပြည်နဲ့ လူမျိုးကို ချစ်တတ်လာနိုင်တယ်တဲ့၊ တိုင်းပြည်နဲ့ လူမျိုးကို ချစ်တတ်တာကို အခြေခံပြီးမှ လောကလူသားအားလုံးကို ချစ်တတ်လာနိုင်တယ်တဲ့၊ ဒါ . . . ထား ဖတ်ဖူးတာလေ"

ဟု ဆက်ပြောလိုက်၏။

"ကျွန်တော်ပြောချင်တာက ချစ်သူကို ချစ်တတ်တဲ့ အချစ်လေ"

မော့အကြည့်မှာ စူးစိုက်ကြည့်နေသော မျက်ဝန်းတောက်တောက်နှင့် ဆုံသည်။ အကြည့်ကို လွှဲကာ တူရှူကို ပို့၏။

"ထားမှာ ချစ်သူမှ မရှိဖူးတာ"

"ထား"

"ရှင်"



"ကျွန်တော် ထားရဲ့ချစ်သူ ဖြစ်ပါရစေဗျာ. . .၊ ကျွန်တော် ထားကို ချစ်တယ်ဗျာ"

လှည့်မကြည့်မိဘဲ အလိုလို ပြုံးလိုက်မိသည်။

"ဘာပြုံးတာလဲ ထား"

"မဆိုးပါဘူး၊ ကိုညိုမြင့်လွင်က အခွင့်အရေးကို အသုံးချတတ်သားပဲ"

"အဲဒီလို မထင်ပါနဲ့ ထားရယ်၊ ကျွန်တော် ထားကို ချစ်တယ်ဆိုတာ အခုမှ နှုတ်ကဖွင့်ပြောခွင့်ရပေမဲ့ ကျွန်တော်ပြောချင်နေတာ ကြာပါပြီ"

"အင်းလေ . . . ဒါကြောင့် အခွင့်အရေးကို အသုံးချတတ်တယ် ပြောတာပေါ့"

"ကျွန်တော်မှာ ထားနဲ့ ဒီလိုနှစ်ယောက်တည်းဆုံဖို့ဆိုတာ အရမ်းခက်ပါတယ်၊ အခုဆုံတုန်းမှာ ကျွန်တော့်ရင်ထဲမှာ ပေါက်ကွဲထွက်လာတဲ့ စကားပါ ထား။ ဒီအခွင့်အရေးရအောင်လို့ ဒီလို တမင်ဖန်တီးတယ်တော့ မထင်စေချင်ဘူး"

"ထား တစ်ခုပြောမယ် ကိုညိုမြင့်လွင်"

"ပြောပါ ထား"

"ထားကိုလေ ကိုညိုမြင့်လွင်က အခုလို ဖွင့်ပြောမလာခဲ့ရင် ကိုညိုမြင့်လွင်ကို ထား ပိုပြီးအထင်ကြီးမိမယ် ထင်တယ်"

"ဗျာ . . . ဗျာ"

"နားမလည်ဘူးလား"

"ကျွန်တော် နားမလည်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ခင်အောင် မင်အောင် ပေါင်းမယ်၊ ပြီးရင် ချစ်ခွင့်တောင်းမယ်၊ အဲဒါ ကျွန်မ တွက်ထားတာ၊ အဲဒီလို တွက်ထားတဲ့အတိုင်း ဝင်လာတာကို ကျွန်မ မကြိုက်ဘူး"

"ဘာကြောင့်လဲဗျာ . . . ချစ်တာကို ကျွန်တော် ချစ်တယ်လို့ မပြောရဘူးလား ထားရယ်"

"နောက်ပိုင်းမှာ ကျွန်မ တွက်ထားတာတွေ ရှိမှာပေါ့၊ အဲဒီလိုတွေ ဆက်ဝင်မလာဘူးလို့ ဘယ်သူ ပြောနိုင်မှာတဲ့လဲ"

"ထားက ဘာတွေ တွက်ထားလို့လဲ"

"အဲဒါတွေ အခု မပြောသေးဘူး ကိုညိုမင်းလွင်"

"ကျွန်တော်တော့ ထားကို နားမလည်တော့ဘူး"

တစ်ချက် မျက်လွှာပင့်ကြည့်ဖြစ်သည်။ အသားအရေကောင်းသော မိန်းကလေးတစ်ယောက်၏ အသားနှယ် ဝင်းမွတ်နေသော မျက်နှာကို သတိထားဖြစ်သည်။ ညိုမင်းလွင်ကို အသားဖြူသည်ဟု ခပ်လွယ်လွယ် ပြောကြသော်လည်း အမှန်မှာ သူ့အသားရောင်က အဖြူမဟုတ်ဘဲ ဝင်းမွတ်နေသည့် အသားပါလား။

"ကိုညိုမင်းလွင်က တော်တော်လေး ချောပါတယ်၊ ကျွန်မနဲ့ မလိုက်ဖက်ပါဘူး၊ ကျွန်မထက်ချောတဲ့ ဟိုအရင်တွဲခဲ့တဲ့ ကောင်မလေးတွေနဲ့မှ လိုက်တာ"

စကားကိုဖော့ရင်း ထားသက်လှိုင်က ခပ်ပြုံးပြုံးပြောသည်။

"ကျွန်တော့်ကို ချောတယ်ဆိုပြီး တွဲတဲ့ကောင်မလေးတွေကို ကျွန်တော် မလိုချင်တော့ဘူး ထား၊ ကျွန်တော့်စိတ်ကို သဘောကျတဲ့သူ၊ ကျွန်တော့်ကို ရုပ်ကြောင့်မဟုတ်ဘဲ ချစ်တဲ့သူကို ကျွန်တော်



ချင်တာ၊ ပြီးတော့ ကျွန်တော်က ထားကို သဘောကျတယ်၊ ချစ်လို့ သဘောကျတာ၊ အကောင်းချည်း မြင်တာလို့ ပြောချင် ပြောလို့ တော့ ရတာပေါ့ . . .။

ကျွန်တော်က ထားလို အသားညိုပြီး စိုနေတာကို သဘောကျတယ်၊ အေးဆေးတည်ငြိမ်တဲ့ ထားမျက်နှာကို ကြည့်ရတာ မပူသောင်ဘူး၊ ထားမျက်နှာကို ကျွန်တော် ခဏခဏ မြင်ယောင်နေတတ်တယ်"

"အပြောလည်း ကောင်းတယ်တဲ့"

မျက်လွှာပင့်ကြည့်ရင်း အရယ်နှောကာ ပြောလိုက်၏။

"ကျွန်တော်ပြောတာကို မစဉ်းစားတော့ဘူးလား"

"ရှင်"

"ကျွန်တော် ထားကို ချစ်တယ်၊ အဲဒါ စဉ်းစားပေးဖို့ . . ."

"ကျွန်မ တစ်ခုပြောမယ် ကိုညိုမင်းလွင်"

"ပြော"

"ကျွန်မဘဝမှာ ကျွန်မချစ်သူကိုပဲ ကျွန်မ လက်ထပ်ချင်တယ်၊ ကျွန်မ လက်ထပ်မဲ့သူကိုပဲ ချစ်တယ် ပြောချင်တယ် ကိုညိုမင်းလွင်"

"ကျွန်တော့်ကို မယုံတာလား"

ဘာမှ ပြန်မပြောမိ။ အဆောင်ရှိသည့် လမ်းကြားထဲသို့ ကွေ့ဝင်လိုက်သည်။

"ပြောပါဦး ထား"

"တော်ပြီ . . . ကိုညိုမင်းလွင်၊ ကျွန်မ ဘာမှ ဆက်မပြော

www.burmeseclassic.com

www.burmeseclassic.com

ပါနေနော် ထား"

"ကျွန်တော် ထားကို လက်ထပ်နိုင်ပါတယ်"

"စကားတွေ အပို မပြောပါနဲ့ ကိုညီမြင့်လွင်၊ ကဲ . . ." တိစ္ဆ ထားလိုက်ပါတော့၊ အဆောင် ရောက်တော့မယ်၊ အဆောင် ရောက်ရင် အဆောင်ရှေ့မှာပဲ စောင့်နေ ဟုတ်လား၊ ထား ဆင်းလာပြီး ပြောမယ်"

ထားသက်လှိုင်က စကားကို အတင်းဖြတ်လိုက်၏။

ညီမြင့်လွင်ထံမှ မသက်မသာ လေပူမှုတ်ထုတ်သံကို ကြားလိုက်ရပြန်သည်။

အဆောင်ဝန်းကို လှမ်းမြင်ရပြီ။

✿ ✿ ✿

[၂၈]

အခန်းထဲ ရောက်တော့ အေးအေးလွင် အဖျားတက်နေတာကို တွေ့သည်။ အေးအေးလွင်ကို တက္ကသိုလ်ဆေးရုံ သွားဖို့ ပြောသည်။ အေးအေးလွင်က နင့်သဘောဟုဆိုတော့ ခဏနေဦးဟု ပြောကာ အခန်းထဲမှ ထွက်ခဲ့၏။

အဆောင်ပေါ်မှ ဆင်းပြီး အဆောင်ရှေ့မှ ရပ်စောင့်နေသော ညီမြင့်လွင်ဆီ လျှောက်သည်။

"ဘယ်လိုလဲ ထား"

ဟု ဆီးမေး၏။

"အဖျားတက်နေတယ် ကိုညီမြင့်လွင်၊ တက္ကသိုလ်ဆေးရုံ ပို့တာ ကောင်းမယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပို့လေ . . . ကျွန်တော် ကား ပြန်ယူလိုက်မယ်"

ထားသက်လှိုင်က ခေါင်းညိတ်ပြလိုက်၏။

"ဒါဆို ကျွန်တော် သွားမယ်၊ မကြာပါဘူး၊ ခဏလေးပါ"

"ထား အဆောင်ရှေ့က စောင့်နေမယ်"

ခေါင်းညိတ်ပြရင်း ညိုမြင်းလွင် ထွက်သွားသည်။ ထားသက်လှိုင်က အဆောင်ပေါ် ပြန်တက်ခဲ့၏။ အေးအေးလွင်အတွက် ယူစရာပစ္စည်းများကို စုသည်။ သူ ညစောင့်အိပ်မည် ဖြစ်သဖြင့် သူ့အတွက် လိုအပ်သည်များကိုပါ စဉ်းစားရ၏။

✿

ပစ္စည်းတွေ ထည့်ပြီး သိပ်မကြာခင်မှာပင် အဆောင်ရှေ့မှာ ကားရပ်သံ ကြားရ၏။ ကိုညိုမြင်းလွင်ကား မဟုတ်လောက်သေးဘူး ထင်သော်လည်း သေချာအောင် ထွက်ကြည့်သည်။

ကားရပ်ထားရာမှ ကိုညိုမြင်းလွင် ဆင်းလာတာ တွေ့ရတော့ အံ့ဩသည်။ သည်လောက်အချိန်နှင့် ပြန်မရောက်လောက်သေးဟု ထင်ထားမိသည်။

ဆွယ်တာပေါ်မှာ ဂျင်းဂျာကင် ထပ်ဝတ်ထားသော အေးအေးလွင်ကို တွဲမည်ပြု၏။

"ရတယ် . . . ငါဘာသာ ဖြည်းဖြည်းဆင်းလာခဲ့မယ်"

"ဖြစ်ပါ့မလား"

"ဖြစ်တယ်"



"ဒါဆို ရှေ့က သွား၊ ငါ နောက်က လိုက်မယ်"

"ပစ္စည်းတွေ ထည့်ထားသော လွယ်အိတ်ကို လွယ်ရင်း လက်တစ်ဖက်မှ ပလပ်စတစ်ဆွဲခြင်းကို ဆွဲကာ အဆောင်ပေါ်မှ ဆင်းခဲ့၏။

အဆောင်အပြင်ရောက်တော့ ညိုမြင်းလွင် အနားကို ရောက်လာသည်။

"ပစ္စည်းတွေ ပေး . . . ထား"

"ရတယ် ကိုညိုမြင်းလွင်"

"ပေးပါ"

ပလပ်စတစ်ဆွဲခြင်းကို ပေးလိုက်ပြီး၊ အေးအေးလွင်ကို လက်တစ်ဖက်ဖြင့် တွဲကာ ကားဆီ လာသည်။

ညိုမြင်းလွင်က ကားနောက်တံခါးကို ဖွင့်ပေးလိုက်၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂၁]

ထိုနေ့က ဝယ်စရာခြမ်းစရာ ရှိသည်များကို ညိုမင်းလွင်က ကားနှင့် ထွက်ဝယ်ပေးသည်။

ညနေပိုင်းရောက်တော့ ညိုမင်းလွင်ပြောလိုက်လို့ သိသွားသော သန္တာအောင်တို့ ရောက်လာကြသည်။ သန္တာအောင်နှင့် သက်သက်ထွေးတို့ ပြန်သွားပြီး သိပ်မကြာမီမှာပင် ညိုမင်းလွင်နှင့် ခင်မောင်ဝင်းတို့ ရောက်လာကြသည်။

"မနက်စောစော ရောက်အောင် လာခဲ့မယ်"

ဟု ညိုမင်းလွင်က နှုတ်ဆက်ရင်း ပြောသည်။

"ရတယ် . . . မလာပါနဲ့ ဖြစ်ပါတယ်"

"ကျွန်တော် ထားကို တွေ့ချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု လေသံတိုးတိုး ပြောလိုက်စဉ် ထားသက်လှိုင်က ရှက်ပြီး ခေါင်းငုံ့လိုက်၏။

ညိုမင်းလွင် ပြန်သွားပြီးတော့ ညိုမင်းလွင်နှင့် ပတ်သက်သည့် အတွေးစများက ရင်မှာ ကျန်ခဲ့သည်ကိုတော့ ထားသက်လှိုင် ဘာသာ သိနေသည်။

✿

ရင်ထဲမှာ လှုပ်ရှားစိတ်ဖြင့် အနေခက်သည်။

နှလုံးသားက လက်ခံနိုင်သည့် အရာဖြစ်လျက် ဦးနှောက်က ပယ်ဖျက် ငြင်းဆန်သည်။

သူ့မေတ္တာအရိပ်၌ ထာဝရ မှေးမှိတ် နားခိုလိုသည်။

သူ့အကြင်နာ အယုအယဖြင့် ဘဝအမောကို ပြေလျော့သက်သာသွားစေချင်သည်။

သူ့ရင်ခွင်ကျယ်မှာ မျက်နှာအပ်ရပါက အလုံခြုံဆုံး ဘဝတစ်ခု ဖြစ်မည် တွေးဖူးသည်။

ကမ်းလင့်သည့်လက်ကို တွဲမှီခိုတွယ်လျက် သူ့ပခုံးထက်မှာ ခေါင်းကို မှီနွဲ့ကာ သံသယ ဟိုတစ်ဖက်စွန်းအထိ သွားချင်စမ်းပါဘိ။

စိတ်ကူးယဉ်၍ကြည့်ဖူးသည့် အရာများစွာဖြင့် သူ့ကို စိတ်ကူးထဲမှာ တွယ်တာမိသည်။ သူ့ဆံပင်တို့ကို စိတ်ကူးဖြင့် ဖြီးသင်ပေးဖူးသကဲ့သို့ သူ့ခြေသည်းလက်သည်းတို့ကိုလည်း စိတ်ကူးဖြင့် ညှပ်ပေးခဲ့ဖူးသည်ပဲ။



တကယ့်ဘဝထဲကို သူ ဝင်လာမည်ဆိုတော့ ဦးနှောက်က အတင်းငြင်းဆန်သည်။

သူ့ကို မယုံရဲစိတ်က နှလုံးသားမှာ အခြေတည်လျက် ရင့်ရော်လေပြီ။ အညှောင့်နုနုလို မေတ္တာထုဖြင့် ဖုံး၍ မြင်ခွင့်မရအောင် ဖျက်ဆီးမရနိုင်တော့။

ငါထင်ထားသလို ငါ့ကို ချစ်ရေးဆိုပြီ၊ ပြီးတော့ ငါ စွဲမက်သွားအောင် သူ လုပ်မည်။ နောက်ဆုံး ငါ့ကို ထားခဲ့ကာ ငါ့နှလုံးသားကို တစ်စစီ ခွဲလျက် သူ အောင်ပွဲခံတော့မည်။

သူ့မာနကို ထိပါးခဲ့ဖူးသူ ယုံမှတ်လျက် ငါ့မာနနှင့် ငါ့နှလုံးသားကို သူခြေဖဝါးအောက်ရောက်အောင် ကြံဆောင်နေသူပါလား။

သည်လို သိပါလျက် တွယ်မက်တိမ်းမူးတတ်သော မိမိနှလုံးသားကို မိမိမကျေနပ်ချင်ပြန်။

သူ ငါ့ကို တကယ်ချစ်တာ မဟုတ်ပါဘူးဟု သံသယဝင်ရင်းဖြင့် သူ တကယ်နှစ်နှစ်ကာကာ ချစ်လာစေချင်မိသော မိမိဆန္ဒသည် မဖုံးသာ မကွယ်သာတော့။

သူ့ကို ချစ်စိတ်တစ်ခုတည်းဖြင့် မိမိဘဝကို သူကြိုက်သလို အနိုင်ယူပါစေတော့ဟု တင်းထားသည့်စိတ်ကို ဖြေလျှော့လိုက်ချင်ပြန်သည်။

သို့တိုင်လျက် မိမိဘဝသည် မိမိတစ်ဦးတည်းသာ တည်ဆောက်ရမည့်ဘဝ မဟုတ်မှုဘဲ မိမိ၏ အဖေအမေနှင့် ညီမလေးတို့သာ မိမိဘဝနှင့် ဆက်နွှယ်နေပါလားဟု စဉ်းစားရပြန်တော့ ပို၍ရင်မော စိတ်ရှုပ်သည်။

www.burmeseclassic.com



အိပ်မပျော်ညကို ကာလရှည်စွာ ဖြတ်သန်းရမည်ဟု ထားသက်လှိုင် သိနေပြန်တော့၏။

✿ ✿ ✿

[၂၂]

နှစ်ရက်အကြာမှာ အေးအေးလွင်၏ရောဂါ သက်သာသွားသော်ငြား ထားသက်လှိုင်၏ ဝေဒနာကား အဆမျှားစွာ ပိုး၍လာတော့သည်။

မနက် တစ်ခါ၊ ညနေ တစ်ခါ ညိုမြင်းလွင်က နှစ်ခါ လာတွေ့သည်။ သန္တာအောင်တို့က ခဏနေနိုင်သော်လည်း ညိုမြင်းလွင်ကတော့ ထားသက်လှိုင် မနှင်မချင်း မပြန်။ ရင်းနှီးကျွမ်းဝင်မှုသည် ယခင်ကထက် များစွာ ပိုလာပြီ။ နှစ်ယောက်တည်း ကျန်ခဲ့၍ စကားပြောရန် အခွင့်အရေးရတိုင်း ညိုမြင်းလွင်က ချစ်စကားဆိုစမြဲ။ ထားသက်လှိုင်က စကားကို ဖြတ်သည်။ မနှစ်မြို့ဟန်ကို ပြသည်။

ညိုမြင်းလွင်ပြန်သွားပြီးမှ သူပြုမူခဲ့သည့် အမူအရာအပြောအဆိုတို့နှင့် ဆန့်ကျင်စွာ စိတ်ကူးဖွဲ့ဖြစ်တော့၏။ အပြင်မှာ စည်းပြုံးလျက် စိမ်းဟန်ပြသမျှ စိတ်ကူးမှာ ရင်းနှီး နွေးထွေးမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ သက်သာသွားပဲ၊ ထမင်း သွားစားရအောင် ထား"

"လိုက်သွားလေ ထား၊ အေးလွင် သက်သာနေတာပဲ"

ထမင်းစားရန် ညိုမြင်းလွင် ခေါ်စမြဲ။ အေးအေးလွင်က သည်း တိုက်တွန်းစမြဲ။

"တော်ပြီ၊ ကိုညိုမြင်းလွင် သွားစားပါ"

"ထားမှ မစားရသေးတာ"

"ထား မဆာပါဘူး"

"ဟာ . . . မဟုတ်တာ"

"ကဲ . . . ဒီလိုဆိုလည်း ထားအတွက် ဝယ်ခဲ့နော်၊ ထား ချိုင့်လေး ပေးလိုက်မယ်"

ညိုမြင်းလွင် ထွက်တော့မှ သူနှင့်အတူ လိုက်မသွားမိတာ မှားပြီလား နောင်တရချင်သည်။ သူနှင့်အတူ လျှောက်ရသော ခဏ တို့သည် ငြီးငွေ့ဖွယ်ဟု မရှိ။ သူ့စကားတို့ကို မယုံဘူးဟု အားတင်း ငြင်းဆန်နေမိပါလျက် ဆက်၍ နားထောင်ချင်အောင် ချိုမြိန်လွန်း သည် ထင်၏။

သူနှင့်အတူ ထမင်းစားပါက သူ ဘာသားကို ကြိုက်သည် ဟု သိရမည် တွေးသည်။ သူမ၏ ထမင်းပန်းကန်ထဲသို့ သူက ဟင်းတွေ ဆယ်ထည့်ပေးဦးမှာလား၊ ငရုပ်သီးအစပ်ကို သူမ မစား နိုင်တာ သူ့ကို ပြောမိလေမလား။

ထမင်းစားပွဲမှ ကြည်နူးစရာလေးများကို ထားသက်လှိုင် စိတ်ကူးယဉ်ဖြစ်ပြန်သည်ပဲ။

✿ ✿ ✿

[၂၃]

နင် ကိုညိုမြင်းလွင်ကို စဉ်းစားဖို့ ကောင်းတယ် ထား"

အေးအေးလွင် ဆေးရုံက ဆင်းလာပြီးနောက်မှာတော့ အေးအေးလွင်က ထားသက်လှိုင်ကို နားချသည်။

"အရင်တုန်းကလို ရည်းစားတွေ မှိုလိုပေါက်ထားဖြီး နောက်နောက်ပြောင်ပြောင်ဆိုရင်တော့ တစ်မျိုးပေါ့၊ အခု သူ့အချိုး တွေ အကုန် ပြောင်းနေတာပဲ"

"ဟန်ဆောင်နေတာ မဖြစ်နိုင်ဘူးလို့ ပြောရဲလား"

"ဟန်ဆောင်ရင် ကြာကြာဟန်ဆောင်လို့ မရနိုင်ပါဘူး ထားရယ်၊ ပြီးတော့ ကိုညိုမြင်းလွင်က စိတ်ကောင်းရှိပါတယ်၊ သူ့မှာ သတ်မာ ကောက်ကျစ်တဲ့စိတ် ရှိပုံမရဘူး"

အေးအေးလွင်စကားကို နားထောင်ရင်း သက်ပြင်းကို ငွေ့ငွေ့ချဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည့်ခါနီး လရောင်သည် သူတို့အခန်းတွင်းသို့ ပြတင်းမှ တစ်ဆင့် ဝင်သည်။ မိုးရိပ်မိုးငွေ့ လွတ်သောညမို့ ကောင်းကင်မှာ ကြယ်တလေးတွေကို မြင်နိုင်သေး၏။ ခုတင်ပေါ်မှာ ထားသက်လှိုင် တင်ပါးလွှဲချ ထိုင်နေရာရှေ့သို့ အေးအေးလွင် တိုးလာရပ်သည်။

"ငါ နင့်ကို မေးမယ် ထား"

ထားသက်လှိုင်က ရှေ့မှာရပ်နေသည့် အေးအေးလွင် မျက်နှာကို မော့ကြည့်သည်။

"စာမေးပွဲ ဖြေရတော့မယ်၊ ကျောင်းတွေလည်း ပိတ်ခါနီး ပြီ၊ ပြီးတော့ ဒါ နောက်ဆုံးနှစ်ဆိုတာ မမေ့ထားသင့်ဘူး"

"အဲဒီတော့ နင် ဘာမေးချင်တာလဲ"

"ငါ ပြောချင်တာက အချိန်မရှိဘူး ထား၊ နင် သူ့ကို ဘယ်အထိ ဆက်လေ့လာဦးမလို့လဲ"

သက်ပြင်းကို ချရင်း . . .

"ငါ အချိန်ဆွဲနေတယ်လို့ နင် ထင်လို့လား"

"ဟုတ်တယ်"

"နင် မှားသွားပြီ အေးလွင်၊ ငါ ယတိပြတ် ဆုံးဖြတ်ပြီးသား"

"ဘာလဲ"

"သူ့ကို ငါ အဖြေမပေးဘူး"

အေးအေးလွင်က ထားသက်လှိုင်၏ဘေးမှာ ကပ်ပြီး ထိုင် ချလိုက်သည်။

"နင့်နှလုံးသားကို နင် ညာနေတာပဲ ထား"

"ငါ မညာဘူး"



"ဒါဆို နင် သူ့ကို မချစ်ဘူးပေါ့"

အေးအေးလွင်မျက်နှာကို စူးစိုက်ကြည့်မိသည်။ အဖြေ သည် ချက်ချင်းထွက်မလာနိုင်ဘဲ လည်ချောင်းဝမှာ တစ်ဆို့၏။ တဲတွေးမျိုချရင်း ကြေကွဲဆို့နစ်မှုကို ထိန်းချုပ်ကြည့်သေး၏။

"ငါ သူ့ကို အရမ်းချစ်တယ် အေးလွင်"

အသံထဲမှာ ကြေကွဲရိပ်တို့ ပါနေမည်။ အက်ရှ တုန်ယင် သော အသံသည် ရှိုက်သံ၏ ရှေ့ပြေးဖြစ်မည်လား မသိ။ ထိန်းချုပ် ထားသည့်ကြားမှ မျက်ရည်ခတို့ ပါးပြင်ပေါ်စီးကျသည်။ နောက်ဆုံး မှာတော့ စိတ်ကို လွှတ်ပေးလိုက်မိပြီး အေးအေးလွင်ကို ဖက်ကာ အားပါးတရ ငိုချလိုက်မိတော့၏။

"ဒါပေမဲ့ ငါ့အချစ်ကို သူ ဘယ်တော့မှ မသိစေရဘူး၊ ငါ အသိမခံဘူး"

ရှိုက်သံရောသည့် စကား နှုတ်ဖျားမှ ထွက်လာသည်။

"နင်က တရူးစားပဲ ထား"

သိမ့်သိမ့်ခါနေသည့် ကျောပြင်ကို သပ်ရင်း အေးအေးလွင် ပြော၏။ အေးအေးလွင်ရင်ခွင်မှ မျက်နှာကို ခွာကာ မျက်ရည်စ တို့ကို ထားသက်လှိုင် သုတ်၏။

"ငါချစ်တာ သူမသိဘဲ ငါဆက်ချစ်နေလို့ ရတာပဲ . . . အေးလွင်ရယ်"

လရောင် ထိုးကျနေသည့် ပြတင်းဆီ လှမ်းငေးရင်း ပြော လိုက်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၂၄]

ရန်ကုန်ဆောင်းသည် ဆောင်းပီသမှုကိုပင် ပြခွင့် မရလိုက်။ နွေ၏ ရွှေ့ပြောင်းရာသီတစ်ခုနှယ်ပင်။ ဆောင်းနှင်း မဝေ၊ ဝိမ့်နေအောင် မအေးလိုက်ရသော ဆောင်းသည် မိုးနှောင်းနှင့် နွေကြားမှ ကာလငယ်တစ်ခုသာ။

မကြာမီမှာပင် ဝါရွက်တို့ လဲထားသည့် ပိတောက်ပင်တို့ ဝိမ်းညို့၍ လာပြီ။ ဉသြသံကို ရံဖန်ရံခါ ကြားလာနိုင်ပါရောလား။

"ဟော . . . ဉသြသံ ကြားရဲ့လား ထား"

အသံတိတ်ဆိတ်လျက် ငေးမိငေးရာ ငေးနေရာမှ ဉသြသံ သဲ့သဲ့အကြားမှာ ညိုမြင်းလွင်က ငဲ့စောင်းကြည့်ရင်း ပြောလိုက်၏။ အကြည့်ဆုံရင်း ထားသက်လှိုင်က ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထားကို ကျွန်တော် ချစ်မိပြီးတဲ့နောက်မှာ အရာရာကို ကျွန်တော် ခံစားတတ်လာတယ် ထား"

ထားသက်လှိုင်က ပြုံးသည်။

"တကယ် ပြောတာပါ၊ အရင်က ဥဩသံဟာ ကျွန်တော့်အတွက်တော့ ငှက်တစ်ကောင်ရဲ့ မြည်သံပါပဲ၊ သစ်ရွက်ကြွေတာလည်း သဘာဝတစ်ခုပါပဲ၊ ဒါထက်ပိုပြီး ခံစားရစရာ အကြောင်းမရှိခဲ့ဘူးလေ . . .။

အခုတော့ အဲဒီသဘာဝအတိုင်း ဖြစ်တာမှန်သမျှကို ကျွန်တော် ခံစားတတ်လာခဲ့တယ်၊ မှတ်မှတ်ထင်ထင် ရှိလာခဲ့တယ် ထား အချစ်နဲ့ တွေ့ရင် လူတိုင်းဟာ ကဗျာဆရာ ဖြစ်သွားတယ်ဆိုတာကို ကျွန်တော် ယုံသွားပြီ၊ ကျွန်တော် ကဗျာတွေ မရေးတတ်ပေမယ့် ကဗျာအတွေးတွေ ကျွန်တော့်ရင်ထဲမှာ ပြည့်နေတာပဲ၊ ဒီနှစ် ဥဩစ တွန်တာ ဘယ်ရက်လဲ၊ ထား သတိထားမိရဲ့လား"

"ဟင့်အင်း . . ."

"မတ်လ နှစ်ရက်နေ့ ထားရဲ့ မနက်စောစော ဥဩသံကို စ, ကြားရတာ၊ ကျွန်တော့်ဒိုင်ယာရီမှာ ရေးထားလိုက်တယ်"

"ကိုညိုမြင်းလွင်လည်း စိတ်ကူးယဉ်တတ်နေပြီနော်"

"ပြောလို့ရပါတယ်၊ ကျွန်တော်က အစက လက်တွေ့သမားပါ၊ လက်တွေ့မပါရင် ဘာမှ စိတ်ကူးမကြည့်ချင်ဘူး၊ အခုတော့ ထားကို ချစ်မိတာကိုက ကျွန်တော် စိတ်ကူးယဉ်မိသလို ဖြစ်နေပြီလေ"

"ဒါဆို တကယ်ချစ်တာ မဟုတ်ဘူးပေါ့"



"ကျွန်တော် ပြောချင်တာက ကျွန်တော်က တကယ်ချစ်တာပါ၊ ထားဆီက မေတ္တာကို တောင်းခံနေမိတာက စိတ်ကူးယဉ်မိနေသလိုပါပဲ"

"ထားက စိတ်ကူးမယဉ်ချင်လို့ ကိုညိုမြင်းလွင်ကို အဖြေမပေးတာ"

"ထားရယ် . . ."

ဝေ့အတိုက်မှာ ကြွေကျသွားသည့် ကံ့ကော်ရွက်ဆီ ထားသက်လှိုင် အကြည့်ကို ပို့ထားလိုက်သည်။ အတန်းတက်တော့မည်ဟု အေးအေးလွင် ထအရပ်မှာ ညိုမြင်းလွင်က စကားပြောရအောင် ထားရယ်၊ မတက်ပါနဲ့လားဟု ပြောခဲ့သည်ကို လိုက်လျောခဲ့မိတာများပြီလား စဉ်းစားသည်။

ညိုမြင်းလွင်နှင့် စကားပြောရသည်ကို ကြည်နူး ကျေနပ်နေတတ်သည့် မိမိအတွင်းစိတ်ကို ဘာသာအသိဆုံး။ သိပ်လည်း အရေးမကြီးပါဘူး၊ နေခဲ့ ထား . . . ဟု အေးအေးလွင်အပြောမှာ သူ ထိုင်ရာမှ မထဖြစ်ခဲ့။

"ကျွန်တော် ထားကို ချစ်တယ်ဆိုတာ လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာပါ ထား"

လွင့်ထွက်လာသည့် စကားကြောင့် မျက်နှာဆီ လှမ်းကြည့်မိ၏။

"မဖြစ်နိုင်တာတွေ မပြောပါနဲ့တော့ ကိုညိုမြင်းလွင်ရယ်"

"မဟုတ်ဘူး ထား . . . ထားက လူလွတ်၊ ကျွန်တော်က လူလွတ်၊ ထားနဲ့ကျွန်တော် လက်ထပ်ဖို့ကိစ္စ မဖြစ်နိုင်စရာ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေလို့လဲ"

"အလွယ်စဉ်းစားရင်တော့ အဲဒီလို စဉ်းစားလို့ ရတာပေါ့ ကိုညိုမြင်းလွှင်၊ ဒါပေမဲ့ လက်ထပ်တယ်ဆိုတာ လူနှစ်ယောက်တည်း ကိစ္စ မဟုတ်ပါဘူး"

"ကျွန်တော့်မိဘတွေ ကျွန်တော်ပိုင်တယ် ထား၊ နောက်ဆုံး မှာ ကုန်ကုန်ပြောရရင် ထားကို လက်ထပ်ဖို့အတွက် ကျွန်တော့် မိဘသဘောကိုလည်း ကျွန်တော် ဆန့်ကျင်ရဲပါတယ်"

မသက်မသာဖြင့် သက်ပြင်းကို ချလိုက်မိပြန်သည်။

"ကျွန်မဘက်က မဖြစ်ဘူး ကိုညိုမြင်းလွှင်"

"ချစ်ကြတယ်ဆိုရင် ကျွန်တော်တို့အားလုံး ရင်ဆိုင်ရဲကြ မှာပါ"

"ကျွန်မ ဒါကြောင့် ကိုညိုမြင်းလွှင်ကို ချစ်တယ်ဆိုတဲ့အဖြေ မပေးခဲ့တာပါပဲ"

"ထားရယ် . . ."

"ကိုညိုမြင်းလွှင် စိတ်ညစ်နေပြီလား"

ခပ်လျော့လျော့ ပြုံးရင်း ကြည့်သည်။ ပြန်ပြုံးပြသည့် ကိုညို မြင်းလွှင်၏ အပြုံးမှာလည်း အသက်မပါလှ။ သူ့ရင်ထဲက ဝေဒနာ သည် သူ့အပြုံးမှာ ထင်ဟပ် တွယ်ငြိနေပြီလား။

✿ ✿ ✿

[၂၅]

ညည့်သည်ရောက်တယ်ဆိုတော့ နည်းနည်းအံ့သြသွား သည်။

အေးအေးလွှင်ရော ထားသက်လှိုင်ပါ ပစ္စည်းတွေ ထုပ်ပိုး နေရင်းမှ တစ်ဦးမျက်နှာ တစ်ဦး ကြည့်ဖြစ်ပြန်၏။

"ကိုညိုမြင်းလွှင် ပဲဖြစ်မှာ"

ဟု အေးအေးလွှင် ပြောသည်။

"မဖြစ်နိုင်ပါဘူး၊ ကျောင်းမှာ တစ်ခါတည်း နှုတ်ဆက်ပြီး ပြီပဲ"

စာမေးပွဲ ဖြေအပြီးမှာ နောက်နေ့ နယ်ပြန်မည်ဆိုတော့ ညိုမြင်းလွှင် မျက်နှာပျက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒ္ဓန်တော့်အတွက် ဘာမျှော်လင့်စရာ ရှိသေးလဲ ထားဖ မေးသံ၌ ကြေကွဲသံပါနေတာ ထားသက်လှိုင် နားလည်၏။ မျှော် လင့်နေရတယ်ဆိုတာ အလွန်မောပါတယ် ကိုညိုမြင်းလွင်ရယ် ကျွန်မ ကိုညိုမြင်းလွင်အတွက် ဘာမှမပေးနိုင်တော့တာ ဝမ်းနည်းပ တယ်ဟု ပြောရင်း ကိုယ်တိုင် မျက်ရည်စို့ပြန်၏။

နောက်တော့ သူငယ်ချင်းတွေစုံပြီး နှုတ်ဆက်ကြ၊ နောက် ကြပြောင်ကြနှင့် သူတို့နှစ်ဦး စကားမဆိုဖြစ်တော့။ မနက်ဖြန် လိုက် ပို့ပါရစေဆိုသည့် မျက်နှာ၌ ခွဲရခြင်းအတွက် ဆွေးမြည့်ရိပ်သန်းနေ တာသိ၏။ ခေါင်းကိုခါယမ်းရင်း ကျွန်မကို ဘယ်သူမှ နှုတ်ဆက်တာ မကြိုက်လို့ပါဟု အားတင်းစကား သူပြောခဲ့ပြီးသား။

နေဝင်ပြီဆိုသော်လည်း အလင်းရောင်ရှိနေသေးသော အချိန်မှာပင် သူရောက်လာပြန်ပြီလား။

"နင်သွားလိုက်၊ နင့်ပစ္စည်းတွေကို ငါကြည့်လုပ်ထားမယ်"

ဟု အေးအေးလွင် ပြော၏။ ကြိုးတန်းပေါ်မှာ လွှားထားခ ဖြစ်သည့် မျက်နှာသုတ်ပဝါဖြင့် မျက်နှာကို သုတ်သည်။ လုံချည်ဖ ပြင်ဝတ်ပြီ။ ဆံပင်ဖားလျားကို လက်ထိုးသပ်လျက် နောက်သို့ပို့၏

အဆောင်ပေါ်က အဆင်းမှာ အနောက်ဘက်ဆီ၌ နေ ၏ နောက်ဆုံးလက်ကျန် ပုစွန်ဆီရောင် ကောင်းကင်ကို အမှ မထင် ကြည့်ဖြစ်၏။

အဆောင်ရှေ့မှ မြေကွက်လပ်မှာရှိသည့် ကတ္တီးပင်များ ရေတမာပင်များဆီအထိ ထိုအလင်းသည် ဖြန့်ကြဲနေသယောင်

ကတ္တီးပင်ကြီးကြီးအောက်မှ ခုံတန်းလျားမှာ နောက်ကျော



ပေးထိုင်သူသည် ကိုညိုမြင်းလွင်မှတစ်ပါး အခြားသူ မဖြစ်နိုင်ဟု သိရင်း ဝမ်းနည်းဝမ်းသာ ဖြစ်ပြန်ပြီ။

ဘယ်တော့မှ မမြင်နိုင်တော့တဲ့ မျက်နှာပါလားဟု ကျောင်း က အပြန်မှာ တွေးမိရင်း နှလုံးသား၌ ပူလောင်ခဲ့ရသည်။

ထိုမျက်နှာကို အခုပြန်တွေ့ခွင့်ရခြင်းအတွက် ဝမ်းသာမိ သော်ငြား နှလုံးသားမှ ဝေဒနာကို သူ ထပ်ဖြည့်ဦးမည်အသိက ဝမ်းနည်းချင်စရာပင်။

ခြေသံအကြားမှာ သူ ခေါင်းကို ငုံ့ကြည့်၏။ ငုံ့ကြည့်သည့် မျက်ဝန်း၌ သူ့ဝေဒနာအရိပ်တို့ တွဲခိုနေတာ ထားသက်လှိုင် မြင် သည်။

ခုံတန်းလျားထိပ်မှ ပတ်ပြီး သူ့ရှေ့မှာ ရပ်လျက် သူ့ကို စူးစိုက်ကြည့်မိပြန်၏။

လေအဝေ့မှာ နောက်ကျောမှ ဆံပင်စတို့ ဖွာလျက် ပခုံး ရှေ့သို့ ဝဲသည်။ လက်တစ်ဖက်ဖြင့် ဆံပင်စကို သပ်တင်ရင်း သက် ပြင်းကို ချမိပြန်၏။

"ကျွန်တော် ထားကို သိပ်တွေ့ချင်လို့ လာတာပါ"

စကားသံသည် အပြစ်ရှိသူကဲ့သို့ တိုးလျှိုးသိမ်မွေ့၏။

"ထိုင်ပါဦး ထား"

စကားခွန်းစ ပြန်ပြောဖို့ သူမမှာ မရှိတော့ပြီလားဟု ထား သက်လှိုင် တွေးသည်။ သူ့ဘေးမှာ ဝင်ထိုင်ရင်း ရှေ့ကျလာသည့် ဆံပင်စကို လက်ဖြင့် ကိုင်ထားမိလိုက်၏။

"ထား"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

အကြည့်ဆုံစဉ်မှာ ထိုမျက်ဝန်း၏ အတောက်အပဒ္ဒ ကြေကွဲရိပ်သန်းနေတာ မြင်သည်။

"ထား ကျွန်တော့်ကို တကယ်ပဲ ခွဲသွားတော့မှာလား"

ဝေဒနာက တွန်းထုတ်လိုက်သည့် နှလုံးသားမှ လာသော စကားဟု ခံစားနားလည်မိပြန်သည်။

"ကျွန်မ စကားကုန်ပါပြီ ကိုညိုမင်းလွင်ရယ်"

"မဟုတ်ဘူး ထား"

"ကျွန်မ ဘာမှ စိတ်ကူးမယဉ်ချင်ဘူး၊ မဖြစ်နိုင်တာတစ်ခုအတွက် ကျွန်မ ဘယ်တော့မှ ရှေ့ဆက်မတိုးဘူး"

"အဲဒီ မဖြစ်နိုင်တာကို ကျွန်တော် မသိရဘူးလား၊ ဟိုလေ . . . ကျွန်တော် ပြောချင်တာက ဘာအခက်အခဲရှိလဲ၊ ကျွန်တော်တို့ ဖြေရှင်းလို့ မရဘူးလား"

"ကျွန်မကိုယ်ရေးကိုယ်တာကို ကျွန်မ ဘယ်သူ့မှ ပြောလေ့မရှိပါဘူး"

လေပူမှုတ်ထုတ်ရင်း ညိုမင်းလွင်က ခေါင်းကို ယမ်းသည်။

"ဒါဆို . . . ကျွန်တော် တစ်ခုမေးပါရစေ"

"မေးလေ"

"ကျွန်တော့်ကို မယုံတာလားဗျာ"

ငုံ့စောင်းရင်း မျက်နှာကို လှည့်ကြည့်မိပြန်၏။

"ကျွန်မ အမှန်ကို ဖြေမယ်"

"ဖြေပါ ထား"



"ကျွန်မ ကိုညိုမင်းလွင်ကို မယုံဘူး"

"တကယ်"

"ဟုတ်တယ်၊ ဒါကတော့ စ,တွေ့စက ကျွန်မရင်ထဲမှာ စွဲသွားတဲ့ အစွဲအလမ်း ဖြစ်မှာပေါ့"

"အဲဒီ အစွဲအလမ်းကြီးကို ဖျောက်လိုက်ပါ ထားရယ်"

"ကျွန်မ ဖျောက်ချင်တယ် ကိုညိုမင်းလွင် . . . ယုံလား၊ ဒါပေမဲ့ ကျွန်မဗီဇကိုက အစွဲအလမ်းကြီးတယ်၊ ဖျောက်ဖို့ မလွယ်ဘူး၊ ကျွန်မစိတ်က အစွန်းရောက်နေတတ်တယ်"

"ထားယုံအောင် ကျွန်တော် ချက်ချင်း လက်ထပ်ပြီး သက်သေပြနိုင်ပါတယ် ထား"

"တော်ပါတော့ ကိုညိုမင်းလွင်ရယ်"

"တကယ်ပြောနေတာ ထား"

ထားသက်လှိုင်က တစ်ချက်ပြုံးသည်။

"ဘာပြုံးတာလဲ ထား"

"တစ်ခု သတိရလို့ပါ"

"ဘာကိုလဲ"

"ဆိုင်လား မဆိုင်လားတော့ မသိဘူး . . . အတွေးက ချက်ချင်း ရောက်သွားလို့"

"ပြောပါဦး"

"ဘုရင့်ဆီကို ငါးဆက်တဲ့ တံငါသည်ကို တန်စိုးလက်ဆောင်တောင်းတဲ့ တံခါးမှူးလေ၊ တံငါသည်က ရတဲ့ရလာဘ်ကို သက်ဝက်ပေးမယ် ပြောပြီး ကြိမ်ဒဏ်ကို ဆုလာဘ်အဖြစ်တောင်း

www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဒီတော့ တံခါးမှူးကို ထက်ဝက်ကြိမ်ဒဏ် ထိသွားတာ"

စတားကို ဖြတ်ပြီး ကြည့်၏။

"ကြားဖူးတယ်၊ ဒါပေမယ့် ထားက ဘာကို ဆိုလိုတာလဲ"

"အဲဒီပုံပြင်ထဲမှာ ကိုယ်ပါ အနာခံပြီး တံခါးမှူးကို ကြိမ်ဒဏ် ရစေတဲ့ တံငါသည်ရဲ့ စရိုက်လေ"

"အင်း . . ."

"တစ်ခါတလေမှာ ကိုယ်အနာခံပြီး သူများကို နစ်နာအောင် လုပ်တတ်တဲ့သူတွေ ရှိနေတယ်ဆိုတာ သတိထားမိတာပေါ့"

"သဘောပေါက်ပြီ ထား၊ ကိုယ်က ထားကို အိမ်ထောင်ရေးဒုက္ခပေးဖို့ အနာခံပြီး လက်ထပ်မှာကို ပြောချင်တာ မဟုတ်လား"

ညိုမြင်းလွင်က ကျွန်တော်ဟု ပြောနေရာမှ ကိုယ်ဆိုသည့်နာမ်စားကို စ,သုံးလိုက်တာ ကြားရပြီး ရင်မှာ လှိုက်ခနဲ ခံစားလိုက်ရပြန်တာ ဘာသာသိ၏။

"အဲဒီလို တွေးရင် ရတယ်လို့ ပြောတာပါ"

"ထားရယ် . . . သိပ်လည်း အတွေးမခေါင်ချင်စမ်းပါနဲ့၊ ချစ်တဲ့သူတစ်ယောက်ကို ဘယ်သူကမှ ဒုက္ခမရောက်စေချင်တာ အမှန်ပဲ၊ အင်းလေ . . . ခက်တာက ကိုယ့်အချစ်ကိုမှ ထားပ မယုံတာ"

"ကျွန်မလည်း ယုံချင်ပါတယ်"

ခေါင်းကို ငုံ့ပြီး နှုတ်မှ ဘာသာထွက်သွားသည့် စကားအတွက် နောင်တရချင်သလိုပင်။

"ကျွန်မ တစ်ခုပြောမယ် ကိုညိုမြင်းလွင်၊ လူတစ်ယောက်



ကို ချစ်တာက ဘယ်လိုဖြစ်မှ ဘယ်လိုအနေအထားရှိမှဆိုတဲ့ ကန့်သတ်ချက်တွေ မရှိနိုင်ပါဘူး၊ အချစ်မှာ အခြေအနေဆိုတာ ထည့်တွက်ချိန် မရှိဘူးလို့ ကျွန်မ ထင်တယ်လေ . . .

"ကျွန်မ ကိုညိုမြင်းလွင်ကို မယုံကြည်ရင်လည်း ချစ်ချင်ချစ်မိမှာပါပဲ၊ စိတ်မချရင်လည်း ချစ်နေမိချင် ချစ်နေမိမှာပါပဲ၊ ဒါက ချစ်တဲ့အပိုင်းကို ပြောတာပါ၊ ဘဝချင်းဆုံဖို့ လက်ထပ်ဖို့ဆိုတာတွေကတော့ ခံစားမှုသက်သက် မဟုတ်ဘူးလို့ ကျွန်မနားလည်ထားပါတယ် . . .

"ကျွန်မတို့က ဆယ်ကျော်သက်တွေလို ခုတွေ့ခုညား လုပ်ရဲတဲ့ သတ္တိ မရှိတော့ဘူးလေ၊ ဒီတော့ ကျွန်မ ကိုညိုမြင်းလွင်ကို တောင်းပန်ပါရစေ၊ ကျွန်မကို ချစ်လားဆိုတဲ့အဖြေ မတောင်းပါနဲ့တော့နော်"

"ထားရယ်"

"ကျွန်မ တကယ်တောင်းပန်မိတာပါ"

လှိုက်မောသံဖြင့် အသံက တုန်ချင်ပြီ။

"လက်ထပ်ခွင့်တော့ ကျွန်တော် မျှော်လင့်နေပါရစေ"

"ကျွန်မ အပြတ်ပြောပါရစေ . . . ကျွန်မကြောင့် ကိုညိုမြင်းလွင်ရဲ့ ဘဝရှေ့ခရီးမှာ မနှောင့်နှေးစေချင်ပါဘူး၊ ကျွန်မ ကိုညိုမြင်းလွင်ကို လက်မထပ်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲ မမေးပါနဲ့၊ ဟြာရင် ကျွန်မ . . . ကျွန်မ ငိုမိတော့မယ်"

"ကိုယ် ထားကို နားမလည်နိုင်တော့ပါဘူး ထားရယ်"

အားလျော့သံသည် ညိုမြင်းလွင် နှုတ်မှထွက်၏။ ရှေ့တူရူ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကို ငေးစိုက်ကြည့်ကြရင်း ခေတ္တငြိမ်သက်သွားပြန်သည်။ တစ်ချက် ဒေါ့ဖြတ်သွားစဉ် မြေပေါ်မှာကျကြွေနေသည့် ရေတမာရွက်ခြောက် တို့ အရွေ့အလျားကြောင့် အသံမြည်၏။

ဆည်းဆာ ရုပ်သိမ်းသွားသော်ငြား အလင်းဖျော့ကာ ကျန်နေဆဲ။

"ကျွန်တော် ထားအတွက် ယူလာတာ"

သူ့အင်္ကျီအိတ်ထဲမှ ပို့စ်ကတ်ကလေးကို ထုတ်ပေးလိုက် သည်။ သွေ့ခြောက်သည့် အပူရောင်ထဲမှ သစ်ခြောက်ပင် တစ်ပင် အပင်ရင်းမှာ ဝါရွက်ခြောက်တွေနှင့် . . .။

"အမှတ်တရ သိမ်းထားပါ ထား၊ အဲဒီ ပို့စ်ကတ်နောက်မှာ ကဗျာလေးတစ်ပုဒ် ရေးထားတယ်"

"ကိုညိုမြင်းလွင် ကဗျာဆရာ ဖြစ်သွားပြီလား"

"အချစ်နဲ့ တွေ့ပြီလေ . . . ကျွန်တော် ကဗျာမရေးတတ် ပေမယ့် ကဗျာကို ခံစားတတ်နေပါပြီ၊ ဒီကဗျာလေးကတော့ ကျွန်တော့်ဘဝနဲ့ တူလို့ သဘောကျပြီး ကူးပေးလိုက်တာပါ"

ထားသက်လှိုင်က ပို့စ်ကတ်နောက်ကျောကို လှန်ကြည့် လိုက်၏။

"ဖတ်လို့ရလား ထား"

"ရပါသေးတယ်"

မင်အနက် လက်ရေးသေးသေးလေးနှင့် ရေးထားသည့် ကဗျာလေးကို ထားသက်လှိုင် ဖတ်ကြည့်လိုက်မိသည်။



## မျှော်လင့်သစ်ပင်

♫ လူနီးအချိန် ငါနိုးပြီ
သူ့ဝင်တော့ မိုးခင်ကြွေ . . .။

♫ မျှော်လင့်ခြင်း ထိုတဲ့ အဝေးတအဝေ . . .
ဝေးအရွယ်ဝင်နိမ်း ငြိမ်း . . .။

♫ ငါနေခဲ့တဲ့ အနီးအဝေး
အလွမ်းနဲ့တွေ့ ပြောနေခဲ့

♫ အဝေးနီးမှာတော့
ငါ့နှင်းအချိန် ရှက်ကြွေတော့မယ်
ငါမျှော်ဝင့် ရှက်ကြွေမယ်
နင်ရဲ့ညီမ ငြိုးကြွေတဲ့လေးထိုက်
မိုးခရီးအဝေးကို ငါသာနှင်းအချိန်
ငါ့နှင့်ဝေ . . . တဲ့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကဗျာကို ဖတ်ပြီး ဆုံးတော့ ကိုညိုမင်းလွင်၏ မျက်နှာကို ကြည့်ရမှာ မဝံ့ရဲသလိုဖြစ်ပြီး ရှေ့တူရူကို ငေးသည်။

"ကဗျာခေါင်းစဉ်က မျှော်လင့်သစ်ပင်တဲ့ ထားရယ်၊ ဘယ်လောက်တိုက်ဆိုင်လဲ"

"ထား . . . ထား . . . ခံစားလို့ရပါတယ် ကိုညိုမင်းလွင်၊ ထားတို့ သွားကြရအောင်နော်"

ပြောရင်း ထရပ်လိုက်၏။ ထားသက်လှိုင် ထရပ်လိုက်တော့ ညိုမင်းလွင်လည်း ထရပ်သည်။ ပြီးတော့ ညိုမင်းလွင်က မတ်တပ်ရပ်နေသည့် ထားရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်၏။ မျက်နှာချင်းဆိုင် ရပ်လိုက်မိကြပြီး အနေအထားက ပူးကပ်သွားသည်။

အုပ်မိုးလျက် စူးစိုက်ကြည့်နေမည့် ညိုမင်းလွင်၏ မျက်ဝန်းအစုံကို ရင်မဆိုင်ရဲဘဲ ခေါင်းကို ငုံ့ထားမိလိုက်သည်။

"ထား . . ."

ပြန်မထူးပါ။

"ထား"

နောက်တစ်ခွန်း ထပ်ခေါ်လိုက်သံကြောင့် ရင်၌ ဆတ်ခနဲခါသည်။

"ရှင် . . ."

ခေါင်းကို မော့ရင်း ပြန်ထူးလိုက်၏။

စကားအဆုံးမှာ ရုတ်တရက် ငုံ့လိုက်တာ သိသည်။ နဖူးဆံစမှာ နွေးခနဲ ဖြစ်သွားခြင်းနှင့် ရင်၌နွေးခနဲ ဖြစ်သွားရခြင်းသည်



ညီသည့်အရာက အလျင်စသည်ဟု ထားသက်လှိုင် မခွဲခြားနိုင်ပါ။ နဖူးဆံစမှာ နွေးခနဲသည် တစ်နေရာတည်းမှာ တည်လျက်ရင်ထဲမှာ ဖြစ်ရသောနွေးခနဲသည် ရင်တစ်ခုလုံး ပျံ့ကာ ခန္ဓာကိုယ်ကို ကျဉ်စက်ဖြင့် တို့လိုက်သည့်နှယ်။

"ထားရဲ့ အစ်ကိုကြီးတစ်ယောက်က အမှတ်တရ ခွဲခွာတဲ့အနမ်းနဲ့ နှုတ်ဆက်တယ်လို့ သဘောထားပြီး ကျွန်တော့်ကို ခွင့်လွှတ် ထား"

သူ့မျက်နှာကို မော့ကြည့်နေရင်း မျက်ရည်စတို့ ပါးပြင်ပေါ်မှာ စီးကျလိမ့်ဆင်းလာလေပြီ။

"ထား သွားတော့မယ်"

ရှိုက်သံမထွက်မီမှာ ကိုယ်ကို ချာခနဲလှည့်ပြီး အဆောင်ဆီပြေးခဲ့မိတော့၏။ လှေကားအတက်မှာ လှမ်းကြည့်မိတော့ ကိုညိုမင်းလွင် ရပ်ပြီး သူ့ကို ငေးရီကြည့်နေဆဲ။ အခန်းထဲပြေးဝင်ကာ ကုတင်ပေါ်မှာ လှဲပြီး ရှိုက်ကြီးတငင် ငိုချလိုက်မိတော့၏။

အကယ်၍သာ မိနစ်ပိုင်းမျှ နောက်ကျပြီး ကိုညိုမင်းလွင်၏ ရှေ့မှာ ရပ်နေမိပါက ကိုညိုမင်းလွင်၏ ရင်ခွင်ကျယ်၌ မျက်နှာအပ်ပြီး သည်လို ရှိုက်ကြီးတငင် မငိုမိဟု ဘယ်သူပြောနိုင်ပါမည်လဲ။

မိမိနှလုံးသားကို မိမိ လိမ်ညာရသည်ထက် ပင်ပန်းလေးလံသော ဝန်ထုပ်ဝန်ပိုး မရှိနိုင်ဟု ထားသက်လှိုင် နားလည်လိုက်သည်ပဲ။

ရင်ထဲ၌ ကြေကွဲခြင်းက ထာဝရတည်ရှိနေတော့မည်လေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၂]

www.burmeseclassic.com

www.burmeseclassic.com

[၁]

ရန်ကုန်မြို့နှင့် အနီးဆုံးမြို့ကလေးရှိ ဦးလေး၏အိမ်မှ ဆယ်တန်းကို အောင်ခဲ့သဖြင့် ရန်ကုန်တက္ကသိုလ်ကို တက်ခွင့်ရခဲ့သော်လည်း ထားသက်လှိုင် တကယ်တမ်း ပြန်ရမှာက မြန်မာပြည်မြောက်ဖျား ဖြစ်နေ၏။

မြန်မာပြည် မြောက်ဖျားကျကျတွင်ရှိသော ထိုမြို့ကလေးသည် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူလှ။မန္တလေးမှ ညနေအား စီးလျှင် တစ်ညအိပ်စီးရသေးသည်။ မနက်လင်းလို့ ရောက်ပြန်တော့ ထိုမြို့ကို တန်းမရောက်။ ထိုမြို့သို့ ကားတစ်တန်စီး၍ သွားရပြန်သည်။

သစ်တောတွေထဲကို ဖြတ်၍ ဖောက်ထားသော ထိုကား

www.burmeseclassic.com

www.burmeseclassic.com



လမ်းသည် ဧရာဝတီမြစ်ကမ်းတစ်ခုမှာဆုံး၍ ထိုမြစ်ကမ်းနဖူးမှာ တည်ရှိနေသော မြို့ကလေးသို့ ထားသက်လှိုင် ပြန်ခဲ့ရသည်။ ရေလမ်းရှိသော်ငြား အချိန်ကြာမြင့်လွန်းသဖြင့် ရေလမ်းကို တော်ရုံတန်ရုံ မသုံးကြ။

တောရိပ်တောင်ရိပ်တို့ဖြင့် ဝေသိပ်အုံ့ဆိုင်းသော ပတ်ဝန်းကျင်ကြောင့် အအေးပိုသောဒေသ ဖြစ်သည်။ ဆောင်းသည် ရှည်ကြာလွန်းသကဲ့သို့ မိုးသည်လည်း အဆုတ်နှေးတတ်ပြန်သည်ပဲ။ နွေခေါင်ခေါင်ကာလမျိုးပင် မနက်ဘက်မှာ အေးစိမ့်နေတတ်ပြီး နေ့လယ်ခင်းမှသာ နွေသရုပ်ကို ဆောင်ချင်သည်။ ညနေပိုင်းမှာ ပြန်ပြီး အေးတတ်စမြဲ။

အမေသည် ထိုအရပ်ကို ချစ်၍ ထိုအရပ်က ဘယ်သောအခါမှ ခွာလိုစိတ် မရှိခဲ့သူပင်။ ထိုအရပ်မှာ နေသူတို့၏ ရိုးသားအေးဆေးမှုကို အမေလည်း အမြဲဂုဏ်ယူ၍ ပြောတတ်စမြဲ။ အဖေကတော့ အောက်သားဖြစ်၍ အမေ့မြို့ကို အစိုးရတာဝန်ဖြင့် ပြောင်းရွှေ့လာရင်း အမေနှင့် အိမ်ထောင်ကျခဲ့သည်။

အဖေ့အကြောင်း တွေးမိရင်း သက်ပြင်းချမိပြန်သည်။ "အဖေသာ ရှိနေပါက သူတို့အိမ်ထောင်စု သည်လို ကသီမည် မဟုတ်ဟု ထားသက်လှိုင် ထင်သည်။

အခုတော့ ဈေးထဲမှ အမေ့ဆိုင်ကလေးမှ ရသည့် ဝင်ငွေသည် သူတို့မိသားစုသုံးယောက်အတွက် အနိုင်နိုင်။ သူ့တက္ကသိုလ်စရိတ်အတွက် ဦးလေးက မျှဝေထမ်းခဲ့သဖြင့်သာ အမေ ဝန်ပေါ့ခဲ့ရသည်ဟု နားလည်၏။ ညီမငယ်၏ ကျောင်းစရိတ်နှင့် အိမ်တာဝန်



သည် သူ ကျောင်းပြီးလာသည်နှင့် သူ့အပေါ်မှာသာ ရှိရမည်ဟု ထားသက်လှိုင် နားလည်ထား၏။

သူ့ဆီကို လာသည့် စာတွေထဲမှာ အခုတစ်လော အမေ ကျန်းမာရေး မကောင်းချင်။ အဖေ့ကိစ္စ ပြီးကတည်းက ပိုသည်းလာသော နှလုံးရောဂါက အမြစ်မပြတ်။ အဖေ ထောင်ကျပြီဆိုတော့ အမေ့ဆုံးအကြိမ် ရှော့ခ်ဖြစ်ခဲ့ဖူးသည်။ အဖေသည် သူပြုလုပ်ခဲ့သော မတရားမှုအတွက် မန္တလေးထောင်မှာ အပြစ်ကို ပေးဆပ်နေသူပင်။

အများပိုင်ပစ္စည်း အလွဲသုံးစားလုပ်မှုဖြင့် အဖေ အလုပ်ထုတ်ကာ ထောင်ကျခဲ့သည်။ အဖေ မတရားရှာဖွေထားသော သန့်ရှင်းသော ငွေသည်လည်း အဖေအမှုဖြစ်သည့်ကာလမှာပင် အားလုံး ကုန်သွားခဲ့သည်။

ငွေကြေးဥစ္စာ ဆုံးရှုံးနေမှုကို မနှမြောမိသော်လည်း ကျင့်ဝတ်ရိတ္တ ချွတ်ယွင်းသူ၏ သားသမီးအဖြစ် ပတ်ဝန်းကျင်မှာ နေထိုင်ရသည်က အစားထိုးမရနိုင်သည့် ဆုံးရှုံးမှုဟု ထားသက်လှိုင် နားလည်သည်။

သည့်နှယ် လူမှုရေးတွေ ရှုပ်ထွေးနေသည့် သူ့မိသားစုထဲ ညိုမြင်းလွင် ဘယ်လို ဝင်နိုင်ပါ့မလဲ။ အဆင့်အတန်းမြင့်သည့် မြင်းလွင်တို့မိသားစုနှင့် သူ့မိသားစု ဘယ်လိုပေါင်းစည်းလို့ ရနိုင်ပါ့မလဲ။ သူ့မိသားစုထဲကရော သူ ဘယ်လို ခွဲထွက်နိုင်ပါ့မလဲ။

မေ့လျော့နိုင်စွမ်း ရှိမည်မဟုတ်သော်လည်း ပစ္စုပ္ပန်မှာ ရပ်တည်နိုင်ရေးအတွက် အားလုံးကို မေ့ထားလိုက်ချင်ပြန်သည်။

www.burmeseclassic.com



အဘယ်မိန်းမတစ်ဦးသည် သူမကို ပထမဦးဆုံးအကြိမ်
နမ်းခဲ့ဖူးသည့် သူစိမ်းယောကျ်ားအား မေ့ထားနိုင်ရိုး ရှိပါသတဲ့လဲ
နဖူးဆံစကို ယောင်ယမ်းစမ်းမိစဉ် ရင်သည် ပူနွေးနေ
ပါလား။

✿ ✿ ✿

[၂]

အမေ အိပ်ရာမထခင်မှာပင် ထားသက်လှိုင် အိပ်ရာမှ ထခဲ့သည်။ မီးဖိုထဲဝင်ပြီး လုပ်စရာရှိသည်တို့ကို လုပ်သည်။ ပြီးတော့ ဘုရားပန်း၊ သောက်တော်ရေတို့ကို လဲသည်။ အမေ အိပ်ရာမှ နိုးလာတော့ အခါတိုင်း ဈေးမထွက်မီ အမေလုပ်နေကျ ကိစ္စတွေ ထားသက်လှိုင် လုပ်လို့ပြီးနေပြီ။

ညီမငယ် အိပ်ရာမှ နိုးလာပြီး ကျူရှင်သွားဖို့ ပြင်ဆင်သည်။ အမေက ထားသက်လှိုင်ကြော်ထားသည့် ထမင်းကြော်ကို စားနေရင်း ထားသက်လှိုင်ကို လှမ်းကြည့်ကာ . . .

"ဒီနေ့ ပစ္စည်းလေး ဘာလေး ဝယ်ရ ခြမ်းရမယ် သမီး၊ မေမေ ဈေးစောစောသိမ်းခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၏။

"ဘာဝယ်မှာလဲ မေမေ"

"စားစရာ သောက်စရာ အစုံပေါ့ကွယ်၊ သိပ်တော့လည်း မဝယ်နိုင်ပါဘူး၊ မေမေပြန်လာမှပဲ လုပ်စရာရှိတာ လုပ်မယ်"

"ဘာအတွက်လဲ မေမေ"

"ဪ . . . ဟုတ်သားပဲ၊ ငါ့သမီးမှ မသိတာ၊ သမီးဖေဖေကို ထောင်ဝင်ဇာ သွားတွေ့ဖို့လေ"

"မေမေက သွားတွေ့မှာလား"

"မေမေ ဒီခရီးကို အပင်ပန်းခံ မသွားနိုင်ဘူးကွယ်၊ သွားတော့ သွားချင်တာပေါ့"

"ဘယ်သူ သွားလဲ မေမေ"

"မောင်စိုးဝေလေ၊ သမီး မှတ်မိတယ်မဟုတ်လား"

"ဖေဖေ့မိတ်ဆွေ ဦးသာဋ္ဌေးသား မဟုတ်လား၊ သမီး သိပါတယ်"

ကိုစိုးဝေသည် ထားသက်လှိုင်တို့ထက် သုံး၊ လေးနှစ်ခန့် ကြီးသူဖြစ်၍ မရင်းနှီးလှသော်လည်း ဖေဖေရှိစဉ်က အိမ်ကို ဝင်ထွက်သွားလာနေသူမို့ ထားသက်လှိုင် သိသည်။

ဦးသာဋ္ဌေးသည် ကုန်သည်ပွဲစား ကန်ထရိုက်အစုံလုပ်သူဖြစ်၍ ကိုစိုးဝေက သူ့အဖေလုပ်ငန်းတွေမှာ ဝင်ရောက်ပြီး ကြီးကြပ်နေသူဟုသာ သိထားသည်။ ဖေဖေရှိစဉ်က ဦးသာဋ္ဌေး အိမ်ကို ခဏ ခဏ ဝင်ထွက်ကာ ဖေဖေနှင့် တရင်းတနှီး ပေါင်းသင်းတာ သတိထားမိ၏။ ဖေဖေသည် ဦးသာဋ္ဌေးအတွက် အသုံးဝင်သော



အရာများစွာကို လုပ်ကိုင်ပေးခဲ့သူ တစ်ဦးပင်။

"ကိုသာဋ္ဌေးတို့၊ မောင်စိုးဝေတို့ မိသားစုက တော်ပါတယ် သမီး၊ သမီးဖေဖေ မရှိတဲ့နောက်မှာ မေမေတို့ကို အကူအညီ အများကြီး ပေးတယ်၊ စောင့်ရှောက်ကြပါတယ်"

မေမေ့ကို ဘာမှ ပြန်မပြောမိဘဲ မေမေ စားပြီးသွားသော ထမင်းကြော်ပန်းကန်ကို ယူကာ ရေဆေးနေလိုက်၏။

မြစ်ပြင်ကိုဖြတ်၍ တိုက်လာသော လေတစ်ချက် ဝေ့ဖြတ်သွားသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

နေ့လယ်ပိုင်းမှာ မေမေ့အတွက် ထမင်းချိုင့်ပို့ရန် ထွက်လာသည်။ ဈေးဘက် ချိုးအကွေ့မှာ မော်တော်ဆိုင်ကယ်တစ်စီးက ကျော်သွားပြီးမှ ရပ်လိုက်တာတွေ့၏။

"ဟော့ . . . ထား"

အနားရောက်ခိုက်မှာ တရင်းတနှီးခေါ်ရင်း ပြုံးပြ၏။

"ဪ . . ကိုစိုးဝေ . . ရုတ်တရက် ကျွန်မက မမှတ်မိဘူး၊ ညီးနည်း ဝ,လာသလိုပဲနော်"

"ကျွန်တော် နောက်က မြင်ကတည်းက မှတ်မိတယ်၊ သချာအောင် ရှေ့ကျော်ပြီး မျက်နှာကို ကြည့်ရတာ၊ အခု ဘယ်လဲ"

"မေမေ့ဆီကိုလေ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဒေါ်ဒေါ့်ဆီကို သွားမလို့၊ ထား ပြန်ရောက်နေတယ်တော့ ကြားတယ်၊ အလုပ်ကလည်း သိတဲ့အတိုင်း ... အရမ်းများနေတာနဲ့ ..."

"သွား ... ကိုစိုးဝေ သွားနှင့်၊ ကျွန်မ လာခဲ့မယ်၊ ဆိုင်ရောက်မှ စကားပြောတာပေါ့"

"သွားမယ် ထား"

"ဟုတ်ကဲ့"

နှုတ်ဆက်ပြီး မော်တော်ဆိုင်ကယ် ထွက်သွားသည်။ ပနက်ဖြန် ဖေဖေ့ကို ထောင်ဝင်စာသွားတွေ့ဖို့ကိစ္စအတွက် ကိုစိုးဝေ မေးမယ် လာတာဖြစ်မည် စဉ်းစားမိ၏။

ဆိုင်ရှေ့ရောက်တော့ ဆိုင်ပေါ်မှာ မေမေနှင့် ထိုင်စကားပြောနေသည့် ကိုစိုးဝေကို တွေ့သည်။ ဆိုင်ပေါ်တက်ပြီး ထမင်းချိုင့်ကိုယားကာ ဆိုင်ပေါ်မှဆင်းလျက် ဆိုင်ရှေ့က ခွေးခြေပေါ်မှာ ထိုင်၏။

"လာထိုင်ပါလား ထားရဲ့"

"ရတယ် ကိုစိုးဝေ၊ ကျွန်မ ဒီမှာပဲ ထိုင်မယ်"

ပြောရင်း မလှမ်းမကမ်းမှာ ရှိနေသော ဒန့်ဒလွန်ပင်လေးမှာ အသီးတွေ ဝေနေတာ လှမ်းကြည့်နေမိသည်။

"သမီးက ရန်ကုန်နေတာများလို့ မောင်စိုးဝေ ချက်ချင်းမမှတ်မိလောက်ဘူး ထင်တာ"

"မှတ်မိတာပေါ့ ဒေါ်ဒေါ် ... သူ ရန်ကုန်ကျောင်းတက်တယ် ဆိုပေမယ့် ပြန်လာတိုင်း တွေ့တာပဲ၊ ကျွန်တော်က အိမ်အဝင်အထွက်မှ မပြတ်တာ"



"ဟုတ်မယ် ... ဟုတ်မယ်"

"ရန်ကုန် ပြန်သွားဦးမလား ထား"

မေမေနှင့် စကားပြောနေရာမှ ထားသက်လှိုင်ကို လှမ်းမေးလိုက်သည်။

"လောလောဆယ်တော့ သွားစရာ မရှိပါဘူး ကိုစိုးဝေ"

"ကျောင်းဆက်တက်ဖို့ရော အစီအစဉ် ရှိသေးလား"

"မတက်တော့ပါဘူး တော်ပါပြီ၊ မေမေ ပင်ပန်းလှပြီလေ"

ဘွဲ့လွန်တွေ ဘာတွေ ဆက်တက်ဦးမှာလား မေးသည်ဟု ထားသက်လှိုင် သဘောပေါက်လိုက်သည်။

"ကျွန်တော်တော့ ဘွဲ့ရပြီးကတည်းက ဖေဖေ့အလုပ် ဝိုင်းလုပ်ပေးရင်း အခုတော့ တကယ့်ကုန်သည် ပွဲစား ဖြစ်သွားပြီလေ"

"သမီးဖေဖေ ရှိတုန်းကတည်းက မောင်စိုးဝေက တော်တယ်၊ လုပ်တာကိုင်တာ လာဘ်သိပ်မြင်တယ်လို့ ပြောဖူးတယ်"

မေမေက ဝင်ပြောလိုက်သည်။

"အစကတော့ ပညာနဲ့ပဲ အသက်မွေးချင်တာပေါ့ ဒေါ်ဒေါ်ရယ်၊ ဒါပေမဲ့ ခေတ်အခြေအနေအရ ငွေကို ငွေနဲ့ပဲ ရှာရင်း ဒီဘဝ ရောက်သွားတာပါပဲ"

"ငွေရင်းရှိမှလည်း အလုပ် လုပ်နိုင်တာပဲကွယ်၊ ဒါမှမဟုတ်လည်း အဆက်အသွယ် ကောင်းဦးမှ"

"ကဲ ... ဒေါ်ဒေါ် ကျွန်တော် သွားမယ်၊ ညမှ လှည့်လာခဲ့မယ်၊ မန္တလေးကို ဖုန်းဆက်စရာရှိတာလေးတွေ ဆက်ထားဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အေး"

"သွားမယ် . . . ထား၊ တစ်နေ့မှ ထားနဲ့ အေးအေးဆေးဆေး စကားလာပြောဦးမယ်"

ဆိုင်ပေါ်က ဆင်းလျက် မော်တော်ဆိုင်ကယ်ဆီသွားရင်း ပြော၏။

ဟုတ်ကဲ့ဟု ပြန်ပြောကာ မေမေ့ကို ထမင်းခူးပေးရန် ဆိုင်ပေါ်သို့ ထားသက်လှိုင် လှမ်းတက်လိုက်၏။

✿ ✿ ✿

[၉]

ပေးစရာရှိသည်များကို ပေး၊ မှာစရာရှိသည်များကို မှာ ကာ မေမေသည် ဖေဖေနှင့် သူကိုယ်တိုင်တွေ့ရသကဲ့သို့ မြူးရွှင်နေ ကာ ကြည့်ရင်း ထားသက်လှိုင် စိတ်မကောင်း ဖြစ်ရပြန်သည်။

မေမေနှင့် ကိုစိုးဝေတို့ စကားပြောတာ နားထောင်ရင်း ရင်းနှီးကျွမ်းဝင်မှုကို ထားသက်လှိုင် အကဲခတ်မိ၏။ ဟိုအရင်က ဖေဖေရှိစဉ် အိမ်ကို ဝင်ထွက်သွားလာခဲ့သည် မှန်သော်လည်း သည် လောက် ရင်းနှီးကျွမ်းဝင်ပုံ မပေါ်။ ဖေဖေနှင့် ကိုစိုးဝေတို့၏အဖေ တို့သာ ရင်းနှီးကြသည်ဟု ထားသက်လှိုင် ထင်သည်။

ကိုစိုးဝေ ထားသက်လှိုင်ကို ရင်းရင်းနှီးနှီး ခေါ်ပြော ဆက်ဆံကြည့်ရင်းလည်း ထားသက်လှိုင် အံ့သြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်က သည်နှယ် ရင်းရင်းနှီးနှီး ရှိလှသည် မဟုတ်
ထိုညက အတော်ကြာ စကားပြောပြီးမှ ကိုစိုးဝေ ပြန်သွားသည်
ကိုစိုးဝေ ပြန်သွားတော့ မေမေက ကိုစိုးဝေကို ချီးမွမ်းခန်း ဖွင့်နေ
သည်မှာ တော်တော်နှင့် မပြီး။

"ဆွေရင်းမျိုးချာ ရှိတာ မဟုတ်ဘူး သမီး၊ ရှိတဲ့ ဆွေမျိုးရင်
ချာတွေကလည်း ဟိုးအဝေးတွေမှာ၊ ကိုသာဌေးတို့ မောင်စိုးဝေတို့က
ဆွေမျိုးရင်းချာလိုပဲ မေမေတို့အပေါ်မှာ ကောင်းတယ်၊ သမီးဖေဖေ
က မှာသွားတယ်၊ သူ့မှာ တာဝန်ရှိတယ်၊ လိုတာ ပြောပါလို့ ကိုသာ
ဌေးက မေမေ့ကို ခဏခဏ ပြောတယ် သမီး . . ."

"ငွေကြေးက အမြဲ အဆင်ပြေတာ မဟုတ်တော့ သူတို့ဆီ
က ခဏခဏ လှည့်ရတယ်၊ မေမေ ပြန်ဆပ်တိုင်းလည်း အတိုးတွေ
ဘာတွေ မယူပါဘူး၊ မလည်သေးရင် မဆပ်ဖို့ ပြောတယ်၊ ဈေးဆိုင်
လေးက ဒီလိုနဲ့ ရပ်တည်နေရတာပဲ သမီး၊ သမီး သိပါတယ်၊ ဒီခေတ်
ထဲမှာက စားဖို့သောက်ဖို့ဆိုတာ လွယ်တာမှ မဟုတ်ဘဲ၊ သမီးအဖေ
ရဲ့ကိစ္စကလည်း ငွေတော်တော်ကုန်တာ၊ အကြွေးတွေ ဘာတွေ
တင်လိုက်သေးတာ၊ အတိုးတွေ အရမ်းတက်လာလို့ ကိုသာဌေးတို့ဆီ
ကပဲ ငွေယူဆပ်ရတယ် . . ."

"သမီးအစ်ကိုက အဝေးမှာ၊ ပြီးတော့ အိမ်ထောင်နဲ့ သူ
ဟာသူလည်း မပြေလည်တဲ့သူဆိုတော့ မေမေတို့အပူကို သူလည်း
ဘာမှ မတတ်နိုင်ဘူးလေ၊ သမီးလည်း ကျောင်းတက်နေတုန်း
အစက မေမေ မပြောခဲ့မိဘူး၊ မေမေတစ်ယောက်တည်း လိုက်ဖြေ
ရှင်းနေခဲ့ရတယ်၊ သမီး ရိပ်မိချင်လည်း ရိပ်မိမှာပေါ့"



ချောင်းဆိုးလာသဖြင့် မေမေက စကားကို ရပ်လိုက်၏။

"မေမေ မပြေလည်ဘူး၊ ရုန်းကန်နေရတယ်ဆိုတာ လောက်တော့ သမီး သိပါတယ်"

မေမေ့ကို ကြည့်ရင်း ထားသက်လှိုင် ပြောသည်။

"သမီး မေမေ့အနား ပြန်ရောက်လာပြီဆိုတော့ မေမေ အားရှိတယ်"

"သမီးလည်း ပြောမလို့ပါ၊ မေမေ အနားယူပါတော့၊ ဈေးဆိုင်ကို သမီးပဲ ဆက်ထိုင်မယ်"

"လောလောဆယ်တော့ မလိုသေးပါဘူး သမီးရယ်၊ သမီးမှာ တခြားရော ဘာအစီအစဉ် ရှိသေးလို့လဲ"

"မရှိပါဘူး မေမေ၊ အမှန်တော့ သမီးက သမီးပညာနဲ့ အသက်မွေးချင်ပါတယ်၊ ကွန်ပျူတာတွေ ဘာတွေ ဆက်တက်ချင်တယ်၊ ရန်ကုန်မှာ အလုပ်လုပ်ရင်း ပညာလည်း ဆက်ရှာပေါ့၊ ဒါပေမဲ့ သမီး ဆုံးဖြတ်ပြီးမှ ပြန်ခဲ့တာပါ . . ."

"သမီး ဒီမှာပဲ မေမေ့ကို လုပ်ကျွေးပါတော့မယ်၊ မေမေက လည်း ဒီအရပ်ကလွဲလို့ ဘယ်မှ ပျော်မှာမှ မဟုတ်ဘဲ"

မေမေက လှမ်းကြည့်ရင်း ပြုံးသည်။ ဘာမှတော့ ပြန်မပြော။

သည်လို အရပ်မှာ ကိုညိုမြင့်လွင်က သူမနှင့်လက်တွဲကာ ဘဝကို မြှုပ်နှံရဲပါ့မလားဟု အကြိမ်ကြိမ် စဉ်းစားခဲ့မိသည်ကို ပြန်၍ သတိရနေမိပြန်သည်ပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၅]

တစ်စုံတစ်ရာဆက်သွယ်မှု ရှိရမည်ဟုတော့ စိတ်ထဲက မရေမရာ ထင်ကြည့်သည်။ မေမေပြောသည့် ငွေရေးကြေးရေးသည် ကျေးဇူးတရားကြောင့်ဟုပင် တွေးမိသေးသည်။

ညီမငယ်ထံမှ မမျှော်လင့်သည့်စကားကို ကြားရတော့ အံ့ဩစိတ်ဖြစ်၏။ ကိုစိုးဝေ မန္တလေးမှ ပြန်လာပြီး အိမ်ရောက်လာသည်။ ဖေဖေ နေထိုင်ကောင်းကြောင်းမှအစ အသေးစိတ် ပြန်ပြောပြခဲ့သည်။ နောက်နေ့ညလည်း ကိုစိုးဝေ ရောက်လာပြန်သေးသည်။

မနက်ပိုင်း မေမေ ဈေးကိုသွားတော့ ညီမငယ်က . . .

"ဦးစိုးဝေကြီးက မမထား ပြန်ရောက်တာနဲ့ အိမ်ကိုခဏခဏ လာတော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။

ညီမငယ်စကားကြောင့် ညီမငယ်ကို စိတ်ဆိုးရမလို၊ အံ့ဩ ရမလို ထားသက်လှိုင် ပြန်ကြည့်လိုက်၏။

ပြီးမှ ဒေါသကို ချုပ်ထိန်းကာ . . .

"အရင်ကလည်း ဒီလိုပဲ ဝင်ထွက်နေတာပဲ မဟုတ်လား ညီမရဲ့"

ဟု ပြောလိုက်၏။

"အရင်ကလည်း လာတော့ လာပါတယ်၊ ဒီလို ခဏခဏ တော့ မလာဘူး မမထားရဲ့၊ သူက မမထားကို ကြိုက်နေတာဆို တော့ အခုတော့ အိမ်ကို ပိုလာတာပေါ့"

"ညီမလေး ဘာတွေပြောနေတာလဲ"

"ဟင် . . . မမထား မသိဘူးလား"

"ဟင့်အင်း . . . ဘာမှ မသိဘူး"

ညီမငယ်က အံ့ဩနားမှာ လာထိုင်သည်။

"ညီမကို ဘယ်သူတွေက ဘာပြောလို့လဲ၊ မမထားကို ပြော စမ်း"

"မေမေကို ပြန်မမေးနဲ့နော်"

"အင်းပါ"

"ညီမ ကျောင်းပိတ်ရက်မှာ ဆိုင်ကို တစ်ခါတလေ ထိုင် တယ် မမထား၊ ဦးစိုးဝေရဲ့ သူငယ်ချင်း အစ်မကြီး ဈေးဝယ်လာရင်း ပြောကြတာ၊ ဦးစိုးဝေနဲ့ မမထားတို့ ယူကြမှာတဲ့"

"ဟယ် . . ."



"ဟုတ်တယ် ဦးစိုးဝေက ပြောတာတဲ့၊ ညီမက မဟုတ်ပါဘူး ငြင်းတော့ . . . နင် မသိသေးလို့နေမှာလို့ ပြောတယ် မမထားရဲ့၊ ဦးစိုးဝေက မမထားကို ကြိုက်လို့တဲ့"

"ဟဲ့ . . . ဘယ်တုန်းက ကြိုက်တာလဲ"

"မသိဘူး၊ ဟိုအရင် မမထား အိမ်ပြန်လာတုန်းက နေမှာ ပေါ့"

"အင်း . . . ပြောပါဦး"

"ကြိုက်တော့ သူ့အဖေအမေကို တောင်းခိုင်းတယ်တဲ့၊ သူ့အဖေက ဖေဖေတို့ မေမေတို့ကို ပြောပြီးပြီတဲ့"

"ညီမလေး တကယ် ပြောနေတာလားဟင်"

"ဖေဖေနဲ့ မေမေကလည်း သဘောတူတယ်တဲ့၊ ဖေဖေ ဆောင်ထဲ မရောက်ခင်ကတည်းက ပြောဆိုထားတာလို့ ပြော တယ်"

ဘုရား . . . ဘုရားဟု ရင်ထဲမှာ တ, လိုက်သည်။

ညီမငယ်၏မျက်နှာကို အကဲခတ်ကြည့်တော့ ညီမငယ် သည် သူ့ကို စကားအတည်အတန့် ပြောနေတာမှန်း နားလည်၏။

"ဦးစိုးဝေကရော မမထားကို ဘာမှ မပြောသေးဘူးလား"

"ဟင့် . . အင်း"

ငေးငိုင်နေမိရာမှ ညီမငယ်၏အမေးကို ယောင်ယမ်းဖြေ သည်။

"မေမေ့ကို ဘာမှ မမေးနဲ့နော်၊ တော်ကြာနေ မမထားကို ဒီစွ အသိပေးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ညီမငယ်ကို ခေါင်းညိတ်ပြလိုက်မိ၏။

ရင်ထဲမှာ ကြေကွဲဆွေးမြည့်မှုဖြင့် လှပ်လှပ်ခါချင်ပြ
သည်။ ကိုညိုမင်းလွင်၏မျက်နှာသည် ဖျတ်ခနဲ ထင်၏။ ညှိုးငယ်
တောင်းပန်တိုးလျှိုးနေသည့် မျက်ဝန်းအစုံကို သတိတရရှိသည်

ကြည့်စမ်း . . . သူမသာ ကိုညိုမင်းလွင်၏ မေတ္တာ
လက်ခံလိုက်မိပါက ဖြေရှင်း၍ ရနိုင်တော့မည်မဟုတ်သော အကျ
အတည်းပါလားဟု နားလည်ပြန်သည်။

ကိုစိုးဝေကို သူ ငြင်းဆန်နိုင်ပါ့မလား။ သူ့ဘဝ၏ ဖယ
ကွက်မှာ ကိုစိုးဝေကို လက်ထပ်ခြင်းသည် ကြိုတင်ရေးဆွဲထားသ
သို့ ရှိနေသည့် အရာတစ်ခုပါလား။

မေမေနှင့် ဖေဖေမျက်နှာတို့က မာနနှင့် သတ္တိတရား
ဖဲ့ခြွေအသွားနိုင်ဆုံးအရာတွေ ဖြစ်တော့မည် ထင်၏။

ထားသက်လှိုင်ဆိုသည့် မိန်းမတစ်ယောက်၏ဘဝသည်
သူ့မိသားစုနှင့် တွဲဖက်လျက် သီးခြား မတည်ရှိနိုင်သော အရာ
လား။

တွေးရင်း တွေးရင်း ဝမ်းနည်းစိတ်ဖြင့် ငိုချင်လာတော
သည်။

✿ ✿ ✿

[၄]

ညဘက်ရောက်တော့ ထားသက်လှိုင် အိပ်ရာ စောစော
ဝင်ခဲ့သည်။ အိပ်ရာထဲမှာ လူးလွန့်ရင်း အိပ်မပျော်။ ဖွင့်ထားသော
ပြတင်းမှ မြစ်ပြင်ကို ဖြတ်တိုက်လိုက်သော လေဝေ့၍ အခန်းတွင်း
သို့ ဖြတ်သည်။ လေအေးအေးနှင့် ဘယ်လောက်အိပ်ပျော်ဖို့
ကောင်းတဲ့ ညပါလဲ . . .။

အတွေးထဲမှာ မနက်က ညီမငယ်၏စကားများကို ပြန်၍
ကြားယောင်သည်။ ကိုစိုးဝေ၏သဏ္ဌာန်သည် အာရုံမှာ ထင်လာပြန်
၏။ မျက်နှာချိုချို ကိုယ်ဟန်ဝဝနှင့် ကိုစိုးဝေသည် စကားပြောရာ၌
လည်း ချိုသာလွန်းပြန်သည်။ ကုန်သည်ပွဲစား၏စကားမို့ နှုတ်များ
က ထာဝရ ချိုနေတာ သဘာဝတစ်ခုပါလား တွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးဝေက သူ့သူငယ်ချင်းအမျိုးသမီးတွေကို ပြောတာ တဲ့။ ကိုစိုးဝေဟာ ဒီကိစ္စကို သူငယ်ချင်း ဘယ်လောက်များအထိ ပြောပြီးပါပြီလဲ။ ကိုစိုးဝေ၏ သူငယ်ချင်းတွေကရော၊ ညီမငယ်ကို ပြောသလို ကြုံတဲ့လူတွေကို ပြောပြနေမှာလား။ ဒါဆိုလျှင် ကိုစိုးဝေနှင့် သူမတို့ကိစ္စကို လူအတော်များများက သိနေကြပြီထင်သည်။

ဖေဖေနှင့်ကိုစိုးဝေ၏ ဖေဖေတို့ သဘောတူညီမှု ရှိကောင်း ရှိမည်။ သားရေးသမီးရေး ဆွေးနွေးကောင်း ဆွေးနွေးခဲ့မည်။ သို့ တိုင်လျက် ကိုစိုးဝေက သည်နှယ် လိုက်ပြောရန် မသင့်သေးဟု ထားသက်လှိုင် တွေးကာ ကိုစိုးဝေ၏စိတ်ကို မနှစ်မြို့ချင်ပြန်။

မေမေက သူမကို သည်တိစ္စ ပြောတော့ ပြောလိမ့်မည်ဟု ထားသက်လှိုင် နားလည်သည်။

ပြန်ရောက်စဖြစ်ပြီး ဖေဖေ့ကိစ္စလည်း ရှိနေသည်မို့ သည် ကိစ္စကို မေမေ မပြောဖြစ်ခြင်း ဖြစ်မည်။

မေမေ့စကားတွေကို ပြန်တွေးကြည့်ခြင်းဖြင့် မေမေသည် လည်း ကိုစိုးဝေကို သဘောကျ နှစ်ခြိုက်ပုံပေါ်မှန်း သိသာသည်။

ကိုစိုးဝေတို့မိသားစုနှင့် မေမေ သည်အထိ ရင်းနှီးကျွမ်းဝင် နေကြခြင်းမှာ မိမိနှင့် ကိုစိုးဝေတို့ကိစ္စအပေါ် အခြေခံမည်ဟု နား လည်လာတော့သည်။ စကားတွေ ဘယ်အထိ ကျွံပြီး၍ ဘယ်အထိ ခရီးလွန်ပြီးပြီလဲဟု မစဉ်းစားရဲစရာ။

ရင်မောရင်း တင်းကျပ်လာတော့၏။

✿



ကိုစိုးဝေ၏အကြောင်း ပြောတိုင်း မေမေက သူ့မျက်နှာကို အကဲခတ်ကြည့်နေတတ်တာ ထားသက်လှိုင် သတိထားမိလာသည်။

ထိုညမှာတော့ ကိုစိုးဝေအကြောင်း မေမေစကားစပ် ပြော ရင်းမှ သမီးကို ပြောရဦးမည်ဟု စကား စ,လာ၏။

သည်စကားကို စပြီဆိုကတည်းက ကိုစိုးဝေနှင့် သူမအ ကြောင်းကို မေမေ အသိ်ေးတော့မည်ဆိုတာ နားလည်လိုက်သည်။ ကြားချင်သောဆန္ဒ မရှိသည့်အကြောင်းမို့ ရင်ထဲမှာ နာချင်လာ၏။

"သမီးကို အရင်တစ်ခု မေးရဦးမယ်"

ဆိုတော့ မေမေ့မျက်နှာကို ငေးကြည့်နေလိုက်မိသည်။

"ကျောင်းမှာ သမီး ရည်းစားသန် ထားခဲ့သေးလား"

မေမေက ခပ်ဖော့ဖော့ဖြစ်ရန် အရယ်နှောရင်း မေး၏။

"မရှိပါဘူး မေမေ"

ပြောပြီးမှ ကိုညိုမင်းလွင်ကို ဖျတ်ခနဲ မြင်ယောင်မိပြန်၏။ သူနဲ့ဂါက သမီးရည်းစားမှ မဟုတ်ကြတာပဲဟု တွေးမိပြန်၏။

"မေမေက သမီးကို အတင်းအကျပ် စီစဉ်တယ်ဆိုတာမျိုး မဖြစ်ချင်ပါဘူး၊ သမီးမှာ ချစ်သူရှိတယ်၊ ဘာညာဆိုရင်လည်း သမီး ချစ်သူကို လက်ထပ်ပြီး မေမေတို့နဲ့ တစ်သားတည်း နေစေချင်လို့ပါ"

"သမီးမှာ မရှိပါဘူး မေမေ"

ကိုညိုမင်းလွင်ကို အဖြေမပေးခဲ့မိတာ မှားပြီလားအတွေး ဝင်ပြန်၏။ တကယ်လို့ ကိုညိုမင်းလွင်ကို အဖြေပေးခဲ့လို့ ချစ်သူဘဝ ရောက်ပြီ ထား။ သူ့ဘဝထဲမှာ ကိုညိုမင်းလွင် ပျော်နိုင်ပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com



သူ့မိသားစုထဲမှာ ကိုညှိုမြင်းလွှင် တစ်သားတည်း ရောဝင်နေနိုင်ပါ့မလား။ သူ့မိသားစု၏ဒုက္ခကို ကိုညှိုမြင်းလွှင်အား ဝေမျှထမ်းဆောင်စေတာကရော တရားမျှတမှု ရှိနိုင်ပါ့မလား။

"သမီး"

"ရှင် . . ."

အတွေးစုံဖြင့် ငေးမောနေမိရာမှ မေမေ့မျက်နှာဆီ လှမ်းကြည့်ဖြစ်သည်။

"သမီးမှာ ရည်ရွယ်ထားတဲ့သူ ဘယ်သူမှ မရှိရင်တော့ မောင်စိုးဝေနဲ့ကိစ္စကို မေမေ ပြောချင်တယ်"

"သမီး ကိုစိုးဝေကိုမှ မချစ်တာ"

မေမေက ရယ်သည်။

"လက်ထပ်ဖို့ပဲ သမီးရယ်၊ လက်ထပ်ပြီးရင် ကိုယ့်လင်ကိုယ့်သားဆိုတာ ချစ်လာမှာပဲပေါ့"

မေမေ့ကို ဘာမှပြန်မပြောမိတော့ဘဲ သက်ပြင်းကို ချမိပြန်သည်။

"သမီးကို ဘာမှမပြောရသေးဘူး၊ ဟိုတုန်းကတော့ သမီးကျောင်းနေတုန်းမို့ ဘာမှမပြောချင်တာလည်း ပါတယ်၊ နောက် သမီးဖေဖေကိစ္စ ဝင်လာတာလည်း ပါတယ်ပေါ့၊ သမီးဖေဖေ အမှု မဖြစ်ခင်ကလေးတင်ပဲ မောင်စိုးဝေရဲ့ အဖေနဲ့အမေက အိမ်လာပြီး နားဖောက်ကြတယ်၊ သူတို့သား မောင်စိုးဝေက သမီးကို သဘောကျတယ် . . . ပူဆာလို့ ဆိုပါတော့ သမီးရယ်"

"သူနဲ့သမီးနဲ့လည်း တရင်းတနှီးရှိတာမှ မဟုတ်ဘဲ မေမေ



ရယ်"

"အေးလေ . . . ဘာဖြစ်ဖြစ် သမီးကျောင်းပိတ်ရက် အိမ်ပြန်လာခိုက်တွေ ဘာတွေတော့ ဆုံကြတာပဲ၊ အဲဒီမှာ သူက သမီးကို မျက်စိကျသွားတာ ဖြစ်ချင်ဖြစ်မှာပေါ့"

သူမအတွက် လက်ထပ်စရာလူတစ်ယောက်က သည်နှယ် အဆင်သင့်စောင့်နေမည်ဟု သူမ သိရှိခဲ့ပါက ကိုညှိုမြင်းလွှင်အား သူမ အဖြေပေးခဲ့မိလေမလား။

အို . . . ဒါလည်း ဖြစ်နိုင်မည် မထင်ပါ။ သူမနှင့် သင့်တော်သော သူမ၏ မိသားစုနှင့် လိုက်လျောညီထွေ ဖြစ်နိုင်သော သူသည် ကိုညှိုမြင်းလွှင် ဖြစ်လိမ့်မည် မဟုတ်။ သည်ကတည်းက သူမနှင့် လက်ထပ်ရမည့်သူ သူသည် သူမ၏ ချစ်သူ ဖြစ်တော့မည် မဟုတ်မှန်း ကြေကွဲစွာ နားလည်ခဲ့ရသည်ပါပဲ။

သည်လိုနှင့်ပဲ ချစ်သောသူ မဟုတ်သည့် လူတစ်ယောက်ကို လက်ထပ်ရမည့် လမ်းသွယ်အား မိမိဘာသာရွေးချယ်ခဲ့ခြင်းဟု ပြန်၍ သတိတရ ဖြစ်နေပြန်သည်။

ဒါကို အခုမှ . . . သမီးမှ သူ့ကို မချစ်ဘဲဟု ပြောမိခြင်းကိုက မိမိ၏အမှား။ ကိုညှိုမြင်းလွှင်ကလွဲလို့ တခြား ဘယ်ယောက်ျားကိုရော သူမ ချစ်နိုင်ပါတော့မည်လဲ။ ပင့်သက်ကို ရှိုက်သည်။

"စကားလွန်ထား၊ ကျုံထားတာမျိုးတော့ မဟုတ်ဘူး သမီး၊ သမီးဆန္ဒအတိုင်း ဖြစ်စေရမယ်လို့ ဖေဖေက ပြောတယ်၊ သမီးဖေဖေက သူကိုယ်တိုင်တော့ မောင်စိုးဝေကို ငြင်းစရာ မရှိဘူး၊ သဘောကျတယ်၊ ဖြစ်စေချင်တယ်၊ ဒါပေမဲ့ သမီးလေး စိတ်ဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com



မှာမျိုးဆိုရင်တော့ အတင်းအဓမ္မ မဖြစ်စေချင်ဘူးလို့ မေမေ့ကို ပြောပါတယ် . . .

"ဒါပေမဲ့ သမီးရယ် . . . ဖေဖေမရှိလို့ မေမေတို့ ဒုက္ခရောက်နေပြီဆိုတော့ ဆွေမျိုးရင်းချာလိုပဲ မောင်စိုးဝေတို့မိသားစုဟာ မေမေတို့ဘက်မှာ ကောင်းခဲ့ပါတယ်၊ သမီးကျောင်းစရိတ်ကိုတောင် သူတို့ တာဝန်ယူချင်တယ် ပြောပါသေးတယ်၊ သမီးကြိုက်မှာမဟုတ်မှန်းသိလို့ သူ့ဦးလေးက တာဝန်ယူထားတယ်လို့ မေမေပိတ်ပြောလိုက်ရတာ . . .

"ဘာပြောပြော ဒီလို ကိုယ်ဒုက္ခရောက်တုန်းမှာ ကိုယ့်အပေါ် ဘယ်လောက်ကောင်းတယ်ဆိုတာ ခွဲခြားနိုင်တာ၊ မေမေကတော့ မောင်စိုးဝေကို သဘောကျသွားတယ်၊ သမီးနဲ့ဖြစ်စေချင်တယ်၊ သမီးဖေဖေ့ဆီကို ဟိုအစပိုင်းလောက်တုန်းကလည်း မေမေ့သဘောထား ပြောခဲ့သေးတယ်၊ ဖေဖေကတော့ သမီးသဘောတူရင် သိပ်ကောင်းမှာလို့ ပြောတယ်၊ သူလည်း စိတ်အေးရမှာပဲတဲ့"

ဖေဖေ့မျက်နှာက အတွေးမှာ ပေါ်လာပြန်သည်။ ဖေဖေသည် သူ့မိသားစုအတွက် အဝေးမှ ပူပန်သောက ရောက်ရှာချေ၏။ သူ ယုံကြည်စိတ်ချရသူနှင့် သမီးကို လက်ထပ်ပေးရပါက သည်အပူသောက လျော့နည်းကျသွားမည် တွေးပုံရ၏။

"အဲဒါပါပဲ သမီးရယ်၊ သမီးဖေဖေနဲ့မေမေဆန္ဒကတော့ မောင်စိုးဝေနဲ့ပဲ သမီးကို လက်ထပ်ပေးချင်တယ်၊ သမီးက အိမ်ထောင်ကို ဦးဆောင်မယ်ထား၊ ဒီခေတ်စားစရိတ်နဲ့ လွယ်ပါ့မလား သမီး စဉ်းစားစရာနော် . . .



"မောင်စိုးဝေကို လက်ထပ်လိုက်ရင် မေမေတို့ မိသားစုအတွက် မောင်စိုးဝေက ဦးဆောင်တာဝန်ယူသွားနိုင်လိမ့်မယ်၊ မေမေလည်း ရောဂါနဲ့ဆိုတော့ နေရရင်လည်း ခဏပေါ့ သမီးရယ်၊ မေမေတို့ မရှိတဲ့နောက် သမီးလေးနှစ်ယောက်ကို စိတ်ချလက်ချ ထားခဲ့ချင်တာပါပဲ"

မေမေက စကားရှည်ကြီးကို ပြောပြီးသည်နှင့် ထားသက်လှိုင်မျက်နှာကို အကဲခတ်ကြည့်သည်။

"ချက်ချင်းလည်း လက်ထပ်စရာ မလိုသေးပါဘူး၊ သမီး စဉ်းစားချင် စဉ်းစားပါဦး"

"သမီး ဘယ်သူ့ကိုမှ လက်မထပ်ချင်သေးတာပါ မေမေ"

"လက်ထပ်မယ် စဉ်းစားတဲ့အခါ မေမေတို့ သဘောကျတဲ့ မောင်စိုးဝေကို စဉ်းစားဖို့ပါ"

မေမေက အတင်းအဓမ္မသဘောမျိုး မသက်ရောက်အောင် စကားကို အလိမ္မာနှင့် ပြောသည်။

အခုမဟုတ်လည်း တစ်နေ့နေ့၌ သူမသည် ကိုစိုးဝေကို လက်ထပ်ရမှာ မလွဲမသွေပါလားဟု စဉ်းစားမိတော့၏။

ဘာဖြစ်ဖြစ် သူမ၏ဘဝကို သူမ၏မိသားစုအတွက် စတေးရတော့မည် ထင်သည်။

ကိုစိုးဝေသည် လက်ထပ်သင့်သူတစ်ဦးဖြစ်၍ သူမတို့မိသားစုအတွက် အမှီသဟဲပြုနိုင်သူ တစ်ဦးဆိုတာကိုတော့ သူမ လက်ခံရပေမည်။

နောက်ဆုံး ဖေဖေ့မျက်နှာက ပေါ်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ၏ စိတ်ချမ်းသာမှုကို သူမ တတ်နိုင်သလောက် ပြုမူ ဆောင်ရွက်ပေးရမည်ပဲဟု ရင်ထဲမှာ ခံစားနားလည်နေပြန်၏။

"သမီးလေး အိပ်ချင်အိပ်တော့လေ . . ."

ဟု မေမေက ပြောသည်။

မေမေ့မျက်နှာကို လှည့်ကြည့် ပြုံးပြမိသည့် အပြုံး၌ အသက်မပါနိုင်ဟု ဘာသာနားလည်ပြန်၏။

✿ ✿ ✿

[၅]

နောက်နေ့မနက် ကိုစိုးဝေကို မေမေ့ဆိုင်မှာ တွေ့ရသည်။ ကိုစိုးဝေကို တွေ့ရတာ ရင်ထဲမှာ တုန်တုန်လှုပ်လှုပ်လည်း မဖြစ်မိ။ ရှိုးတိုးရှန့်တန့်လည်း မနေမိ။ သြော် . . . တစ်နေ့မှာ ငါလက်ထပ်ရမယ့်သူပါလားဟုတော့ အသိစိတ်မှာ ရှိနေပြန်သည်။

"ပြန်မှာလား ထား"

"ဘာဖြစ်လို့လဲ ကိုစိုးဝေ"

"သြော် . . . ပြန်မှာဆိုရင် ကျွန်တော် လိုက်ပို့ပေးမယ် ပြောမလို့ပါ"

မော်တော်ဆိုင်ကယ်ဆီသွားရင်း ကိုစိုးဝေ ပြောသည်။

"မပြန်သေးဘူး ကိုစိုးဝေ၊ ကျွန်မ ဆိုင်မှာ နေလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ပြုံးပြုံး ပြန်ပြောဖြစ်သည်။

အမှန်မှာတော့ ကိုစိုးဝေ မပြန်ခင်ကပင် အိမ်ပြန်တော့မည်ဟု သူမ စဉ်းစားမိသား။ အိမ်မှာ လျှော်စရာအဝတ်တွေ ရှိနေတာကို သတိရနေမိသား။ အခုတော့ ကိုစိုးဝေ လိုက်ပို့ပေးမည်ဆိုတော့ သူမက ပြန်ဖို့အစီအစဉ်ကို စိတ်ကူးမှာ ဖျက်လိုက်သည်။

ကိုစိုးဝေ၏ ဆိုင်ကယ်နောက်မှ စီးရမည်ကို အတွေးဖြင့်ပင် မစီးချင်ခဲ့။ ပတ်ဝန်းကျင်၏ အမြင်မှာလည်း ကိုစိုးဝေနှင့်သူမသည် အတိုင်းအတာအထိ ရင်းနှီးနေပြီလားဟု တွေးထင်ကြမှာစိုးရိမ်သည်။

မြို့က နယ်မြို့ကလေး ဖြစ်နေသည်မို့ တစ်ဦးချင်းစီ၏ အကြောင်းကို စပ်စုသည် မဟုတ်ပါဘဲ သိနေကြရသည်။ ကြားနေကြရသည်။ ဘယ်သူနှင့်ဘယ်သူ အတွဲဖြစ်နေသည်ကအစ ဘယ်သူ့အိမ်က ဘယ်သူ နေမကောင်းဖြစ်နေသည်အဆုံး သိနေကြ၏။

သည်တော့ ကိုစိုးဝေနှင့် ထားသက်လှိုင်တို့ကို မိဘတွေက သဘောတူထားကြကာ တစ်နေ့မှာ သူတို့ လက်ထပ်ကြမှာပဲဟု မသိဘဲ နေကြမည်မဟုတ်။

ရပ်သိရွာသိကိစ္စတစ်ခုဟုပင် ထားသက်လှိုင် နားလည်၏။

✿

နေ့လယ် အိမ်ပြန်ရောက်တော့ စာပို့သမား ရောက်လာပြီး စာတစ်စောင် ပေးသည်။ အေးအေးလွင်ထံမှ စာဖြစ်မှာပဲဟု



တွေး၏။ ပြန်ရောက်စကလည်း အေးအေးလွင် စာတစ်စောင် ထည့်လိုက်သေးသည်။

ရန်ကုန်လာပြီး ကွန်ပျူတာ တက်ဖို့ အလုပ်ရှာဖို့ အေးအေးလွင်စာထဲမှာ ရေးသည်။ အေးအေးလွင်က သူလည်း ရန်ကုန်လာနိုင်ဖို့ ကြိုးစားနေကြောင်း ရေးထားခဲ့သည်။ အေးအေးလွင်ဆီကို ထားသက်လှိုင် စာမပြန်ဖြစ်ခဲ့။ စာမရောက်ဘူးအထင်နှင့် နောက်ထပ်တစ်စောင် ထပ်ရေးသည် ထင်သည်။

စာအိတ်ကိုယူပြီး လက်ရေးကို မြင်ရုံဖြင့် အေးအေးလွင်လက်ရေးမဟုတ်မှန်း သိလိုက်၏။ စာအိတ်ထောင့်မှာ ညိုမင်းလွင်ဟု အမည်ရေးကာ လိပ်စာတပ်ထားသည်။ မှတ်ပုံတင်စာမို့ သူ လက်မှတ်ထိုးယူလိုက်ရတာ သတိရ၏။

ဪ . . . ကိုညိုမင်းလွင်စာပါလား။

ရင်၌ ခံစားမှု အရိုက်အခတ်ဖြင့် အခုန်မြန်ချင်သလို သူဘာတွေ ရေးထားပါလိမ့်ဟု သိချင်စိတ် ပြင်းပြသည်။

စာအိတ်ကို ဖောက်မိတော့မည်လုပ်ပြီးမှ ကိုစိုးဝေနှင့်ကိစ္စက ခေါင်းထဲ ဝင်သည်။တစ်နေ့မှာ ကိုစိုးဝေကို လက်ထပ်ရမှာပါလားဟု ဝမ်းနည်းစွာ တွေးမိပြန်၏။

သူ ထားသက်လှိုင်ကို ဘယ်လောက် သတိရကြောင်း၊ ဘယ်လောက် လွမ်းကြောင်းတွေ စာထဲမှာ ရေးထားလေမည်။

ပြီးတော့ . . . သူ ထားသက်လှိုင်ကို ဘယ်အထိ ချစ်မိကြောင်းတွေ ပါမည်။

ပြီးတော့ . . . ထားသက်လှိုင်ဆီက အဖြေကို သူ ခယ

www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုနေဦးမည်။

နောက်ဆုံး လက်ထပ်ခွင့်ကိုပါ သူ တောင်းခံတော့မည်။ စာအိတ်ကို ကိုင်ထားရင်းမှ ထားသက်လှိုင် စဉ်းစားနေမိပြန်သည်။ စာအိတ်ကို ဖွင့်မဖောက်တော့ပါဘူးဟု ဆုံးဖြတ်၏။ အတွင်းထဲမှာ ပါသည့် ကိုညိုမင်းလွင်၏ စာသားများသည် မိမိနှလုံးသားကို ထိခတ်နာကျင်စေဦးတော့မည်ဟု နားလည်ပြန်၏။

သည်ဘဝမှာ ကိုညိုမင်းလွင်အတွက် သူမ ဘာမှ ပြန်ပေးနိုင်စရာ မရှိတော့ဟုလည်း တွေးမိရင်း ကြေကွဲသည်။

စားပွဲဆီလျှောက်ကာ ဘောလ်ပင်ဖြင့် စာအိတ်ပေါ်မှာ အမှတ် (၁) ဟု တပ်လိုက်၏။ ပြီးတော့ သူ့စားပွဲအံဆွဲကို သော့ဖွင့်လျက် စာအိတ်ကလေးကို ထည့်ကာ သော့ပြန်ခတ်သည်။

ကျွန်မကို ခွင့်လွှတ်ပါ ကိုညိုမင်းလွင်ဟု ရင်ထဲမှာ တဖွဖွ တောင်းပန်စကား ဆိုနေမိ၏။

မျက်ဝန်းထဲမှာ မျက်ရည်တို့ ဝေ့လည်လာပြန်သည်။

✿ ✿ ✿

[၈]

ညီမလေးက ညဈေး ခဏသွားချင်သည် ပြောသဖြင့် ညီမလေးနှင့်အတူ အိမ်ပေါ်မှ ဆင်းခဲ့၏။

အိမ်အောက်ကိုရောက်မှ အင်ဂျင်စက်သံကို ကြားမိရင်း ပြန်ရောက်စကပင် သတိထားခဲ့မိသော အင်ဂျင်စက်အသစ်ကလေး အတွေးထဲ ဝင်လာခဲ့သည်။

သူတို့မြို့သည် တစ်နေ့လုံးလုံး မီးရသည့် မြို့မဟုတ်ပါ။ မီးဖြတ်လိုက်ပြီဆိုသည်နှင့် ကိုယ့်အစီအစဉ်ဖြင့် ကိုယ့်အိမ်မှာ မီးလင်းနေအောင် လုပ်ရပါတော့သည်။

ဖေဖေရှိစဉ်ကတော့ ညပိုင်း မီးဖြတ်ပြီးလျှင် အင်ဂျင်စက်ဖြင့် အိမ်မှာ မီးလင်းစေခဲ့သည်ပဲ။ ဖေဖေ့အတွက် အကုန်အကျတွေ

www.burmeseclassic.com

www.burmeseclassic.com



များပြီးနောက်ပိုင်း ထားသက်လှိုင် ကျောင်းက ပြန်ရောက်တော့ အိမ်မှာ အင်ဂျင်စက်ကလေး မရှိတော့။ဘက်ထရီမီးဖြင့်သာ စာကြည့်နေရသော ညီမငယ်ကိုကြည့်ရင်း ရင်ထဲမှာ မကောင်း။

ညီမလေးကို တိုးတိုးတိတ်တိတ် မေးကြည့်တော့ မေမေ ရောင်းပစ်လိုက်ရသည်ဟု ပြောသည်။ စားဝတ်နေရေးအတွက် မီးစက်ကလေး ပါသွားပြီဟု နားလည်လိုက်ရင်း ချို့တဲ့လာသော အိမ်၏ စီးပွားရေးအခြေအနေကို သတိထားမိပြန်သည်။

"မီးစက်ကလေး ဘယ်တုန်းက ဝယ်လိုက်တာလဲ ညီမလေး"

လမ်းလျှောက်ရင်း ညီမလေးကို ကြည့်ကာ ထားသက်လှိုင် မေးသည်။

"သိပ်မကြာသေးဘူး မမထား၊ မမထား ကျောင်းက ပြန်မရောက်ခင် ရက်ပိုင်းကလေးကပဲ"

ဟု ညီမငယ်က ပြောသည်။

"မေမေ ပိုက်ဆံလေးဘာလေး ပြန်ပိုလာပုံ ရတယ်နော် ဈေးဆိုင်က အခြေအနေ ပိုကောင်းလို့လား"

ထားသက်လှိုင်ကို ညီမငယ်က လှမ်းကြည့်၏။

"မမထားကို ညီမလေးပြောတာ မေမေ ပြောပြီးပြီလား"

မဆီမဆိုင်စကားကို ညီမလေး မေးသည်။

"ကိုစိုးဝေကိစ္စလား"

"ဟုတ်တယ် မမထား"

"အင်း . . . ပြောတယ်"



စကား ပြတ်သွားသည်။ လမ်းတစ်ဖြတ်ကို ချိုးကွေ့လိုက်၏။

"ပြောပါဦး ဘာဆိုင်လို့လဲ"

"အဲဒီပိုက်ဆံအခြေအနေတွေက ဦးစိုးဝေနဲ့ ဆိုင်လို့မေးတာ မမထားရဲ့"

"ဟင် . . ."

"ဖေဖေ့ကိစ္စတွေဘာတွေ ကူညီပါတယ်၊ မေမေ့ကိုလည်း ငွေတွေဘာတွေ လှည့်တယ်၊ မေမေက အတိုးကြီးကြီးနဲ့ ချေးပြီး ဖေဖေ့အတွက် ကုန်ကျထားတာ သူတို့ ပြန်ဆပ်ပေးပြီးတော့ အတိုး မယူဘဲ မှတ်တယ်၊ မေမေက ပြောတယ် . . .

ဒါပေမဲ့ အိမ်ကတော့ သိပ်မချောင်ဘူးပေါ့၊ ဆိုင်ကလည်း သိပ်ရောင်းရတာမှ မဟုတ်တာ၊ ပစ္စည်းက မစုံဘူးလေ၊ ဟိုတုန်းကလို ပစ္စည်းမတင်နိုင်တော့ ရောင်းအားမရှိဘူးပေါ့၊ အခုနောက်ပိုင်းမှာ ဦးစိုးဝေက မေမေ့ကို ဆိုင်အတွက် အရင်း သတ်သတ်ပေးတယ်လို့ မေမေက ပြောတယ်။

ဒါကြောင့် အခု ဆိုင်က ပစ္စည်းစုံနေတာ မမထားရဲ့၊ ပစ္စည်းစုံတော့ ရောင်းအားလည်း ကောင်းလာတာပေါ့လေ၊ မေမေ ပိုပြီး အဆင်ပြေလာတယ်၊ အဲ . . . အဲဒီမီးစက်ကလေးက မေမေ ဝယ်တာ မဟုတ်ဘူး"

"ကိုစိုးဝေ ဝယ်တာလား"

"ဟုတ်တယ်၊ မေမေ့ကို မီးစက်ဝယ်ဖို့ ဦးစိုးဝေ ခဏခဏ ပြောသကြားတယ်၊ မေမေကလည်း ဝယ်မယ်ဝယ်မယ်နဲ့ မဝယ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ တစ်နေ့တော့ မန္တလေးက ပြန်လာတော့ ဦးစိုးဝေ အဲဒီစက်ကလေး ဝယ်လာတယ်၊ မေမေက အားနာလို့ ငါ အခုတော့ မပေးနိုင်သေးဘူး၊ ငါ့ကို အကြွေးနဲ့မှတ်လို့ပြောတော့ ဦးစိုးဝေက သူ ဝယ်ပေးတာပါလို့ ပြောတယ်"

"ဩော် . . ."

"မေမေနဲ့ ဦးစိုးဝေတို့ ဖေဖေ့ကို ထောင်ဝင်စာ တစ်ခါ သွားတွေ့တော့ ဖေဖေက မေးတယ်တဲ့၊ မြို့မှာ နှစ်ဆယ့်လေးနာရီမီး ရပြီလား၊ မရသေးဘူးဆိုတော့ မီးစက်ကလေးရော ကောင်းသေးရဲ့လား၊ မကောင်းရင် မောင်စိုးဝေတို့ကို ပြင်ပေးခိုင်းလို့ ပြောတယ်တဲ့။

အဲဒီအချိန်မှာ ဖေဖေဝယ်ခဲ့တဲ့ မီးစက်ကလေးက ရောင်းပြီးနေပြီလေ၊ မေမေက ပြန်ရောက်တော့ အဲဒါပြောပြီး မေမေ မျက်ရည်ကျတယ်၊ ဒါတွေ ဦးစိုးဝေ သိတယ် မမထားရဲ့၊ ဒါကြောင့် ဒီမီးစက်ကလေး ဝယ်ပေးတာနေမယ်"

ညဈေးတန်းကို လှမ်းမြင်နေရပြီ။ ဘက်ထရီမီးချောင်းတို့ဖြင့် ဖွင့်ထားသည့်ဆိုင် များသဖြင့် ထင်ထင်လင်းလင်းကြီး မရှိလှ။

ကိုစိုးဝေ သူမတို့မိသားစုအပေါ်မှာ စာနာညာတာမှုရှိသည်ကိုတော့ ငြင်းပယ်နိုင်စရာ မရှိ။

သူတို့မိသားစုအပေါ် နားလည်နိုင်သူဟု အသိအမှတ်ပြုရပေမည်။ မီး ခပ်မှိန်မှိန်နှင့် ညဈေးကို ရောက်လာခဲ့၏။

✿ ✿ ✿

[၉]

ထမင်းပို့သွားသည့်အချိန်၌ မေမေ့ဆိုင်ပေါ်မှာ ကိုစိုးဝေ၏အမေကို ထားသက်လှိုင် တွေ့သည်။ မေမေနှင့် စကားလက်ဆုံကျနေရာမှ သူမကိုတွေ့တော့ စကားပြတ်သွား၏။ ပြီးမှ ကိုစိုးဝေအမေက သူမကို နှုတ်ဆက်ရင်း ထွေရာလေးပါး စကားပြောသည်။

"သမီးက ဖိုက ငယ်ရုပ်အတိုင်း မပြောင်းဘူးနော်၊ ဘယ်လောက်ကြာ ကွဲသွားကွဲသွား မှတ်မိနိုင်တဲ့ရုပ်မျိုးပဲ၊ အခုလို ပြည့်လာတော့ အရုပ်အမောင်းရှိတဲ့သူဆိုတော့ ပိုကြည့်ကောင်းသွားတယ်"

သူမကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း ပြောနေပြန်သဖြင့် မနေတတ် ဖြစ်ရသေးသည်။

သူရောက်ပြီး ခဏကြာ စကားပြောပြီးမှ . . .

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ထမင်းချိုင့်တောင် လာပြီဆိုတော့ စားလိုက်ဦး ကျွန်မလည်း ပြန်လိုက်ဦးမယ်၊ ကိုသာဒွေးကလည်း သမီးကို မေး မေးနေတယ်၊ အိမ်ဘက်လည်း တစ်ခါတလေ လှည့်ခဲ့ပါဦး"

ထားသက်လှိုင်ဘက်သို့ လှည့်ရင်းပြောကာ ဆိုင်ပေါ်မှ ဆင်း၏။

"ညီမလေးကလည်း ကျူရှင်နဲ့ဆိုတော့ အိမ်အလုပ်တွေနဲ့ မအားလို့ပါ ဒေါ်ဒေါ်"

ဟု ပြုံးရင်း အလိုက်အထိုက်စကားကို သူမ ပြောလိုက်၏။

ကိုစိုးဝေအမေ ပြန်သွားတော့မှ မေမေ့ကို ထမင်းခူးပေးရန် ဆိုင်ပေါ် တက်ခဲ့၏။

"ဈေးဝယ်ရင်း ဝင်လာတာ ထင်တယ်"

ဟု ထမင်းခူးရင်း မေမေ့ကို မေးလိုက်သည်။

"ဟုတ်တယ် သမီး . . . ဈေးဝယ်လာတာပေါ့၊ ပြီးတော့ မေမေ့ကိုလည်း မတွေ့တာ ကြာလို့ဆိုပြီး စကားဝင်ပြောနေတာ"

ကိုစိုးဝေ၏အမေနှင့် မေမေတို့ ပြောကြသည့်စကားထဲမှာ ကိုစိုးဝေနှင့် သူမအကြောင်း ပါမည်ဆိုတာ အတတ်သိသော်လည်း မမေးဘဲ နေလိုက်သည်။

✿

ညရောက်တော့ မေမေက သည်အကြောင်းကို စကားစ တော့၏။



"မနက်က မောင်စိုးဝေတို့အမေ လာတာက သမီးတို့ကိစ္စ တိုင်ပင်တာလည်း ပါတယ်"

မေမေစကားစတော့ မေမေ့မျက်နှာဆီ ဖျတ်ခနဲ ကြည့်ဖြစ် သေး၏။

"မောင်စိုးဝေတို့သားအဖက မင်္ဂလာပွဲ မြန်မြန်လုပ်ချင် တယ်လို့ ပြောတယ်တဲ့၊ မောင်စိုးဝေက လောတာပေါ့၊ သူ့အဖေက လည်း သူ့သားဆန္ဒအတိုင်း လုပ်ပေးချင်တယ် ပြောသတဲ့၊ အဲဒါ သမီးကို အဲဒီအကြောင်းတွေ ပြောပြီးပြီလားဘာလား လာမေးသွား တာ"

မေမေ ဘာပြန်ပြောလိုက်လဲဟု မေးမည်ပြုပြီးမှ မမေး လိုက်ပါ။ မေမေက ဘာသာ စကားဆက်သည်။

"သမီးကို ပြောထားပြီးသားပါ၊ သမီး သိပါတယ်ဆိုတာ ပြောလိုက်တယ်၊ သမီးမှာ ချစ်သူ ရည်းစားသန်တော့ မရှိပါဘူး၊ ဒါပေမဲ့ သမီးက လွတ်လွတ်လပ်လပ် နေချင်သေးတယ် ပြောတယ် လို့ မေမေက ပြောလိုက်တယ် သမီး"

"ကောင်းပါတယ် မေမေ"

"ဒါပေမဲ့ မောင်စိုးဝေအမေက ပြောတယ်၊ ဒီကိစ္စကို သမီး သိပြီးသားဆိုရင် မောင်စိုးဝေနဲ့ သမီးတို့ လူငယ်ချင်း ညှိနှိုင်းကြတာ ပိုကောင်းမယ် ထင်တယ်တဲ့၊ မောင်စိုးဝေကို သူ ပြောလိုက်မယ်လို့ ပြောသွားတယ်"

လက်ထပ်ရန်ကိစ္စသည် မလွဲမသွေ ပြုလုပ်ရမည်ဆိုပါက ထိုလက်ထပ်ပွဲကို ထားသက်လှိုင်က တတ်နိုင်သလောက် အချိန်ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ထားချင်သည်။ မေ့ပျောက်နိုင်စွမ်းမရှိသော ဒဏ်ရာမဟုတ်ဟု နားလည်သော်ငြား နှလုံးသားက ဝေဒနာ ကျက်စေချင်သေးသည်။ ယောကျ်ားတစ်ယောက်ကို လက်ထပ်ပြီးပါမှ နှလုံးသားထဲက ချစ်သူကို တမ်းတမ်းတတ ဖြစ်နေရသည့် အဖြစ်မျိုးလည်း မကြုံချင်။

"ဘာဖြစ်ဖြစ် မေမေရယ် သမီး လက်မထပ်ချင်သေးပါဘူး၊ အခြေအနေအရ၊ အခြေအနေဆိုတာ မိသားစု စီးပွားရေး အခြေအနေအရ အကျပ်အတည်း တစ်ခုခု ပြေလည်သွားမှာမျိုး ဆိုရင်တော့ သမီးချက်ချင်း လက်ထပ်ပါ့မယ်"

ပြောရင်း ဆို့ဆို့နင့်နင့် ခံစားလာရတော့သည်။

"အဲဒီလိုတော့ မဟုတ်ဘူးပေါ့ သမီးရယ်၊ ဒါပေမဲ့ ဘာပြောပြော လက်ထပ်ပြီးရင်တော့ မိသားစုအခြေအနေ ပိုအဆင်ပြေနိုင်တာတော့ အမှန်ပဲ၊ ဒါပေမဲ့ သမီးစိတ်ဆင်းရဲမှာဆို မလုပ်ပါနဲ့ သမီး"

"သမီး . . ."

စကားစ ရှာမရသလို စကားတို့က တစ်ဆို့နေသည်။

"မောင်စိုးဝေနဲ့ ဆွေးနွေးတဲ့အခါ ပြေပြေလည်လည်တော့ ဆွေးနွေးပါ သမီးရယ်၊ ဖေဖေ့အတွက် အဓိကပေါ့၊ အားလုံးက မောင်စိုးဝေကို အားကိုးနေရတာ၊ သူက လည်လည်ပတ်ပတ်လည်း ရှိတယ်၊ သမီး . . . မေမေပြောချင်တာ သဘောပေါက်မှာပါ"

မေမေ့ကိုကြည့်ရင်း ခေါင်းတစ်ချက် ညိတ်မိသည်။ မျက်ဝန်းမှ မျက်ရည်ဥကို မျက်တောင်ခတ်ရင်း ထိန်း၏။

အားအင်ရှိသမျှ ရုန်းကန်လှုပ်ရှားကြည့်ချင်သော်လည်း



လှုပ်ရှားမရနိုင်အောင် ချည်နှောင်ထားသောကြိုးတို့က မနည်းပါလား။

မိသားစု၏ သံယောဇဉ်ကြိုးတို့ဖြင့် ဖွဲ့စည်းချည်နှောင်ပြီး လှုပ်ရှားခွင့်ကို ရနေသော ရုပ်သေးတစ်ရုပ်ပမာ ထားသက်လှိုင်က မိမိကိုယ်ကို ထင်မြင်သည်။

မေမေ မသိအောင် သက်ပြင်းကို ဖွဖွချလိုက်မိတော့၏။

✿ ✿ ✿

www.burmeseclassic.com

## [၁၈]

ကိုညိုမြင့်လွင်ဆီမှ တတိယမြောက် ရောက်လာသည့် စာကို ရသည်။ သူ့ဆုံးဖြတ်ချက်အတိုင်း ထားသက်လှိုင်က စာအိတ်ပေါ်မှာ နံပါတ်တပ်ကာ အံဆွဲထဲသို့ ထည့်၍ သိမ်းလိုက်၏။

ကိုညိုမြင့်လွင် သူ့ကို ဘာတွေပြောချင်နေသည်ကို သိနေသည်ပဲဟု စိတ်ထဲက ယုံကြည်ပြန်သည်။ သံယောဇဉ် အကျန်အကြွင်းကိုမျှ မထားရက်လေသူဟု ယူဆနာကြည်းနိုင်ပါမှ ကောင်းလေစွ တွေး၏။ အငေးဆုံးဆီအထိ ခြားအောင် တစ်လမ်းစီလျှောက်ရမည့် ဘဝပါလား နားလည်သည်။

ချစ်ခြင်းတစ်ခုတည်းဖြင့် ဘဝနှစ်ခု၏ ကွာဟမှုသည် ပေါင်းစည်းမသွားနိုင်တော့ပါလား။ လူနှစ်ဦးနှစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းဆုံရန်အတွက် 'အချစ်' သည် စွမ်းဆောင်နိုင်ကောင်း စွမ်းဆောင်နိုင်ပါမည်။

ထိုလူနှစ်ဦးသည် မိမိပတ်ဝန်းကျင်ကို မပြတ်ပါက ပတ်ဝန်းကျင်နှစ်ခု တစ်သားတည်း ဖြစ်ရန်မှာမူ အချစ်တစ်ခုဖြင့် မလွယ်ဟု ထားသက်လှိုင် ယုံကြည်ထားသည်ပဲ။ မိမိဘဝထဲက ပြဿနာတို့ကိုမူ ကိုညိုမြင်းလွင် ဘာမှသိရှာနိုင်မည် မဟုတ်။

ကုံကော်ပင်အောက်က ဘဝများကို တမ်းတမိပြန်သည်။ လွမ်းဆွတ်နာကျင်စွာ ခံစားရပြန်၏။

အပြင်ဘက်မှာ တံခါးသံပေါင်ကို သော့ခလောက်ဖြင့် ခေါက်သံအကြားမှာ အတွေးကို ဖြတ်ရင်း အခန်းတွင်းမှ ထွက်ခဲ့၏။ တံခါးရှေ့မှာ ရပ်နေသည့် ကိုစိုးဝေကို မြင်သည်။

ကိုညိုမြင်းလွင်ကို လွမ်းတနေစဉ်ခိုက်မှာ ကိုစိုးဝေ ရောက်လာခြင်းသည် တိုက်ဆိုင်မှုတစ်ခုပင်။ ထိုသို့ပင် ကမောက်ကမ မတိုက်ဆိုင်မှုများဖြင့်သာ မိမိဘဝသည် ပြီးဆုံးသွားတော့မည်လား။ ထားသက်လှိုင်က တွေးရင်း လျှောက်လာ၏။

"မေမေ ပြန်မရောက်သေးဘူး ကိုစိုးဝေ"

မေမေ့ထံသို့ လာသည့် ဧည့်သည်ဟုပင် စိတ်ထဲက သတ်မှတ်မိဆဲ။ ကိုစိုးဝေက တစ်ချက်ပြုံးသည်။

"ကျွန်တော် ဒေါ်ဒေါ့်ဆိုင်ကလာတာ ထား"

"ဪ . . ."

"ထားဆီ သက်သက်လာခဲ့တာပါ၊ ထား အိမ်မှာ ရှိလားလို့ ဆိုင်ကို ဝင်မေးခဲ့သေးတာ"



"ခဏ နေဦးနော်၊ သော့ ယူလိုက်ဦးမယ်"

အိမ်ပေါ်မှာ ဧည့်မခံ၍ မဖြစ်နိုင်တော့သည့် အခြေအနေကို နားလည်စွာ သော့သွားယူလိုက်၏။ အိမ်တံခါးကို ဖွင့်ပေးလိုက်သည်။ ကိုစိုးဝေ ဧည့်ခန်းထဲမှာ ဝင်ထိုင်လိုက်သည်။

"ညီမလေးရော"

"ရှိတယ် ကိုစိုးဝေ၊ မီးပူတိုက်နေတယ်"

"ကျူရှင် မသွားရဘူးလား"

"ညနေမှပါ ခဏနေဦးနော်၊ ကျွန်မ ကော်ဖီလုပ်လိုက်မယ်"

"မလုပ်နဲ့ ထား၊ မလုပ်နဲ့၊ ကျွန်တော် လက်ဖက်ရည်ဆိုင်က ထပြီး ဒေါ်ဒေါ့်ဆီ ရောက်သွားတာ၊ သောက်ပြီးပြီ"

"မဟုတ်တာ၊ ဧည့်သည်ကို ဘာမှမတိုက်လို့ ဘယ်ဖြစ်မလဲ"

ကိုစိုးဝေက ပြုံးရင်း . . .

"ကျွန်တော့်ကို ဧည့်သည်လို သဘောမထားနဲ့ ထားရဲ့၊ ကျွန်တော်က ဒေါ်ဒေါ်တို့နဲ့ မိသားစုလို ဖြစ်နေတာ"

ထားသက်လှိုင်က ဘာမှပြန်မပြောမိတော့ဘဲ အလယ်စားပွဲပေါ်မှ သတင်းစာကို ခေါက်ပြီး သေသေသပ်သပ်ဖြစ်အောင် လုပ်နေလိုက်၏။

"ထား"

"ရှင် . . ."

"ကျွန်တော်တို့ကိစ္စ ထားနဲ့ကျွန်တော် နည်းနည်းဆွေးနွေးချင်လို့ပါ"

"ဟုတ်ကဲ့ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



ထားသက်လှိုင်က ကိုစိုးဝေမျက်နှာကို စူးစိုက်ကြည့်ရင်း ပြောလိုက်သည်။

"လူကြီးတွေက ကျွန်တော်တို့လူငယ်ချင်း ဆွေးနွေးစေချင်တယ်လို့ ပြောလို့ပါ"

"ဟုတ်ကဲ့"

"ကျွန်တော့်သဘောကတော့ လက်ထပ်ဖို့ စိတ်ချင်ပြီ၊ ဖေဖေကလည်း ကျွန်တော့်သဘောလို့ ပြောတယ် ထား"

ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားရ၏။ လောလောဆယ်မှာ ကိုစိုးဝေကို ဘယ်လိုနည်းနှင့်မျှ လက်ထပ်ပေါင်းသင်းရန်ဆန္ဒမရှိဟု ဘာသာသိနေပြန်သည်။ တစ်နေ့မှာ လက်ထပ်မည့်သူဟု နားလည်လက်ခံထားနိုင်သော်လည်း ပြုန်းစားကြီး လက်ထပ်ရန် သူမမှာ ဆန္ဒမရှိ။

"ကျွန်မ ပြောမယ် ကိုစိုးဝေ၊ ကျွန်မ ကိုစိုးဝေကို လက်ထပ်ဖို့ မေမေ့ကို ခေါင်းညိတ်ထားပါတယ်၊ ဒါပေမဲ့လည်း လောလောဆယ်တော့ လက်မထပ်ချင်သေးဘူးလေ၊ ဘာကြောင့်ရယ်မှတော့ မဟုတ်ပါဘူး၊ ဟို . . . ကိုစိုးဝေလည်း ကျွန်မကို လေ့လာနိုင်ခွင့်ပိုရတာပေါ့ ဟုတ်ဘူးလား"

ကိုစိုးဝေက ပြုံးပြန်သည်။

"ဘာထပ်လေ့လာစရာ လိုတော့မှာလဲ ထားရယ်၊ ကျွန်တော်က ထားတို့နဲ့ အခုမှ ရင်းနှီးခင်မင်ရတာမှ မဟုတ်တာ"

"ဒါပေမဲ့ ကျွန်မနဲ့ ကိုစိုးဝေက တွေ့ရတဲ့အချိန် နည်းတယ်လေ"



"ရပါတယ်၊ ထား . . . လောလောဆယ်မှာ လက်မထပ်ချင်သေးရင်လည်း ကျွန်တော် စောင့်ရတာပေါ့၊ ဟုတ်ဘူးလား"

ထားသက်လှိုင်က ဘာမှပြန်မပြောဘဲ ဇွတ်တရွတ် မစိစစ်မှုအတွက် စိတ်သက်သာရာ ရမိပြန်၏။

"ကျွန်တော့်အကြောင်းရော ထား ဘာတွေသိလဲ . . ."

"ဟင့်အင်း . . . ကျွန်မ မသိဘူး၊ ကျွန်မ သိတာက ကိုစိုးဝေတို့မိသားစုဟာ ကျွန်မတို့ မိသားစုရဲ့ ကျေးဇူးရှင်၊ ဒုက္ခရောက်တဲ့အချိန်မှာ အကူအညီ အပေးဆုံးမိသားစု၊ ကိုစိုးဝေဖေဖေက ကျွန်မဖေဖေရဲ့မိတ်ဆွေ၊ ဒါလောက်ဆိုရင် ကျွန်မ ကိုစိုးဝေကို လက်ထပ်ဖို့ လုံလောက်နေပါပြီ၊ ဒီထက်လည်း ပိုမသိချင်တော့ပါဘူး"

"မဟုတ်သေးဘူး ထားရဲ့၊ ကျွန်တော်က လူတစ်မျိုး၊ ကျွန်တော့်အကြောင်း ထားကို အကုန်ပြောပြမယ်၊ ထား သိထားတော့ ပိုကောင်းတာပေါ့"

ထားသက်လှိုင် မသိမသာ သက်ပြင်းချသည်။

"ကျွန်တော် မန္တလေးတက္ကသိုလ်က ဘွဲ့ရခဲ့တာဗျ၊ တက္ကသိုလ်မှာ တတိယနှစ်မှာ ရည်းစားတစ်ယောက် ထားခဲ့ဖူးတယ် ထား၊ ကျွန်တော်က စာသင်တဲ့အချိန်မှာ အဓိက ကျောင်းစာပဲ၊ ကျန်တာ ကျွန်တော့်အတွက် သာမညပါပဲ၊ ရည်းစားထားတယ်ဆိုပေမယ့် လျှောက်သွားလျှောက်လည် မရှိဘူး၊ အဲ . . . သိပ်တော့ မကြာပါဘူး . . .

ကျွန်တော် အဲဒီလို ကျောင်းစာကိုပဲ စိတ်ထက်သန်နေတာနဲ့ ကျွန်တော့်ရည်းစား ကျွန်တော့်ကို ပစ်သွားရော၊ တခြားတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့ တွဲသွားတယ်လေ၊ ကျွန်တော့်စိတ်ထဲမှာ တော်တော် ခံပြင်းသွားတယ်၊ မိန်းမတွေကို တော်တော်လည်း အထင်သေးသွား တယ်လေ၊ နောက်ထပ် ကျွန်တော် ရည်းစားမထားတော့ဘူး"

ကိုစိုးဝေ၏ပုံစံကို တွေ့စကပင် ကိုစိုးဝေသည် ကျောင်း သားဘဝက ကျောင်းစာမှလွဲ၍ စိတ်ဝင်စားမှု မရှိသော စာကြမ်းပိုး တစ်ယောက်၏ ပုံစံထွက်နေတာ ထားသက်လှိုင် အကဲခတ်မိပြီး သားပင်။

"အလုပ်ထဲ ရောက်လာတယ်၊ ဖေဖေနဲ့တွဲလုပ်ရင်း စီးပွား ရေးလုပ်ငန်းတွေ စိတ်ဝင်စားလာတယ်၊ ကျွန်တော်က တစ်မျိုးဗျ စီးပွားရှာတဲ့ အချိန်မှာလည်း စီးပွားရေးကလွဲရင် ကျန်တာ သိပ်စိတ် မဝင်စားမိဘူး၊ တစ်ချိန်လုံး စီးပွားရေးပဲ ခေါင်းထဲရှိနေတယ် . . .

"စီးပွားရေးသမား ဆိုတော့ဗျာ ပေါင်းရသင်းရ ဆက်ဆံရ တဲ့ နယ်ပယ်ကျယ်လာတာပေါ့၊ မိန်းကလေးတွေ တော်တော်များများ လည်း တွေ့ပါတယ်၊ တွေ့တယ်ဆိုတာ ကျွန်တော့်ကို သဘောကျတဲ့ အရိပ်လက္ခဏာ ပြကြတာပေါ့၊ တချို့ကလည်း ဖမ်းချင်ကြတာပေါ့ ဗျာ၊ ကျွန်တော် စိတ်မဝင်စားဘူး၊ ကင်းကင်းနေခဲ့တာပဲ"

မိန်းမတွေကို စိတ်မဝင်စားတာ၊ မိန်းမများနှင့် ကင်းရှင်း သော ယောကျ်ားများကို မိန်းမတွေ နှစ်ခြိုက်သည်ဟု ကိုစိုးဝေ တွေးမိနေသလား မပြောတတ်။

မိန်းမ မပွေမရှုပ်ပါဘဲ အိမ်ထောင်ကျပြီးမှ နောက်တစ် ယောက် ထပ်တွေ့။ အဲသည်တွေ့တဲ့တစ်ယောက်နှင့် ထပ်ပြီး ယူ လိုက်သည့် ယောကျ်ားတွေ ဒုနဲ့ဒေး။ မိန်းမ မပွေမရှုပ် အတွေ့



အကြုံတော့ မရှိ။ ရှားရှားပါးပါး တစ်ယောက်ထပ်တွေ့။ အဲသည် တစ်ယောက်ပဲယူကာ အိမ်ထောင်အပေါ်မှာ သစ္စာဖောက်သူများ ရှိသည်ကို ကိုစိုးဝေ မတွေးမိလေရောလား။

ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ကိုယ့်အိမ်ထောင်ရဲ့အပေါ်မှာ သစ္စာ ရှိသူကိုသာ မိန်းမတွေ တောင့်တတတ်တာ ကိုစိုးဝေသိအောင် ပြော ချင်သော်လည်း မပြောဖြစ်။

"အဲ . . . ဖေဖေနဲ့ပတ်သက်ပြီး ထားတို့ ဖေဖေနဲ့ သိရ တယ်၊ ထားတို့မိသားစုနဲ့ ခင်ရတယ်၊ အိမ်ဝင်ရင်းထွက်ရင်းနဲ့ ကျွန်တော် ထားကို လေ့လာခဲ့တာ၊ ထား တက္ကသိုလ် စတက်တဲ့နှစ် တတည်းက ကျွန်တော် သတိထားခဲ့မိတာ"

သူ သည်လိုပြောနေချိန်မှာ ထားသက်လှိုင်၏ရင်ထဲမှာ ဘယ်လိုမှ မတုန်လှုပ်မိ။ နွေးခနဲ၊ လှပ်ခနဲ ဖြစ်မသွားမိတာ ထား သက်လှိုင်က ဘာသာ သတိထားမိနေပြန်သည်။

ကိုယ့်ကိုစပြီး စိတ်ဝင်စားတာ၊ စပြီး ကြိုက်ခဲ့တာတွေကို ယောကျ်ားတစ်ယောက်က ကိုယ့်ရှေ့မှာ ပြန်ပြောပြနေပါလျက် ရင် မခုန်ဘဲ ခပ်ပြုံးပြုံး နားထောင်နေနိုင်ခဲ့သေးသည်။ ရှက်သွေးမျှပင် မဖျန်းမိ။

"နောက်တော့ ကျွန်တော် ထားကို သဘောကျကြောင်း၊ လက်ထပ်ချင်ကြောင်း၊ ကျွန်တော့်မိဘတွေကို ဖွင့်ပြောတိုင်ပင်လိုက် တယ်၊ ဖေဖေတို့ မေမေတို့ကလည်း ထားကိုပဲ သဘောကျတာပါ ဒါနဲ့ ထား ဖေဖေရှိတုန်းမှာပဲ အိမ်မှာလာပြီး နားဖောက်ခွင့် တောင်း ခံကြတာပဲ ထား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ ကျွန်မ မသိခဲ့ဘူး"

"ဟုတ်မှာပေါ့၊ ထားက ကျောင်းတက်တုန်းဆိုတော့ ကျွန်တော်လည်း ကိုယ်ချင်းစာတယ်၊ အသိမပေးတာ ကောင်းပါတယ် ထား"

ထားသက်လှိုင်က ငြိမ်းငွေ့သွားဟန်ပြသည်။ လက်မှ နာရီကို မသိမသာ တစ်ချက်ကြည့်၏။

"ကဲ . . . ပြောပါဦး၊ ထားအကြောင်းကို"

"ရှင် . . ."

"ကျွန်တော် ပြောသလိုပေါ့၊ ထားအကြောင်း အကျဉ်းချုပ်ပေါ့"

"ကျွန်မအကြောင်း ဘာမှပြောစရာ မရှိပါဘူး ကိုစိုးဝေ၊ ကျွန်မ ကိုယ့်အကြောင်း ကိုယ်ပြောရတာလည်း ဝါသနာ မပါဘူး၊ ကျွန်မအကြောင်း သိချင်ရင် ကိုစိုးဝေဘာသာပဲ စုံစမ်းကြည့်ပေါ့၊ ဟုတ်ဘူးလား"

စကားတင်းမာသွားမည်စိုး၍ အရယ်နှောကာ ပြောသည်။

"ကဲ . . . မပြောချင်လည်း ရပါတယ်ဗျာ၊ ကျွန်တော်က ထားကို စ,တွေ့ကတည်းက သဘောကျမိတာ၊ ထားက သွက်သွက်လက်လက်ရှိတယ်၊ ပြီးတော့ ထားက ထက်မြက်တဲ့ မိန်းကလေးလို့ ကျွန်တော် အကဲခတ်နိုင်လိုက်တယ်၊ ကျွန်တော်က တော်တာထက် ထက်တာကို ကြိုက်တာဗျ"

"အဲဒါတော့ ကိုစိုးဝေ မှားသွားပြီ ထင်တယ်"

ခပ်ပြုံးပြုံးနှင့် ထားသက်လှိုင် ပြော၏။



"ဘာဖြစ်လို့လဲ"

"ကျွန်မဟာ သာမန်မိန်းကလေးတစ်ယောက်ပါပဲ ကိုစိုးဝေ၊ ထက်မြက်တဲ့ မိန်းကလေးဆိုရင် ကျွန်မဟာ သာမန်ထက် တစ်နေရာရာမှာ ထူးထူးချွန်ချွန် ဖြစ်နေမှာပဲပေါ့၊ ဥပမာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး တစ်ခုခုမှာပေါ့ရှင်"

"ဒါတော့လည်း အချိန်မကျသေးလို့ နေမှာပေါ့ဗျာ"

"အဲဒီလို မျှော်လင့်ချက်မျိုးလည်း ကျွန်မမှာ မရှိဘူး၊ ကျွန်မက ရောက်တဲ့အခြေအနေမှာ အကောင်းဆုံးနဲ့ အရိုးသားဆုံးပဲ ဖြစ်ချင်တာပါ"

စကားပြောကြရင်း အယူအဆတွေက တူညီမှုမရှိကြတာ ထားသက်လှိုင် နားလည်လာသည်။

"ကျွန်တော်ဆို ကျောင်းစာမှာတုန်းကလည်း တော်တယ်လို့ ချီးကျူးခံခဲ့ရတယ် ထား"

"ကျွန်မ တစ်ခုမေးမယ်နော်"

"ဒါပေမဲ့ ကိုစိုးဝေယူခဲ့တဲ့ ဘာသာရပ်မှာ ကိုစိုးဝေ မထူးချွန်ခဲ့လို့ ရိုးရိုးသာမန်ဘွဲ့နဲ့ပဲ ကျေနပ်ခဲ့ရတာ မဟုတ်လား၊ ပီအိပ်ချ်ဒီတွေ ဘာတွေ မရခဲ့တာဘဲ မဟုတ်လား၊ ဘွဲ့ကို ကျွန်မ အထင်ကြီးလို့ ပြောနေတာ မဟုတ်ဘူးနော်၊ ဘွဲ့နဲ့ မတိုင်းတာရင်လည်း ပညာရပ်ဆိုင်ရာ ထူးထူးချွန်ချွန် ဘာတွေ လုပ်နိုင်ခဲ့လဲ၊ ဥပမာ အိုင်းစတိုင်းတို့ ဘာတို့လိုပေါ့၊ အဲဒီလို မဟုတ်ဘဲ သာမန်ထဲမှာ မြုပ်နေတဲ့ လူတစ်ယောက်ကို ပညာရေးမှာ ထက်တယ်လို့ ကျွန်မ လက်မခံချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ဗျာ"

ကိုစိုးဝေက အရှက်ပြေ ပြုံးသည်။

"ကိုစိုးဝေ ဆွေးနွေးလို့ ကျွန်မ ပြန်ဆွေးနွေးတာပါ"

"အခု စီးပွားရေးလောကထဲ ရောက်လာတော့လည်း လူတွေက ကျွန်တော့်ကို ထက်တယ် ထက်တယ် ပြောကြလို့ပါ"

လေသံတော့ နည်းနည်း လျော့သွားသည်။

"ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလို့ ပြောတာ မဟုတ်ဘူးနော် ထား"

ခပ်ပြုံးပြုံး စကားဆက်၏။

ထားသက်လှိုင်ကလည်း ပြန်ပြုံးပြကာ . . .

"ကျွန်မ ထင်တာ ပြောမယ်နော် ကိုစိုးဝေ"

ဟု ဆိုတော့ ကိုစိုးဝေက ခေါင်းညိတ်သည်။

"အများထက် ထူးထူးချွန်ချွန်ဖြစ်လို့ ထက်တယ်လို့ အများက သတ်မှတ်နိုင်တာ သဘာဝကျပါတယ်၊ ဒါပေမဲ့ အများက ထက်တယ်မြှောက်ပြောတိုင်း ကိုယ်က ဘာမှ မဟုတ်ဘဲ ထက်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်နေတဲ့လူကတော့ သာမန်မဟုတ်တော့ဘူး ကိုစိုးဝေ၊ ပြီးတော့ ငါထက်တယ် ငါတော်တယ်၊ အဲဒီလို ထုတ်ပြောတတ်တာလည်း သာမန်လူတွေရဲ့ အကျင့်စရိုက် မဟုတ်ဘူး ထင်ပါတယ်"

"ဘာလဲ . . . ထားက ရူးတဲ့သူတွေရဲ့ စရိုက်လို့ ပြောချင်တာလား"

"ဒါကတော့ ကိုစိုးဝေ စဉ်းစားပြီး ကြိုက်သလို ထင်လေ"



"မဆိုးပါဘူး . . . ထားနဲ့ စကားပြောရတာ ကောင်းတယ်၊ ကျွန်တော်ကလည်း ကျွန်တော် ပြောသမျှကို ဟုတ်တာပေါ့ မှန်တာပေါ့၊ အဲဒီလို အလိုက်သင့် ပြောနေတဲ့သူတွေကို မကြိုက်ဘူး"

"ကျွန်မက မှန်တယ်ထင်တာ ပြောရမှာ အားမနာတတ်ဘူး ကိုစိုးဝေ"

"ကျွန်တော်နဲ့ တူပါတယ်၊ ကဲ . . . ကျွန်တော် ပြန်လိုက်ဦးမယ်၊ နောက်မှ တစ်ခါ ထပ်ငြင်းကြခုန်ကြတာပေါ့"

"ငြင်းတာခုန်တာ ကျွန်မ ဝါသနာ မပါပါဘူး"

ကိုစိုးဝေက ဘာမှထပ်မပြောတော့ဘဲ ထရပ်လိုက်သည်။

"ကဲ . . . သွားမယ် ထား"

"ကောင်းပြီ ကိုစိုးဝေ"

တံခါးဝအထိ လိုက်ပို့၏။ ကိုစိုးဝေ၏ မော်တော်ဆိုင်ကယ် ထွက်သွားမှ တံခါးကို ပြန်ပိတ်လိုက်သည်။

ကိုစိုးဝေသည် သူ့ကိုယ်သူလည်း အထင်ကြီးတတ်၍ သူများကိုလည်း အထင်ကြီးချင်သောသူဟု ထားသက်လှိုင် နားလည်လိုက်သည်။ သူ့ကိုယ်သူလည်း ထက်မြက်သူဟု ယုံကြည်နေသူပင်။

ထိုယုံကြည်မှုသည် ကောင်းသော ယုံကြည်မှုဖြစ်သော်လည်း သူတစ်ပါးကို ထုတ်ဖော်ပြောလိုက်သောအခါ၌ကား အမြင့်စိတ်ဖြင့် ရူးသူဟု ထင်သွားချင်စရာဟု ထားသက်လှိုင် တွေးသည်။

မည်သည့် ထူးချွန်ထက်မြက်သူကမျှ ငါ ဘယ်လောက် ထက်မြက်တာပဲဟု အများကို ဖွင့်ပြောဖူးမည် မဟုတ်။ သူ လုပ်စရာကိစ္စကိုသာ လုပ်ဆောင်ရင်း သူ့လုပ်ရပ်များက သူ့ကို ထူးချွန်သူ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အများက လက်ခံလာအောင် ပို့ဆောင်ပေးစမြဲပင်။ သူ့လုပ်ငန်းများက ဘယ်လောက်ထက်မြက် ထူးချွန်သည်ကို ပြသနေစမြဲပင်။

ကိုစိုးဝေက ကျွန်တော့်ကို လူတွေက ထက်တယ်ပြောတယ်ဗျဟုဆိုတော့ ထားသက်လှိုင် ရယ်ချင်သည်။ ပြီးတော့ ကိုစိုးဝေကို သနားသွားမိသလိုလည်း ဖြစ်၏။

စိတ်ထဲမှာရှိသည့်အတိုင်း ထားသက်လှိုင် ပြောလိုက်မိပြီးမှ ကိုစိုးဝေကို အားနာသလို ဖြစ်မိပြန်သည်။

သူ့စကားကို စိတ်မဆိုးတာတွေ့တော့ အံ့ဩမိပြန်ရော။ သည်လူဟာ ဘယ်လိုလူပါလိမ့်ဟု အတွေးရခက်ပြန်ရော။

ရှူးနေတဲ့သူမှ ပြောတတ်တာဟု အမိပ္ပာယ်ရသည့် သူမ၏ စကားကို တော်ရုံယောကျ်ား ဆိုပါက စိတ်ဆိုးဒေါသ ထွက်ပေမည်။

ကိုစိုးဝေသည် စိတ်သဘောကောင်းသူဟုတော့ ထားသက်လှိုင် ထင်သည်။

လူတိုင်းသည် မြှောက်ပင့်ပြောဆိုခံရခြင်းကို နှစ်ခြိုက်တတ်သည့် သဘာဝရှိသော်လည်း ကိုစိုးဝေကတော့ ထိုသဘာဝထက် ကျော်လွန်ကာ အမြှောက်အပင့်ကို ကြိုက်သူ၊ ပြီးတော့ မြှောက်ပင့်စကားအတိုင်းလည်း ကိုယ့်ကိုယ်ကိုယ် ထင်နေတတ်သူပါလားဟု နားလည်ပြန်၏၊

အိမ်ထဲပြန်ဝင်လာတော့ ညီမလေး ထွက်လာတာနှင့် ဧည့်ခန်းမှာ ဆုံသည်။

"မမထားနဲ့ ဦးစိုးဝေ ပြောတာတွေ ညီမလေး အကုန်ကြား



တယ်၊ ကောင်းတယ်၊ အဲဒီလို ပြောပေးမှ ဦးစိုးဝေက သူ့ကိုယ်သူ အရမ်း အထင်ကြီးပြီး ဘဝင်မြင့်နေတာ"

ဟု မှတ်ချက်ချပြန်၏။

"အဲလိုလူမျိုးက သူများ အထင်ကြီးခံရအောင် ပြောတတ်နေတတ်တယ်၊ ဥပမာ . . . အရက်မသောက်၊ ဖဲမရိုက်၊ ဆေးလိပ်တောင် မသောက်ဘဲ ကိုယ်တိုင်နေပြပြီး ဆေးလိပ်သောက်တဲ့သူကိုပဲ စာရိတ္တပျက်တဲ့ လူလို့ ထင်ချင်ကြတာ၊ သူ့ကို အထင်ကြီးစေချင်သလို သူများကိုလည်း သူက အထင်ကြီးမှ ပေါင်းချင်တာ၊ သူများမှာ အပြစ်ကလေး နည်းနည်းရှိရင်တောင် ပုံကြီးချဲ့ပြီး ဇီဇာကြောင်ချင်တဲ့လူမျိုး ညီမလေးရဲ့"

ထားသက်လှိုင်က သူ ခန့်မှန်းမိသည့် ကိုစိုးဝေ၏ စရိုက်ကို ပြောပြလိုက်၏။

"ဒါပေမဲ့ သဘောတော့ ကောင်းတယ် မမထားရဲ့"

ဟု ညီမလေးက ပြုံးရင်း ပြောလိုက်သည်။

ထားသက်လှိုင်က ဘာမှ ပြန်မပြောလိုက်မိဘဲ မီးဖိုချောင်ဘက် ထွက်ခဲ့၏။

✿ ✿ ✿

www.burmeseclassic.com

## [၁၁]

ညနေမှာ ညီမလေးနှင့်အတူ ကမ်းနားလမ်းဘက်က စာအုပ်ဆိုင်ကို ရောက်သည်။ စာအုပ်ငှားပြီး ကမ်းနားလမ်းကို လျှောက်ဖြစ်၏။ ကမ်းနားမှာ သောင်ထွန်းနေသည်မို့ သောင်ပေါ်မှာ သွားလာလှုပ်ရှားနေကြသူများကို မြင်သည်။

ဆိုက်ကပ်ထားသော မော်တော်များ၊ ပဲ့ချိတ်များ၊ လှေများကို တွေ့သည်။ ဟိုးခပ်လှမ်းလှမ်းမှာတော့ ရေပေါ်ကျွန်း တစ်ခု။ ရေပေါ်ကျွန်းကို ကွေ့ပတ်သွယ်ဝိုက်ပြီး မြစ်ရေသည် စီးဆင်းနေ၏။ လျှောက်ရင်းဖြင့် စိန်ပန်းပင်ကြီးတွေကို လှမ်းမြင်သည်။ အပွင့်တွေဝေနေသော စိန်ပန်းပင်တို့သည် အပူဒဏ်ကို အံတုနေဆဲ။ ငွေကုန်သည်အထိ သူ့အပွင့်တွေဖြင့် လောကကို အလှဆင်နေဦးမည်။

www.burmeseclassic.com



စိန်ပန်းပင်အောက်ကို ဖြတ်လျှောက်ရင်း သူတို့ငယ်ငယ်က ရေချောင်း သည်လိုမဟုတ်တာ ထားသက်လှိုင် ပြန်တွေးမိသေးသည်။ အခု ရေပေါ်ကျွန်းရှိသည့်နေရာမှာ သူတို့ငယ်ငယ်က ရေချောင်းရှိ၏။ သောင်ပြင်ကြီးက ထိုနေရာအထိပင် ကျယ်သည်။ လှေများ မော်တော်များဆီအရောက် အတော်လျှောက်ရသေး၏။

မြစ်တို့၏ ရေကြောင်းပြောင်းတတ်ပုံကိုတွေးကာ ဘဝမှာလည်း သည်လိုပဲ ရေစီးပြောင်းသလို အပြောင်းအလဲတွေ ရှိတတ်မှာပါလားဟု ထားသက်လှိုင် တွေးဖြစ်ပြန်သည်။

မြစ်ပြင်ကိုဖြတ်၍ တိုက်လာသောလေသည် ခေါင်းမှ ဖားလျားချထားသော ဆံစတို့ကို လွင့်ဖြာစေပြန်သည်။ လက်ဖြင့်နောက်သို့ သပ်တင်လိုက်၏။

"မမထားတို့ ဘယ်တော့ လက်ထပ်မှာလဲဟင် . . ."

ညီမလေး၏ အမေးစကားသည် ထားသက်လှိုင်၏ နား၌ ကျယ်လောင်သွားသလိုပင်။ ညီမလေး၏မျက်နှာဆီ ဖျတ်ခနဲ ကြည့်မိပြန်သည်။

"လက်မထပ်ချင်သေးပါဘူးကွယ်"

ဟု တစ်ကိုယ်တည်းပြောသလို ပြောနေမိပြန်၏။

"ဒါပေမဲ့ တစ်နေ့မှာတော့ လက်ထပ်ရမှာပဲလေ"

ပြောရင်း ထားသက်လှိုင်က ပင့်သက်ကိုရှိုက်လိုက်မိသည်။ သူ့ခံစားမှုကို နားလည်သလို ညီမလေးက ဘာမှဆက်မမေးဘဲ ငြိမ်နေတော့၏။ ကမ်းနားမှ ဈေးဘက်လမ်းဆီ ပြန်ချိုးကွေ့လိုက်သည်။

✿ ✿ ✿

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

## [၁]

မေမေ့ကို ထမင်းချိုင့်ပို့ပြီး ပြန်အလာမှာ ညီမလေးက အိမ်ဝမှ ဆီးကြိုပြီး ဧည့်သည်လာသွားတယ် မမထားဟု ပြောဏ်။

"ဘယ်က ဧည့်သည်လဲ ညီမလေး"

ဧည့်သည်ဟု ပြောသဖြင့် ပထမ အံ့သြသည်။ နောက် . . . ကိုစိုးဝေ လာသွားသည်ကို ညီမလေး နောက်ပြောလေသလား တွေး၏။

"ရန်ကုန်ကလို့ ပြောတယ်"

"ရန်ကုန်က . . . ဟုတ်လား"

ဧည့်ခန်းထဲမှာ မထိုင်ဖြစ်ဘဲ ညီမလေးကို စူးစိုက်ကြည့်ကာ မေးသည်။ သူမရင်ထဲမှာ ထိတ်လန့်သွား၏။ အတွေးတို့က ရုတ်တ

www.burmeseclassic.com

www.burmeseclassic.com



ရက် ဝင်သည်။ ရန်ကုန်က လိုက်လာစရာအကြောင်းသည် သူမမှာ မရှိဟု ထင်သည်။ ကိုညိုမင်းလွင်မှလွဲ၍ အခြားမဖြစ်နိုင်ဟု စဉ်းစားရင်း ရင်ခုန်မြန်ချင်လာတော့၏။

"ဘယ်သူတဲ့လဲ ညီမလေး"

"နေဦး မမထား . . . . ဟို"

ညီမလေးက စဉ်းစားဟန်ပြု၏။ ညီမငယ်၏စဉ်းစားနေချိန် တဒင်္ဂသည် သူမအတွက် ကြာညောင်းလွန်းစွာ စောင့်ဆိုင်းနေရသည်လို့ ထင်ရပြန်သည်။

"ကိုညိုမင်းလွင်လား"

စိတ်မောစွာဖြင့် နှုတ်မှ ထွက်သွားတော့၏။

"ဟုတ်တယ် . . . ဟုတ်တယ် မမထား၊ ကိုညိုမင်းလွင်တဲ့၊ ချောတယ်နော် . . . တော်တော်ချောတဲ့ လူ"

"သူ ဘာပြောသွားလဲ ဟင်"

"အရေးကြီးရင် ဈေးကို လိုက်သွားပါလားလို့ ညီမလေးပြောတယ်၊ သူက ရပါတယ်တဲ့၊ တည်းခိုခန်း ပြန်ပြီး ရေမိုးချိုးပြီးရင် တစ်ခါ ထပ်လာခဲ့မယ်တဲ့၊ သူ လာတယ်လို့သာ ပြောပေးပါတဲ့"

တည်းခိုခန်းက သုံးခုသာရှိသော မြို့မို့ တည်းခိုခန်းတွေ၊ အတွေးထဲမှာ ပေါ်လာသည်။ သူ ဘယ်မှာတည်းမှာပါလိမ့်ဟု တွေးမိပြန်၏။ တချို့တည်းခိုခန်းက ရေမရ၊ မြစ်ဆိပ်မှာ ဆင်းပြီး ရေချိုးရတယ်ဟု ကြားဖူးသည်ပဲ။

"မမထားသူငယ်ချင်းလား"

ညီမလေး၏မျက်နှာဆီ ဖျတ်ခနဲ ကြည့်ဖြစ်သည်။ ပြီးတော့



ခေါင်းညိတ်ပြကာ မီးဖိုချောင်ဘက် ထွက်ခဲ့တော့၏။

ကိုညိုမင်းလွင် သူ့နောက် လိုက်လာတာလား၊ ကိစ္စရှိ၍ သူ့ဘာသာ လာသည်လား၊ သိချင်လွန်းလှသည်။ သူ့ကိစ္စနှင့်သူလာတာဖြစ်မှာပါ၊ လမ်းကြုံလို့ ငါ့ဆီ ဝင်လာတာ နေမှာပေါ့ဟု တွေးဖြစ်သည်။ သူ ငါ့နောက်ကို လိုက်လာစရာ ဘာအကြောင်းမှ မရှိတာပဲဟု စဉ်းစားရင်း သက်ပြင်းချ၏။

ဘာပြောပြော သူနှင့် တွေ့ချင်သည့် မိမိစိတ်ကိုတော့ ဘာသာနားလည်ပြန်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၂]

မဖောက်ရသေးသော သူ့စာသုံးစောင်ကို ထုတ်ယူပြီး စားပွဲပေါ်တင်ကာ ငေးကြည့်နေခိုက်မှာ အခန်းဝသို့ ညီမလေး ရောက်လာသည်။

"မမထား . . . ဧည့်ခန်းထဲမှာ ဧည့်သည်ရောက်နေပြီ"

"ကိုညိုမင်းလွင်လား"

"ဟုတ်တယ် . . . မမထား"

မေးလိုက်ပြီးမှ လာစရာဧည့်သည်က ကိုညိုမင်းလွင် တစ်ယောက်တည်းပဲ ရှိတာ၊ ကိုညိုမင်းလွင်၏အမည် နှုတ်မှ အလိုလို ထွက်သွားမိတာ ဘာကြောင့်ပါလဲဟု ထားသက်လှိုင် တွေးလိုက်မိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့မယ်လို့ ပြောလိုက်နော် ညီမလေး"

ညီမလေး ပြန်လှည့်ထွက်သွားသည်။

မှန်တင်ခုံရှေ့မှာ သွားရပ်မိပြန်သည်။ နောက်ကို ဖားလျား ချထားသည့် ဆံပင်ရှည်ကို သေသပ်အောင် လုပ်လိုက်သည်။ အိမ်နေရင်း ဝတ်ထားသော တီရှပ်အင်္ကျီကို လဲဦးမည်ပြုပြီးမှ မလဲတော့ပါဘူးဟု ဆုံးဖြတ်သည်။

သူ့စာသုံးစောင်ကို စားပွဲအံဆွဲထဲမှာ ထည့်ပြီး သော့ခတ်ကာ အခန်းတွင်းမှ ထွက်ခဲ့၏။

ဧည့်ခန်းဝကိုရောက်တော့ နောက်ကျောပေး ထိုင်နေသော ကိုညိုမင်းလွင်ကို တွေ့သည်။ သူ့ဆံပင်တွေ ရှည်နေပါလား။ ကျောင်းတုန်းကထက် ပိုပြီးရှည်လျားသောဆံပင်ကို ထားသက်လှိုင် သတိထားမိသည်။

ဧည့်ခန်းထဲ ဝင်လာကာ ကိုညိုမင်းလွင်နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်သည်။ သူ ဝင်လာကတည်းက ကိုညိုမင်းလွင် သူ့ကို စူးစိုက်ကြည့်နေတာ ထားသက်လှိုင် သိသည်။ ဝင်ထိုင်လိုက်စဉ်မှာ အကြည့်က ထားသက်လှိုင်မျက်နှာဆီ ရောက်လာ၏။ ခဏမျှ အကြည့်ဆုံရင်း နှုတ်ဖျားမှ စကားမထွက်ဖြစ်ကြ။

"ကိုညိုမင်းလွင် ဒီကို ဘယ်တုန်းက ရောက်တာလဲ"

သတိဝင်ကာ ထားသက်လှိုင်က စ၍ မေးသည်။

"ကျွန်တော် ဒီမနက်ပဲ ရောက်တာ ထား၊ ရထား နောက်ကျတယ် ပြောတယ်၊ ခါတိုင်း ဒီထက်စောတယ်တဲ့၊ ဒီမြို့ ရောက်ရောက်ချင်း တည်းခိုခန်း လိုက်ရှာတယ်၊ တည်းခိုခန်းမှာ ပစ္စည်းထားပြီး



ထားအိမ်ကို ရှာပြီး ရောက်လာတာ၊ ထားက ဈေးထဲကဆိုင် သွားတယ်ဆိုလို့ တည်းခိုခန်းပြန်ပြီး ရေမိုးချိုး ထမင်းစားပြီး ဒီတစ်ခါ ပြန်လာတာ"

ကိုညိုမင်းလွင်က ထားသက်လှိုင်ကို ကြည့်ရင်း ပြောသည်။

"ကိစ္စနဲ့ လာတာပေါ့နော်"

"မဟုတ်ဘူး ထား၊ ထားဆီကို လိုက်လာခဲ့တာ"

"ထားဆီကို လာစရာကိစ္စမှ မရှိဘဲ"

"ထား"

"ရှင်"

"ကျွန်တော်ထည့်လိုက်တဲ့ စာတွေ ရတယ်နော်"

"ရပါတယ် ကိုညိုမင်းလွင်၊ နေဦးနော် ကော်ဖီလုပ်လိုက်ဦးမယ်"

စာတွေအကြောင်း ပြောလာသဖြင့် ထားသက်လှိုင်က စကားလွှဲပြီး ပြော၏။

"ရတယ် ထား၊ ကျွန်တော် မသောက်ချင်ဘူး"

"မသောက်လို့ ဘယ်ရမလဲ"

"ဒါဆို ပြီးမှ ကျွန်တော့်ကို ဆိုင်တစ်ဆိုင် လိုက်ပို့လေ၊ ဆိုင်မှာ ကျွန်တော်သောက်မယ်၊ ဒီမှာ စကားပြောပါရစေ ထားရယ်"

ထားသက်လှိုင်က ကိုညိုမင်းလွင်မျက်နှာကို ကြည့်ရင်း သက်ပြင်းကို ချသည်။

"စာထဲမှာ ကျွန်တော် သေသေချာချာ ရေးထားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ထားဆီက ပြန်စာကို စောင့်ရင်းနဲ့ စိတ်မရှည်လို့ ကျွန်တော် ၎
လိုက်လာခဲ့တာ ထားရယ်"

ထားသက်လှိုင်က အကြည့်ကို လွှဲလိုက်သည်။

"ထား"

"ရှင်"

"ကျွန်တော် ထားကို အရမ်းလွမ်းတယ်ဗျာ"

ထားသက်လှိုင်က ကိုယ်ကို ပြန်မတ်လိုက်၏။ ပင့်သက်ကို ရှိုက်သည်။

"ကိုညိုမင်းလွင်ရယ် ကျွန်မတို့ ကလေးတွေမှ မဟုတ်ကြတော့တာပဲ"

"ထား . . . ဘာကို ပြောချင်တာလဲ"

"ဩော် . . . ကလေးတွေလို ကိုယ်လုပ်ချင်တာတွေ လုပ်ရဲကြရင် ကောင်းတာပေါ့၊ ကလေးဆိုတော့ ဦးနှောက်ရဲ့ အလွမ်းအမိုးကို သိပ်မခံရသေးဘူးလေ"

"ကျွန်တော် ထားကို မခွဲပါရစေနဲ့ဗျာ"

တောင်းပန်တိုးလျှိုးသော လေသံဟု ခံစားနားလည်လိုက်သည်။

"ကျွန်မ ကိုညိုမင်းလွင်ကို စကားကုန် ပြောခဲ့ပြီးပါပြီ၊ ကျွန်မဘဝနဲ့ ကိုညိုမင်းလွင်ရဲ့ဘဝက ပေါင်းစပ်လို့ မရနိုင်ပါဘူး၊ ကျွန်မတို့ စတွေ့ကတည်းက လမ်းခွဲဖို့ စတွေ့ကြတာပဲ ကိုညိုမင်းလွင်ရယ်"

"မဟုတ်သေးဘူး ထားရယ်"



"ကျွန်မစကားကို နားထောင်ပါ ကိုညိုမင်းလွင်၊ ကျွန်မ . . . ကျွန်မ"

နှုတ်မှ စကား ချက်ချင်း ထွက်မလာ။ ပင့်သက်ကို ရှိုက်၍ အားယူလိုက်မိပြန်သည်။

ပြီးမှ . . .

"ကျွန်မ လက်ထပ်ရမဲ့လူ ရှိနေပြီ ကိုညိုမင်းလွင်"

ပြောကာ ခေါင်းကို ငုံ့လိုက်၏။

"ထား တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပါ ကိုညိုမင်းလွင်"

"ထားရယ်"

ကိုညိုမင်းလွင်က ခြံပြင် ဟိုအဝေးကို ငေးရီပြီး အကြည့်ပို့သည်။

သူ့အကြည့်မှာ ကြေကွဲ ညှိုးငယ်ရိပ်ကို တွေ့၏။

"ထား လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီပေါ့"

"ကျွန်မ ဆုံးဖြတ်တာ မဟုတ်ပါဘူး ကိုညိုမင်းလွင်၊ ကျွန်မဘဝက ကျွန်မကို ဆုံးဖြတ်ချက်ပေးခဲ့တာပါ"

"ပြန်ပြင်လို့ မရတော့ဘူးတဲ့လားဗျာ"

"ပြန်မပြင်ပါရစေနဲ့"

သက်ပြင်းချသံ နှစ်ဦးလုံးထံမှ ထွက်လာတော့၏။

"ကိုညိုမင်းလွင်"

ညှိုးငယ် ကြေကွဲစွာ ငေးမောနေသည့် ကိုညိုမင်းလွင်ကို ကြည့်ရင်း ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြည့်က ထားသက်လှိုင်ဆီ ရောက်လာ၏။

"လာ . . . ထ ကျွန်မတို့ လက်ဖက်ရည် သွားသောက်ကြရအောင်"

ပြောပြီး ထားသက်လှိုင် ထ, ရပ်သည်။

✿ ✿ ✿

## [၃]

ဈေးက တရုတ်လက်ဖက်ရည်ဆိုင်မို့ ကျောက်သားစားပွဲဝိုင်းကြီးတွေကို တွေ့ရသည်။ အပေါက်ဝနားနီးသည့် ကျောက်စားပွဲဝိုင်းကြီးမှာ သူတို့နှစ်ယောက် ဝင်ထိုင်လိုက်၏။

"လက်ဖက်ရည် အချိုပေါ့ကျ တစ်ခွက်၊ ကော်ဖီခါးခါး တစ်ခွက်"

ဟု ထားသက်လှိုင်က မှာသည်။

"ကျွန်တော် လှည်းတန်းကဆိုင်မှာ ထိုင်ခဲ့ရတာ ပြန်သတိရလိုက်တာ ထား"

ညိုမင်းလွင်က ထားသက်လှိုင်၏မျက်နှာကို ကြည့်ရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘဝဆိုတာ သတိရစရာတွေနဲ့ ပြည့်နေတာပါပဲ၊ ပြီးတော့ သတိမရချင်စရာတွေလည်း ပြည့်နေဦးမှာပါပဲ"

"လှည်းတန်းမှာ ကျောင်းမှာ လက်ဖက်ရည်ဆိုင် ထိုင်ရတုန်းက ကျွန်တော် အရမ်းပျော်တယ်၊ ထား ကျွန်တော့်ကို အဖြေပြန်မပေးသေးပေမယ့် တစ်နေ့ ထား ကျွန်တော့်ကို ချစ်လာမှာပဲဆိုတဲ့ မျှော်လင့်ချက်တွေ ရှိတယ်လေ၊ ထား ကျွန်တော့်ကို မချစ်ရင်တောင်မှ ထား လက်ထပ်နိုင်တဲ့သူ တစ်ယောက်ဖြစ်အောင် နေပြမယ်၊ ပြီးတော့ လက်ထပ်မယ်၊ လက်ထပ်ပြီးမှ ချစ်လာအောင် ထပ်ကြိုးစားမယ်၊ အဲဒီလို မျှော်လင့်ချက်တွေနဲ့ . . ."

"တော်ပါတော့ ကိုညိုမြင့်လွင်ရယ်"

"အခု ဒီဆိုင်မှာ ထိုင်ရတဲ့ အချိန်မှာတော့ ကျွန်တော့်မှာ ဘာမျှော်လင့်ချက်မှ မရှိတော့ဘူးနော်"

လက်ဖက်ရည်နှင့် ကော်ဖီ လာချပေးသည်။

"ကိုညိုမြင့်လွင် တစ်ခုခု စားပါလား၊ ပေါက်စီ ကောင်းတယ် စားမလား"

"တော်ပြီ ထား၊ ကျွန်တော် ဘာမှ မစားတော့ပါဘူး"

လက်ဖက်ရည်ပန်းကန်ကို ကိုညိုမြင့်လွင်ရှေ့သို့ ထိုးပေးလိုက်၏။

"ထား ကိုညိုမြင့်လွင်ကို တစ်ခုပဲ ပြောမယ်"

မျက်နှာကို ကြည့်ပြီး စူးစိုက်နားထောင်ဟန် ပြုသည်။

"ကျွန်မ အိမ်ထောင်ပြုတာ အချစ်မပါပါဘူး ကိုညိုမြင့်လွင်၊ ကျွန်မဆန္ဒလည်း မပါဘူးလို့ ပြောရင် ရပါတယ်၊ အိမ်က



အတင်း အကျပ် စီစဉ်တာလားဆိုတော့လည်း အဲဒီလို မဟုတ်ပါဘူး၊ ကျွန်မက အဲဒီလူကို အိမ်ထောင်ပြုလိုက်ရင် ကျွန်မမိသားစုအတွက် အလျော်ကန်ဆုံးပဲဆိုတာ လက်ခံလို့၊ ကျွန်မရဲ့မိသားစုအတွက် မိဘ စီစဉ်တာကို လက်ခံလိုက်တဲ့ သဘောပါ . . .

ကျွန်မဦးနှောက်နဲ့ ဆုံးဖြတ်လိုက်ရတာပါ၊ ကျွန်မဘဝဟာ ကျွန်မမိသားစုရဲ့ အစိတ်အပိုင်းတစ်ခုပါပဲ ကိုညိုမြင့်လွင်၊ ဒီလောက်ဆိုရင် ကျွန်မကို နားလည်လိမ့်မယ် ထင်ပါတယ်"

ညိုးရော်ခြောက်သွေ့မှု အရိပ်အငွေ့များကို ညိုမြင့်လွင်၏ အကြည့်ထဲမှာ တွေ့နေရသလိုပင်။ ထိုအကြည့်ကို လွှဲ၍ အပြင်ကို ပို့လိုက်သည်။

"ကျွန်တော် ဒီကို လာတာလည်း ဒီသဘောပါပဲ ထားရယ်၊ ကျွန်တော့်အိမ်က ကျွန်တော့်ကို အိမ်ထောင်ပြုပေးဖို့ စီစဉ်တယ်၊ ကျွန်တော့်စာထဲမှာလည်း ရေးထားပါတယ်၊ ကျွန်တော့်မှာ ချစ်သူ၊ ကျွန်တော် လက်ထပ်ချင်တဲ့သူ ရှိရင်လည်း အိမ်က ပြောပါလို့ ဖွင့်ပေးပါတယ်၊ ထားကသာ ခေါင်းညိတ်ရင် ကျွန်တော် ထားကို လက်ထပ်ဖို့ အိမ်က သဘောတူ ခွင့်ပြုမှာပါ၊ ဒီကို လိုက်လာတာ အဲဒီမျှော်လင့်ချက်နဲ့ပါ ထား"

"ကျွန်မကို ကိုညိုမြင့်လွင်ရဲ့ဘဝထဲက မေ့လိုက်ပါတော့ ကိုညိုမြင့်လွင်ရယ်"

"ချစ်တာက မေ့လို့ လွယ်မှာလား ထားရယ်၊ အစားထိုးလို့ရော လွယ်မှာတဲ့လား"

အသံကိုနှိမ့်ပြီး တိုးတိုးပြောလိုက်သော်လည်း နှလုံးသားထဲ

www.burmeseclassic.com

www.burmeseclassic.com



၌ ကျယ်လောင်စွာ ကြားနေရပြန်၏။

"ပြန်သွားလို့ ကျွန်တော့်ဘက်က ဘာမှ မထူးခြားရင် အိမ်က သဘောတူတဲ့သူကိုပဲ ကျွန်တော် လက်ထပ်ရတော့မှာ"

'လက်ထပ်လိုက်ပါ ကိုညိုမြင်းလွှင်"

"ကျွန်တော် အရမ်းခံစားရတယ်ဗျာ"

ခေါင်းငုံ့ရင်း ကိုညိုမြင်းလွှင် ပြောလိုက်တာကို ကြည့်လျက် စိတ်ထိခိုက်မိပြန်တော့သည်။

"ကျွန်တော် မနက်ဖြန် ပြန်တော့မယ်"

အကြည့်ဆုံရင်း ပြောသည်။ ထားသက်လှိုင်က ခေါင်းကို ညိတ်ပြလိုက်၏။

"ကျွန်တော် ထားကို တကယ်ချစ်တာပါဆိုတာတော့ ထားယုံစေချင်တယ်"

ခေါင်းကို ထပ်ပြီး ညိတ်ပြမိပြန်သည်။

ကျွန်မလည်း ကိုညိုမြင်းလွှင်ကို ချစ်ပါတယ်ဆိုသည့် စကားကိုတော့ သည်ဘဝမှာ ပြောနိုင်တော့မည် မဟုတ်ဟု တွေးမိရင်း ကြေကွဲစွာ ခံစားလျက် မျက်ရည်လည်ချင်လာတော့၏။

လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာသူ၊ ဆိုင်ထဲမှ ထွက်သွားသူများ သူတို့ကို အကဲခတ် ကြည့်ရှုသွားကြတာ ထားသက်လှိုင် သတိထားမိပြန်၏။

ဆိုင်ပြင်ကို လှမ်းကြည့်လိုက်စဉ် မော်တော်ဆိုင်ကယ်ပေါ်မှ ဆင်းလာသည့် ကိုစိုးဝေအား တွေ့သည်။

✿



"လာ . . . ကိုစိုးဝေ ထိုင်"

သူတို့စားပွဲဆီသို့ လျှောက်လာသည့် ကိုစိုးဝေကို မော့ကြည့်ကာ ထားသက်လှိုင်က နေရာပေးသည်။ ကိုစိုးဝေက ထားသက်လှိုင်နှင့် ညိုမြင်းလွှင်တို့ကြားမှာ ဝင်ထိုင်လိုက်၏။ ကိုညိုမြင်းလွှင်က ကိုစိုးဝေ ထိုင်သာအောင် ခုံကို ဘေးသို့ ရွှေ့ပေးသည်။ ကိုစိုးဝေက ညိုမြင်းလွှင်အား အကဲခတ်ကြည့် ကြည့်သည်။

"ကိုစိုးဝေ . . . ဒါ ရန်ကုန်က ကျွန်မသူငယ်ချင်း ကိုညိုမြင်းလွှင်တဲ့၊ ကိုညိုမြင်းလွှင် . . . ဒါ ကိုစိုးဝေတဲ့"

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။ ပြီးမှ . . .

"ကိုညိုမြင်းလွှင် . . . ကိုစိုးဝေက ကျွန်မနဲ့ လက်ထပ်မဲ့ ကျွန်မခင်ပွန်းလောင်းပဲ"

"ဪ . . . ဟုတ်ကဲ့"

မိတ်ဆက်ပေးလိုက်ပြီး ထားသက်လှိုင်က အကြည့်ကို ဟိုအဝေးသို့ ပို့ထားလိုက်သည်။

"ကျွန်တော် အိမ်ရောက်သေးတယ်၊ ထား ဈေးသည် လာလို့ အပြင်ထွက်သွားတယ်လို့ ညီမလေးက ပြောတာနဲ့ ကျွန်တော်လည်း ထွက်လာတာ၊ ဟိုဘက်ကဆိုင်မှာ ထိုင်နေရင်းနဲ့ သူငယ်ချင်းတွေက ထားကို ဒီဆိုင်မှာ တွေ့တယ်ဆိုလို့"

"ဟုတ်ပါတယ် ကိုစိုးဝေ၊ ကိုညိုမြင်းလွှင်က အိမ်ရောက်လာတော့ လက်ဖက်ရည်ဆိုင် ထိုင်သောက်ရအောင်ဆိုတာနဲ့ ဒီရောက်လာတာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ထားသက်လှိုင် ပြောသည်။ ကိုညိုမင်းလွင်ကို ဖျတ်ခနဲ ကြည့်လိုက်တော့ အနေရ အထိုင်ရ ကျပ်နေပုံပေါ်သည်။

"အလည်လာတာပဲလား ... ကိုညိုမင်းလွင်"

"အဲ ... ကိစ္စလေးလည်း ရှိလို့ပါ"

"လိုတာရှိရင်လည်း ပြောပါ၊ ထားသူငယ်ချင်းဆိုတော့ ကျွန်တော့်ကိုလည်း ရင်းရင်းနှီးနှီး သူငယ်ချင်းလိုပဲ သဘောထားပါ။ ဒီမြို့နယ်မှာ လိုတဲ့ အကူအညီကိုတော့ ပေးနိုင်ပါလိမ့်မယ်"

ကိုစိုးဝေက ထုံးစံအတိုင်း စကားကို ခပ်ကြွားကြွား ပြောလိုက်သည်။ ကိုညိုမင်းလွင်က ပြုံးရင်း ...

"ဟုတ်ကဲ့ ခင်ဗျ"

ဟုသာ ဆိုသည်။

"ကဲ ... ဒါဆို ကိုညိုမင်းလွင်က ကိစ္စရှိသေးတယ်ဆိုတော့ သွားကြမလား၊ ဪ ... ကိုစိုးဝေ ဘာသောက်ဦးမလဲ"

"ရတယ် ... မသောက်တော့ဘူး၊ ကျွန်တော် ဟိုဘက်ဆိုင်မှာ သောက်ခဲ့ပြီးပြီ"

ထားသက်လှိုင်က ထ, ရပ်ပြီး ပိုက်ဆံသွားရှင်းလိုက်၏။

"ထားကလည်း ... ကိုယ် ရှင်းလိုက်မှာပေါ့"

"ရတယ် ... ကိုစိုးဝေ၊ ကဲ ... သွားရအောင်"

"ဘယ်သွားချင်လဲ ကိုညိုမင်းလွင်၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ဟာ ... ရတယ်၊ ကျွန်တော် တည်းခိုခန်း ပြန်မှာ၊ လျှောက်သွားပါ့မယ်၊ ထားကိုသာ ခေါ်သွားလိုက်ပါ"



"ထား ... ဘယ်ပြန်မလဲ"

"ရတယ် ကိုစိုးဝေ ... ထားလည်း လျှောက်ပြန်မှာ ..."

"ဒါဆို ကျွန်တော်သွားမယ်"

"ဟုတ်ကဲ့"

ဆိုင်ရှေ့မှာပင် သူတို့ သုံးဦးသား လမ်းခွဲလိုက်ကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၆]

မေမေ ဆိုင်ဖွင့်ရန် ဈေးအသွားမှာ ညီမလေး လိုက်သွားသည်။ ညီမလေးဈေးက ပြန်လာချိန်မှာ ထားသက်လှိုင် မီးဖိုချောင်မှာ ရှိ၏။ ညီမလေးက ထားသက်လှိုင်ရှိရာသို့ ရောက်လာပြီး . . .

"မမထား"

ဟု ခေါ်သည်။

"ဘာလဲ ညီမလေး"

"မမထားတို့ကိစ္စ ဈေးထဲမှာ ပြောနေကြတယ်၊ ညီမလေးတိုတောင် မေးတဲ့သူက မေးသေးတယ်"

"ဘာကိစ္စလဲ"

ညီမလေးကို ကြည့်ရင်း ထားသက်လှိုင်က နားမလည်သလို

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်၏။

"ကိုညိုမြင်းလွှင် လာတဲ့ကိစ္စ"

"ကိုညိုမြင်းလွှင်လာတာ ဘာဖြစ်လို့လဲ"

"အခု ဈေးထဲမှာ သတင်းဖြစ်ပြီး ပြောနေကြတာ ကိုညိုမြင်းလွှင်က မမထားရဲ့ရည်းစားပေါ့၊ အခု မမထားက ကိုစိုးဝေနဲ့ လက်ထပ်တော့မှာ ကြားလို့ ဒီကို လိုက်လာတာတဲ့"

"ဘုရားရေ"

"ကိုညိုမြင်းလွှင်က မမထားကို သူနဲ့လိုက်ခဲ့ဖို့ လာခေါ်တာတဲ့၊ မမထားက မလိုက်လို့တဲ့၊ ဦးစိုးဝေနဲ့ ကိုညိုမြင်းလွှင် လက်ဖက်ရည်ဆိုင်မှာတွေ့ပြီး ရှင်းကြရတယ်တဲ့"

"ဒုက္ခပါပဲဟာ၊ ဟိုနေ့က ငါတို့သုံးယောက် လက်ဖက်ရည်ဆိုင်မှာ ဆုံကြတာကို ပြောတာ"

"သတင်းက စုံနေတာပဲ မမထား၊ မမထားက ဦးစိုးဝေကို မချစ်ဘဲနဲ့ အခြေအနေအရ လက်ထပ်ရတော့မှာ၊ မမထားကို သနားပါတယ်လို့ ပြောတဲ့သူက ပြော . . .

"သူများနဲ့ ဖြစ်ချင်တိုင်း ဖြစ်ပြီးမှ ဦးစိုးဝေက လက်ထပ်ရမှာ ဦးစိုးဝေဘက်က နာတာပေါ့လို့ ဆိုတဲ့သူက ဆိုနဲ့ ဘာတွေမှန်းလဲ မသိဘူး"

"သူတို့ထင်တာတွေ သူတို့ဘာသာ ပြောကြတာပဲ ညီမလေးရယ် ပြောပါစေ၊ သတင်းဆိုတာ ပြန့်ပြီး မဟုတ်တာလေ ဟုတ်တာပါ ကားသွားတတ်တာပဲ"

"ဦးစိုးဝေသူငယ်ချင်းဆိုတဲ့ အစ်မကြီးတွေဆို ညီမလေးကို



ခေါ်ပြီး တကူးတက မေးသေးတာ၊ ရန်ကုန်က မမထားမိတ်ဆွေ ဂိမ်လာလည်တာ ဟုတ်သားပဲလို့ ညီမလေး ပြောလိုက်တယ်"

ထားသက်လှိုင်က ဘာမှဆက်မမေးတော့ဘဲ သက်ပြင်းကိုသာ ချလိုက်မိတော့၏။ မြို့ကျဉ်းကျဉ်းလေးမှာ သည်သတင်းသည် တဝင်စားစရာဖြစ်ပြီး တစ်မြို့လုံး ပြန့်ပေဦးမည်ဟု နားလည်နေမိသည်။

ဝေကျလာသော ချဉ်ရည်အိုးအဖုံးကို ဖွင့်လိုက်၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၅]

"အဲဒါတွေကို ကိုစိုးဝေ ယုံလို့လား"

မြို့ထဲမှာ ဖြစ်နေသည့် သတင်းတွေနှင့် ပတ်သက်၍ ကြားသမျှကို လာပြောသည်။ ဤသတင်းတွေ ကိုစိုးဝေ ကြားပြီး သည်လိုပဲ လာမေးမည်ဟု ထားသက်လှိုင်က မျှော်လင့်ထားပြီးသား။ ကိုစိုးဝေ့မျက်နှာကြည့်ရသည်မှာ တင်းမာနေသယောင်။

"ကျွန်တော် အရမ်းရှက်တယ် ထား"

"ဒါကတော့ ကျွန်မ မတတ်နိုင်ဘူး"

"ထားနောက်ကို လိုက်လာတယ်ဆိုတော့ ထားနဲ့ ကိုညိုခင်းလွင်ဟာ တော်တော်လေး ခရီးရောက်နေကြတဲ့ ချစ်သူရည်းစားတွေ ဖြစ်မှာပဲတဲ့၊ သာမန်လောက်ဖြစ်တဲ့ ရည်းစားက ဒီလိုလိုက်လာ

www.burmeseclassic.com

www.burmeseclassic.com



စရာ အကြောင်းမရှိဘူးတဲ့၊ ထားက ဒီရောက်မှ ကျွန်တော်က သာ လို့ ကျွန်တော့်ဘက်ကို ကူးသွားတာတဲ့၊ ကျွန်တော်က ရိုင်းရိုင်း ပြောရရင် လှည်းကျိုးဝင်ထမ်းရတဲ့နွားလို့ သူတို့ပြောကြတာ ထား ဘယ်လောက်ရှက်ဖို့ ကောင်းသလဲ"

အသံတွေက မူမမှန်ချင်။ လှုပ်ရှားစိတ်ကြောင့် အသံတွေ တုန်ခါနေ၏။

"ကျွန်မ အဲဒီလိုမိန်းမမျိုး မဟုတ်ဘူး ဆိုတာ ကိုစိုးဝေ ယုံလား"

မျက်လုံးချင်းဆုံကာ ထားသက်လှိုင်က မေးသည်။

"ဖေဖေ့ကို မေမေက ကြားရတဲ့သတင်းတွေ ပြန်ပြောပြ တယ်၊ မေမေ့ကို ဈေးထဲက သူ့မိတ်ဆွေတွေက ပြောပြတာ ထင် တယ်၊ မေမေရော ဖေဖေရော ဒီကိစ္စကို ကျွန်တော့်ကို ပြန်ပြောပြ ကြတယ်လေ၊ သူတို့လည်း စိတ်မကောင်းကြဘူးပေါ့၊ သူတို့က ထား ကို ခြောက်ပြစ်ကင်း သဲလဲစင် ဖြစ်စေချင်ကြတာ"

"တော်ပြီ ကိုစိုးဝေ၊ ကျွန်မ ရှင်းရှင်းပဲ ပြောမယ်နော် ကိုစိုးဝေမိဘတွေရော၊ ကိုစိုးဝေပါ ကျွန်မနဲ့ ပတ်သက်ပြီး သံသယ ရှိနေတယ်ဆိုရင် လက်ထပ်ဖို့ကိစ္စကို ဖျက်လိုက်ပါ၊ ကျွန်မကတော့ ဒီကိစ္စကို ဘယ်သူ့မှ ခခယယနဲ့ တောင်းပန်ပြီ ရှင်းပြနေမှာတော့ မဟုတ်ဘူး"

"ကျွန်တော့် သဘောကတော့၊ ထားက လူငယ်ပဲ ထားရယ် ကျွန်တော့်မိဘတွေကို နည်းနည်းရှင်းပြစေချင်တယ်၊ လူငယ်က လူကြီးကို အောက်ကျို့စကားပြောရတာ ဝန်လေးစရာမှ မဟုတ်ဘ



ဒေါသကြောင့် မျက်နှာက တင်းမာနေတော့မည် ထင် သည်။

"ကျွန်မက ဘာရှင်းပြရမှာတဲ့လဲ"

"ကိုညိုမြင့်လွင် သူ့ကိစ္စနဲ့သူ လာတာပါ၊ ထားနဲ့ ဘာမှ မပတ်သက်ဘူး ဆိုတာပဲပြောပါ၊ ထားပါးစပ်က စကားကြားရရင် လူကြီးတွေ ယုံမှာပါ"

ဟက်ခနဲ တစ်ချက်ရယ်မိပြန်၏။

"ကျွန်မ ညာပြောရင်ကော"

"ဒါတော့ ထားရယ်"

"ကိုစိုးဝေကို ကျွန်မ ပြောမယ်"

"ပြော . . . ထား"

"ကျွန်မ ဘယ်သူ့ကိုမှ ဒီကိစ္စကို လိုက်မရှင်းနိုင်ဘူး ကိုစိုး ဝေ၊ ကျွန်မ ကိုစိုးဝေသိအောင် ထပ်ပြောချင်ပါတယ်၊ ကျွန်မ ဘယ် လူတစ်ယောက်ကိုမှ ချစ်တယ်ဆိုတဲ့စကား မပြောခဲ့ဖူးသေးပါဘူး၊ ဒါလည်း ယုံချင်မှ ယုံပါ၊ ကိုစိုးဝေမိဘတွေ စိတ်ချမ်းသာအောင် ဒီကိစ္စကို ဆုံးဖြတ်ပါ၊ ကျွန်မကို ဘာမှမငဲ့ပါနဲ့၊ ကျွန်မဘက်ကတော့ ဒီလောက်ပဲ ပြောနိုင်မယ်"

ကိုစိုးဝေ လေပူမှုတ်ထုတ်လိုက်တာ တွေ့သည်။

ကိုစိုးဝေကိုယ်တိုင်ကပင် သူမကို သံသယဝင်နေပြီဟု သိ ၏။ ကိုစိုးဝေစိတ်က သူတစ်ပါး၏အပြစ်အနည်းငယ်ကို ပုံကြီးချဲ့၍ မြင်တတ်သူဟု အစကပင် ထားသက်လှိုင် နားလည်ခဲ့ဖူးသည်ပဲ။

အခု ဘေးပတ်ဝန်းကျင်က ပြောပြသည့် သတင်းစကား

www.burmeseclassic.com

www.burmeseclassic.com



ဘေ့ကို ကိုစိုးဝေ ခံနိုင်ရည်မရှိတော့ဟု သိသည်။ အဆိုးဆုံးက သူ့မိဘတွေကလည်း ရှေးလူကြီးများပီပီ သူမကို နားမလည်နိုင်ဟု တွေးမိ၏။ ဗိုင်းကောင်းကျောက်ဖိမိန်းကလေးမျိုး ထင်ထားခဲ့ပြီးမှ သည်နှယ်မဟုတ်ဟု ယူဆပုံရသည်။

"ကျွန်မ ပြောစရာစကားကုန်ပြီ ကိုစိုးဝေ၊ ကိုစိုးဝေ ကြိုက်သလို ဆုံးဖြတ်ပါ"

"ကျွန်တော် သွားမယ် ထား"

ခါတိုင်းလိုပင် အိမ်တံခါးထိလိုက်ပို့ပြီး တံခါးပိတ်လိုက်၏။ ပြီးတော့ ဧည့်ခန်းကုလားထိုင်မှာ ဝင်ထိုင်နေလိုက်မိရင်း ကိုညိုမင်းလွင်ကို သတိတရ ဖြစ်နေမိပြန်သည်။

သူမထံသို့ လိုက်လာခဲ့သော ကိုညိုမင်းလွင်ကို အပြစ်တစ်ခုဟု သူမ မထင်နိုင်ပြန်။ အမှန်အတိုင်း ဝန်ခံရပါက သူမနောက် လိုက်လာသဖြင့် ကိုညိုမင်းလွင်၏ မေတ္တာလေးနက်မှုကို ပို၍ ယုံကြည်သွားမိသည်မှာ အမှန်ပင်။

ရင်ထဲ၌လည်း ကြည်နူးကျေနပ်ခဲ့ရသည်ပဲ။

✿ ✿ ✿

[၆]

"ထားရည်းစားက ရန်ကုန်က ချောလည်းချောတယ်၊ ပိုက်ဆံလည်း အရမ်းချမ်းသာတယ် ပြောတယ်၊ ဒီတော့ ထားနဲ့သူ့မိဘတွေက သဘောမတူကြဘူးပေါ့၊ ကောင်လေးက ထားကို ခိုးပြေးဖို့ လာခေါ်တာတဲ့၊ အိမ်က စွန့်လွှတ်ခံပြီး ခိုးပြေးမယ်လုပ်တာ၊ ထားက အလည်ပဲ၊ ဘယ်လက်ခံပါ့မလဲ၊ ဒီက ကိုစိုးဝေကို ဘယ်လက်လွှတ်ခံမှာတဲ့လဲ၊ ကိုစိုးဝေက သူတို့မိသားစုကို ဖို့နေတာပဲဟာ . . .

"သူ့ရည်းစားကို လက်ထပ်လို့ သူ့မိသားစု အဆင်ပြေမယ်ဆိုရင်တော့ တစ်မျိုးပေါ့၊ အခုဟာက လူချည်း ဆင်းလာမှာဆိုတော့ ထားက ငြင်းလိုက်တာပေါ့၊ ကိုစိုးဝေတို့ဘက်ကလည်း အဲဒါတွေ သိပြီး အခု နောက်ဆုတ်ချင်နေကြပြီတဲ့လေ၊ ထားအဖေရှိတုန်းက

www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာတွေကြောင့် ရုတ်တရက် ပြတ်ပြတ်စဲစဲ မဖြစ်ကြသေးတာ တဲ့"

စျေးထဲမှာ ပြန့်နေသည့် သတင်း။ စျေးထဲကနေပြီး သူတို့နှင့် ပတ်သက်ဆက်နွယ်နေသည့် အသိုင်းအဝိုင်းမှာပါ၊ သည်သတင်းက ပြန့်လာတော့၏။

"ဘယ်လိုဖြစ်တာလဲ သမီးရယ်"

မေမေပါ သည်သတင်းကို ကြားလာပြီး ထားသက်လှိုင်ကို မေးသည်။ ကိုညိုမင်းလွင် လိုက်လာသည်မှအစပြု၍ သတင်းဖြစ်သွားသည်ကို မေမေ့အား ရှင်းပြလိုက်၏။

"သမီးဘက်က ဘာမှ မမှားဘူး မေမေ၊ ဒါ သမီးကို သက်သက် အထင်သေးတာပဲ၊ သမီးက အနေအထိုင်မတတ်လို့ ဒီလို သတင်းမျိုး ဖြစ်ရင်လည်း ခံသာသေးတယ်၊ အခုဟာက ထင်တာ ရမ်းပြောရင်းကနေ ပြန့်သွားတဲ့ သတင်းကို သူတို့ ယုံကြတာတော့ ယုံပါစေပေါ့"

"သမီး မောင်စိုးဝေကို ရှင်းမပြဘူးလား"

"ဘာ ရှင်းပြနေစရာလိုလဲ မေမေ၊ သူနဲ့ ကိုညိုမင်းလွင်ကို မိတ်ဆက်ပေးလိုက်တုန်းကတောင် သမီးရဲ့ ခင်ပွန်းလောင်းပါလို့ ထည့်ပြောခဲ့သေးတာပဲ"

"သူ့မိဘတွေက လူကြီးဆိုတော့လည်း မိန်းကလေးတစ်ယောက် ရှုပ်တယ် ထင်ရင် မကြိုက်ချင်ဘူးပေါ့ သမီးရယ်"

"သမီး ရှုပ်တာမှ မဟုတ်တဲ့"

"သူတို့ နားလည်အောင် သမီး ရှင်းပြဖို့ ကောင်းတယ်"



"ယူပြီးမှ ယောက္ခမ တော်ရမှာပါ မေမေ၊ အခုကတည်းက သမီး လိုက်ရှင်းပြမနေချင်ဘူး။ ပြီးတော့ သမီးအပေါ်မှာ ဒီလို သံသယစိတ်ကြီး ရှိထားကြတဲ့ မိသားစုထဲကိုလည်း သမီး မဝင်ချင်တော့ဘူး၊ သမီး ကိုစိုးဝေကို လက်ထပ်ဖို့ စိတ်ကုန်သွားပြီ မေမေ"

"သမီးဘက်က စဖျက်လိုက်ရင် ဟိုသူငယ်လိုက်လာလို့ ဆိုပြီး ထင်စရာ ဖြစ်နေမှာပေါ့ သမီး"

"သမီးကို ထင်ချင်သလို ထင်ပါစေ မေမေ"

"နေပါဦး သမီးရယ်၊ စိတ်သိပ်မလောပါနဲ့၊ မောင်စိုးဝေလည်း စိတ်ပြေပြီး သွားမှာပါ"

မေမေ့ကို ကြည့်ရသည်မှာ စိတ်မကောင်းကြီးစွာ ဖြစ်နေသလိုပင်။ မေမေ့ကို သနားစိတ်ဖြင့် ဘာမှဆက်မပြောမိတော့။

ကိုစိုးဝေ အိမ်ကို အလာကျဲသွားတာ ထားသက်လှိုင် သတိထားမိပြန်၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၅]

သည်နှစ် မိုးစောစော ရောက်လာသလိုပင်။ မိုးတစ်ပြိုက် နှစ်ပြိုက် ရွာပြီးသည်နှင့် သောင်ပြင်သည် ပျောက်သွားတော့၏။ မြစ်ရေတိုး၍ လာသည်။ ကမ်းနားမှ စိန်ပန်းပင်တို့သည် မိုးရေဖြင့် အပွင့်တို့ ခြွေချခြင်း ခံရပြန်ပြီလား။

"တစ်လ တစ်ခါတော့ ပုံမှန် ထောင်ဝင်စာတွေ့နိုင်ဖို့ ကောင်းတာ၊ မေမေတို့ကလည်း မိန်းမသားတွေချည်း ဆိုတော့ သူများ အားကိုးနေရတာလေ၊ ဒီတစ်ခါဆို နှစ်လကျော်သွားပြီ၊ သမီးဖေဖေကတော့ ပြောသား၊ ဒုက္ခများပါတယ်၊ သုံးလေးလ တစ်ခါ လောက် လာတွေ့လည်း ဖြစ်တာပဲတဲ့"

ညို့ရီ၍ တက်လာသော ခဲသားရောင် တိမ်တို့ကိုငေးကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရင်း မေမေက ပြောသည်။ မိုးတွေညို့လာသည်မို့ မေမေသည် ဖေဖေ့ကို သတိတရ ဖြစ်နေပြီလား မသိ။

"ဒီတစ်ခါ သွားရင် မေမေ လိုက်သွားချင်တယ်ဆို၊ လိုက်သွားပါလား"

မေမေ့မျက်နှာကို ကြည့်ရင်း ထားသက်လှိုင်က ပြောလိုက်၏။

"မေမေ နေလို့ထိုင်လို့ မကောင်းဘူး သမီးရယ်၊ ဘယ်လိုက်နိုင်ပါ့မလဲ"

ဟိုတစ်နေ့က ဆေးခန်းသွားပြစဉ် အနားယူပါဟု ဆရာဝန်က မှာသဖြင့် ဆိုင်မထွက်ရန် မေမေ့ကို သူမ ပြောခဲ့သေးသည်။

"နောက်တစ်ပတ်ဆို မေမေနားနော်၊ သမီး ဆိုင်ထွက်မယ်"

မေမေက ပြန်မပြောဘဲ အဝေးကို ငေးကြည့်နေရင်း . . .

"မနေ့က မောင်စိုးဝေ ဆိုင်လာတယ်"

"ဘာတဲ့လဲ မေမေ"

"ဘာမှတော့ မဟုတ်ပါဘူး၊ ဝင်လာတာ၊ ဘယ်ပျောက်နေလဲဆိုတော့ အလုပ်များနေလို့တဲ့၊ ဒီမြို့မှာတောင် သူ မရှိဘူးလို့ ပြောတယ်၊ ဒါနဲ့ သမီးဖေဖေ့အတွက် သွားရမယ့်နေ့ကို သူ့ကို ပြောလိုက်သေးတယ်၊ သူ့ကြည့်ရတာ အရင်ကလို မဟုတ်ဘူး"

"ဘယ်လို မဟုတ်တာလဲ မေမေ"

"အရင်ကဆို သူကိုယ်တိုင် ရက်တွေ မှတ်မိတယ်၊ မေမေ့ကို သတိပေးတယ်၊ သွားဖို့ ကောင်းပြီ ပြောတယ်၊ အခုတစ်ခေါက်ပြောတော့ သူလည်း အလုပ် သိပ်ရှုပ်နေတယ်တဲ့၊ ခပ်အင်အင်ပုံမျိုးပဲ သမီးရယ်"

မေမေ ဘာပြောချင်သည်ကို ထားသက်လှိုင် နားလည်လိုက်၏။

"မသွားချင်လို့ ဒီလို အေးတိအေးစက်နေတာ ဖြစ်မှာပဲ မေမေ"

"မေမေကလည်း အကဲခတ်မိပါတယ်၊ သမီးသတင်းတွေ မြို့ထဲ ပြန့်ကတည်းက သူ ခပ်ရှောင်ရှောင်"

"ဒီကိစ္စ သူ့ကို အားကိုးရတာပဲ ဆိုပြီး သူက အထာကိုင်ချင်တာမျိုးတော့ သမီးမကြိုက်ဘူး မေမေ၊ ပြီးတော့ သူတို့ကြည့်ရတာ စိတ်မမှန်သလိုပဲ၊ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ဒီလို ခပ်ရှောင်ရှောင် ဖြစ်နေတော့ သူတို့ စိတ်စေတနာကို သိရတာပေါ့"

"သူတို့အလုပ်နဲ့သူတို့ ရှုပ်နေတာလည်း ပါမှာပေါ့ သမီးရယ်"

"ရတယ် မေမေ၊ ဘယ်သူ့မှ အားမကိုးနဲ့၊ ကိုယ့်ဘာသာသွားလည်း ဖြစ်တာပဲဟာ"

"ဘယ်သူက သွားမှာလဲ၊ မေမေက ရောက်ဖူးပေမယ့် သွားနိုင်မယ် မထင်ဘူး"

"မေမေ မသွားနဲ့၊ သမီး သွားမယ်၊ ထောင်ဝင်စာ တွေ့တာပဲ"

"သမီး လွယ်ပါ့မလား"

"မေးရင်း၊ စမ်းရင်း သူ့ဟာသူ အဆင်ပြေသွားမှာပေါ့ မေမေ၊ ကိုစိုးဝေလို အသိအကျွမ်း မိတ်ဆွေမရှိလို့ အခက်အခဲရှိရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိမှာပေါ့"

"ညီမလေးကို ခေါ်သွားပေါ့"

"မေမေက ကောင်းကောင်းနေကောင်းတာမှ မဟုတ်ဘဲ၊ ညီမလေးကို ထားခဲ့မယ် မေမေ"

"ရတယ် . . . မေမေ့ရောဂါက ဖြစ်ချင်မှ ထ,ဖြစ်တာ၊ အခုဆို အကောင်းပဲ သွားသာသွား၊ တစ်ယောက်တည်း မေမေ စိတ်မချဘူး"

"ဒါဆိုလည်း ညီမလေး ခေါ်သွားမယ် မေမေ၊ ဘယ်သူ့မှ အားကိုးမနေနဲ့၊ သူများအားကိုးရတာ သိပ်မျက်နှာငယ်ရတယ်"

မေမေ့ ကြည့်ရသည်မှာ စိတ်မကောင်းကြီးစွာ ဖြစ်နေသလိုပင်။ မေမေ့ကို ဆေးတိုက်ရဦးမည် သတိရကာ ထိုင်ရာမှ ထားသက်လှိုင် ထ,လိုက်၏။

✿ ✿ ✿

[၅]

မန္တလေးရောက်တော့ သူတို့ ညီအစ်မ နှစ်ယောက် တည်းခိုခန်းမှာ တည်းလိုက်သည်။

ထောင်ဝင်စာတွေ့ရမည့်နေ့ မနက်မှာ တက္ကစီတစ်စီး ငှားပြီး မန္တလေးထောင်ကြီးကို လာ၏။ မန္တလေးတောင်ခြေကို ကျော်ပြီး ကားကွေ့သွားတာ သတိထားလိုက်မိသည်။

ဂိတ်ရောက်တော့ ကားပေါ်မှဆင်းကာ ကားခ ရှင်းပေးပြီး ကားကို ပြန်လွှတ်လိုက်သည်။ ဂိတ်ဝမှ တာဝန်ရှိသူများကို မေးစမ်းရင်း အမည်စာရင်းပေးခြင်းစသည့် လိုအပ်သည်များကို လုပ်သည်။ ပြီးတော့ ဂိတ်ဝမှ လှမ်းမြင်နေရသော ကင်းတင်းကို သူတို့ညီအစ်မနှစ်ယောက် လျှောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကြီးနှင့် မျက်နှာချင်းဆိုင်မှာ စားသောက်ဆိုင် ရှိ သည်။ အပြင်ထွက်၍ အလုပ်လုပ်နေကြသော ထောင်သားများကို ထားသက်လှိုင် လှမ်းမြင်နေရပြန်သည်။ ညီမလေးက သူ့လက်ကို ဆွဲထား၏။

ဆိုင်ထဲမှာ ဝင်ထိုင်ရင်း ညီမလေး ဘာစားမလဲဟု မေ သည်။ မနက်လင်းကတည်းက သူတို့ ဘာမှ မစားခဲ့ကြရသေး လက်ဖက်သုပ်၊ ဂျင်းသုပ်မှအစ မုန့်တီ၊ မြီးရှည် အစုံရသည်မှ မန္တလေး မုန့်တီနှစ်ပွဲ မှာလိုက်သည်။

အသုပ်ရောင်းသည့် ကောင်မလေးက ညိုညိုချောချော နှ သဘောကောင်းပုံရသည်။ ထားသက်လှိုင် အကဲခတ်သည်။

"ညီမရေ . . . အစ်မတို့က အခုမှ ပထမဆုံးအကြိ ထောင်ဝင်စာ လာတွေ့တာ၊ ဘယ်လိုတွေ လုပ်ရတယ်ဆိုတာ ဘာ မသိဘူး၊ ညီမသိရင် ကူညီပါလား"

ထားသက်လှိုင်က မုန့်တီစားရင်း ပြောလိုက်၏။

"ရတယ် အစ်မ ခဏနေဦး၊ ကျွန်မ လူတစ်ယောက် ပေးမယ်၊ သူ့ကို လက်ဖက်ရည်ဖိုးလေး ဘာလေး ကြည့်ပေးလို ပေါ့"

"ရတယ် . . . ညီမ"

သူတို့ မုန့်တီစားပြီး မကြာခင်မှာပင် ဆိုင်ရှင်ကော လေးက လက်ယပ်ခေါ်သဖြင့် လူတစ်ယောက် ရောက်လာသည်

"ဒီက အစ်မတွေကို ကူညီလိုက်ပါဦး၊ သူတို့က ပထ လာကြတာ"

"ဖြည်းဖြည်းစား အစ်မ၊ ကျွန်တော် စောင့်နေမယ်"

ထိုသူ့မျက်နှာကို မော့ကြည့်မိရင်း . . .

"ကျေးဇူးပါပဲ"

ဟု ပြောကာ ကဗျာကယာ စားသည်။ အသုပ်ဖိုး ရှင်းပေး လိုက်၏။

"သူ့နောက် လိုက်သွား အစ်မ၊ သူ ပြပေးလိမ့်မယ်"

"ကျေးဇူးပါပဲ ညီမရယ်"

ထိုသူက မှတ်ပုံတင်တောင်းသည်။ ညီမလေးနှင့် သူ့မှတ် ပုံတင်ကို ထားသက်လှိုင် ပေးလိုက်၏။

ထိုလူ၏ ဦးဆောင်မှုဖြင့် ထောင်ဝကို ရောက်လာခဲ့သည်။

"ကဲ . . . တိုအပေါက်က ငုံ့ပြီး ဝင်လိုက်၊ ယောကျ်ားတွေ က ညာဘက်ခန်းမှာ၊ မိန်းမဆိုရင် ဘယ်ဘက်ခန်း"

ထိုသူ၏ အကူအညီဖြင့် လိုအပ်သည်များကို ပြုလုပ်ပြီး သောအခါ ခါးညွတ်၍ ဝင်ရသော အပေါက်ဆီ ရောက်၏။ သူတို့ ညီအစ်မနှစ်ယောက် ခေါင်းငုံ့ခါးညွတ်၍ ဝင်လိုက်သည်။ ယောကျ်ား ထောင်သားများကိုတွေ့ရန် ညာဘက်ဟု ညွှန်း ဖြင့် ညာဘက်ကို တွေ့၏။

ထိုင်၍ စောင့်နေသော တာဝန်ရှိသူကို ပြောပြသည်။ ခါးကိုဟ၍ ဖွင့်ပေးလိုက်၏။

ရုတ်တရက် သူတို့ညီအစ်မနှစ်ယောက် ကြောင်သွားမိ သည်။ တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်ထားမိ ၏။ ဘယ်လို ဆူညံမှုမျိုးဖြင့်မှ မတူသော ဆူညံမှုမျိုး။ မီးရထား

www.burmeseclassic.com



ဘူတာ၊ သဘော်ဆိပ်မှာ ဆူညံသည်ထက် များစွာပိုမည်။

အလွန်စည်သောဈေးမှာ ဆူသောအသံထက်လည်း ပို၍ကျယ်လောင်မည်။ စကားအော်ဟစ် ပြောသံဆိုသံ၊ သစ်သားပြားကို တုတ်ဖြင့်ချသံ၊ အသံမျိုးစုံနေတော့၏။ အခန်းသည် သိပ်မကျယ်လှ၊ ပေနှစ်ဆယ်ပတ်လည် မရှိဟု ထင်ရသည်။

ထိုအခန်းကျယ်ထဲမှာ လူတွေက အပြည့်။ ခိုင်မာတောင့်တားသော သံဇကာ နှစ်ထပ် ကာထားသည်။ ထောင်ဝင်စာတွေ့မည့် သူတွေဘက်က တစ်ထပ်။ လက်လေးလုံးလောက်ခြားပြီး ထောင်ကျသူများဘက်က ထစ်ထပ်။ တာဝန်ရှိသူများက ယူနီဖောင်းဝတ်ပြီး ချောက်နေတာ တွေ့၏။

ခုံတန်းလျားရှည်များ ချထားပေးရာတွင် ထိုင်ပြီး စကားပြောနေကြသူတွေ။ ရပ်ရင်း စကားပြောနေကြသူတွေ။ အားလုံး အော်ဟစ်ပြောဆိုနေကြရသဖြင့် အသံက လုံးပြီး ဆူညံနေတော့သည်။

✿

ဖေဖေ့ကို ထောင်အဝတ်အစားနှင့် လှမ်းမြင်လိုက်ရတော့ ငိုချင်စိတ်ဖြင့် ဆို့တက်လာသည်။ ဖေဖေ့ကို မတွေ့ရတာ ကြာပြီး ကြည်နူးစိတ်ကလည်း ရင်၌ ဖြစ်သည်။ ဝမ်းနည်းဝမ်းသာစိတ်ဖြင့် စို့ထွက်လာသော မျက်ရည်စက် သုတ်ရင်း . . .

"ဖေဖေ ဒီမှာ . . . သမီးတို့ ဒီမှာ"



ဟု လှမ်းအော် လက်ပြ၏။

ခဏအကြာမှာ ဖေဖေက တွေ့သွားသည်။ လူနည်းနည်းပါးသည့်ဘက်ကို လက်ပြခေါ်သည်။ ဖေဖေရပ်သည့်နေရာနှင့် မျက်နှာချင်းဆိုင်မှာ သူတို့ညီအစ်မ ရပ်လိုက်ကြ၏။

"သမီး . . . မေမေ နေကောင်းလား"

"ကောင်းတယ် ဖေဖေ၊ လူကြီးဆိုတော့ အကောင်းကြီးလည်း မဟုတ်ဘူးပေါ့"

မှုသားထက်ဝက်ဖြင့် ထားသက်လှိုင် ဖြေ၏။

ဖေဖေ့ နေရေးထိုင်ရေး၊ သူတို့မိသားစု စားဝတ်နေရေးတို့ကို ပြောနေမိကြသည်။

"မောင်စိုးဝေ မအားလို့လား"

ဖေဖေက မေးလိုက်သည်။

"သူက ကြီးကျယ်တယ် ဖေဖေ၊ သွားပေးချင်ပုံ မရလို့"

ညီမငယ်က ဝင်ပြောလိုက်၏။

"ဘယ်လိုဖြစ်တာလဲ . . . သမီးတို့နဲ့ မောင်စိုးဝေ အဆင်မပြေဘူးလား"

"သိပ်မပြေချင်ဘူး ဖေဖေ"

ဟု ထားသက်လှိုင်က မညာဘဲ ပြောလိုက်မိတော့၏။

"လက်ထပ်ဖို့ ကိစ္စကရော"

"အခုတော့ သူတို့ ဘာမှမပြောကြသေးပါဘူး၊ ဒါပေမဲ့ သူတို့ ကြည့်ရတာ ခပ်အင်အင် ဖြစ်နေသလိုပဲ၊ ဖေဖေ့ကို သမီး တစ်ခု ပြောချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ခေါင်းညိတ်ပြ၏။

"သမီး ကိုစိုးဝေကို လက်မထပ်ချင်တော့ဘူး ဖေဖေ၊ သူက အမြဲတမ်း အပေါ်စီးကနေပြီး သမီးတို့ကို ဆက်ဆံသွားလိမ့်မယ်၊ သမီးတို့က သူ့ကိုပဲ အားကိုးနေရသလိုမျိုးဖြစ်ပြီး သူ့မျက်နှာ ကြည့်နေရမယ့် အဖြစ်တော့ မရောက်ချင်ဘူး"

ဖေဖေက အကြာကြီး စဉ်းစားဟန်ပြုသည်။ ပြီးမှ . . .

"ဒါတော့ သမီးသဘောပါ၊ ဖေဖေကတော့ မိသားစု အဆင်ပြေမလားလို့ စီစဉ်ခဲ့တာ"

"သမီးကလည်း မိသားစုအတွက် ခေါင်းညိတ်ခဲ့တာ၊ အခု တော့ စိတ်ထားသိပ်မမှန်တာ သိလာတော့ သမီး စိတ်ကုန်လာတယ် ဖေဖေ"

"မေမေက ဘာပြောလဲ"

"မေမေကတော့ ဘာမှ မပြောသေးဘူး"

"သမီးမေမေနဲ့ တိုင်ပင်ကြပါကွယ်"

ဖေဖေ စိတ်မကောင်းဖြစ်အောင် ပြောမိလေပြီလား တွေး မိပြန်သည်။

"ဖေဖေ့ကျေးဇူးတွေ သူတို့အပေါ်မှာ အများကြီးပါ"

"ဖေဖေ့ကျေးဇူးကြောင့် သူတို့မိသားစုက သမီးတို့မိသားစု အပေါ်မှာ ကောင်းကြပါတယ်၊ ဒါပေမဲ့ ကြာတော့ သူတို့ကြည့်ရတာ သမီးတို့က သူတို့နဲ့ကင်းပြီး မနေနိုင်ဘူးဆိုတဲ့အသိနဲ့ အပေါ်စီးက အမြဲနေချင်လာသလိုပဲ ဖေဖေ"

ညီမလေးက ဝင်ပြောလိုက်၏။



"လူဆိုတာ ဒီလိုပါပဲကွယ် . . . ပထမတော့ ကူညီရမယ့် ဝတ္တရားအရ ကူညီမှာပေါ့၊ နောက်တော့လည်း သူတို့ ကူညီတယ်လို့ မထင်တော့ဘဲ သူတို့က ပြုစုစောင့်ရှောက်နေရတယ် တွေးမိလာ မှာပေါ့"

ထောင်အဝတ်အစား ဝတ်ထားသော်လည်း ရင်ဘတ်မှာ တံဆိပ်နှင့် လူတွေ တွေ့သည်။ တချို့က အနီစင်းတွေနှင့်၊ တချို့က အနီစင်း အစိမ်းစင်းတွေနှင့်။ ထိုသူများက တုတ်တစ်ချောင်းစီ ကိုင်လျက် လိုက်ထိန်းသိမ်းနေတာ တွေ့သည်။

"ဖေဖေ အဲဒါက ဘာတွေလဲ"

ဟု ညီမငယ်က စပ်စု၏။

"သူတို့က ထောင်သားထဲကပဲ၊ လူကြီးတွေပေါ့၊ အချင်းချင်း ပြန်ထိန်းခိုင်းထားတာ"

"ဖေဖေတို့နေတာ ဟိုနောက်က အဆောက်အအုံလား"

ပြတင်းတံခါးမှ လှမ်းမြင်နေရသော အဆောက်အအုံကို မေးငေါ့ရင်း ညီမငယ် မေးသည်။

"မဟုတ်ဘူး သမီးရဲ့၊ အဲဒါက နိုင်ငံရေး အကျဉ်းသား၊ ဟိုဘက်ကဟာက မိန်းမလျာတွေ ထားတာ"

ဖေဖေက သမီးငယ်ကို စိတ်ရှည်လက်ရှည် ရှင်းပြနေ၏။

ထိုစဉ် အချိန်ပြည့်ပြီမို့ ထောင်ဝင်စာများ ပေးရန် ဝင်လာ ခဲ့က အခန်း၏ ဘယ်ဘက်ထောင့်မှာ ရှိသော ထောင်ဝင်စာ . . . သည့် နေရာသို့ လာပြီး တန်းစီရပြန်သည်။

"နောက် ခဏခဏ မလာနဲ့ သမီး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖေဖေက အော်ပြောသည်။

ညီမငယ်က သူ့ကို လက်တို့ပြီး မေးငေါ့ပြ၏။ ထောင်ဝင်စာပေးရန် တန်းစီနေရင်းမှ ညီမငယ်ပြသည့် နံရံဆီ အကြည့်ရောက်သည်။

ခါးပိုက်နှိုက်သတိပြုဆိုသည့် ဆိုင်းဘုတ်ကလေးကို တွေ့လိုက်၏။ သည်နေရာမှာလည်း သည်ဆိုင်းဘုတ် တပ်ထားရသေးတာပဲနော်ဟု ညီမငယ်က ပြောလိုက်ပြန်သည်။

✿ ✿ ✿

[၉]

အမြန်ရထားပေါ်မှာ ဆုံးဖြတ်ချက် တစ်ခုကို ထားသက်လှိုင် ချလိုက်သည်။

ဟိုရောက်လျှင် ကိုစိုးဝေကို တွေ့ပြီး လက်ထပ်ရန် အစီအစဉ်ကို မိမိဘက်မှ ဖျက်သိမ်းကြောင်း ပြောရမည်။

စိတ်သဘောထားနူးသူတစ်ဦးနှင့် လက်ထပ်ပြီးမှ ခံစားရမည့် သောကကို မိမိ မလိုချင်တော့။ မိမိအိမ်ထောင်ရေး အဆင်မပြေပါက မိဘစိတ်ချမ်းသာရမည် မဟုတ်။ မိဘနှင့် မိသားစုစိတ်ချမ်းသာစေချင်သောဆန္ဒဖြင့် လက်ထပ်ရမည့် မိမိ၏ရည်မှန်းချက်သည် အချည်းနှီးပင် ဖြစ်လိမ့်မည်။

"မမထား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူ့ဘေးမှာ ယှဉ်ထိုင်ရင်း မနေ့က သတင်းစာကို ခရီးသည်တစ်ဦးထံမှ တောင်းဖတ်လာသည့် ညီမငယ်က ခေါ်သည်။

ညီမငယ်ကို ငဲ့ကြည့်ရင်း ထူးလိုက်၏။ ညီမငယ်၏အကြည့်က သတင်းစာပေါ်မှ မခွာ။

"ဘာလဲ ညီမလေး"

သူ့ဘက်သို့ ကိုယ်ကို စောင်းတိုးလိုက်ရင်း . . .

"ဒီမှာ ကြည့်စမ်း မမထား၊ ဒီဟာ မမထား သူငယ်ချင်းကိုညိုမြင့်လွင်လား"

ဟု ပြော၏။

သတင်းစာကို ရုတ်တရက် ဆွဲယူလိုက်သည်။ ညီမငယ်က သတင်းစာပေါ်မှာ လက်ထောက်ပြီး ပြ၏။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း . . . ဆိုသည့် ခေါင်းစဉ်အောက်မှ ကိုညိုမြင့်လွင်၏ စေ့စပ်ပြီးစီးခြင်း ကြော်ငြာကို တွေ့လိုက်ရသည်။

"ဟုတ်တယ် ညီမလေး"

သတင်းစာကို ပြန်ပေးရင်း ထားသက်လှိုင် ပြောသည်။

ညီမငယ်က သူ့ကို ဘာမှပြန်မပြောတော့။ အရှိန်ဖြင့် ခုတ်မောင်းနေသော ရထားပေါ်မှ မြင်ရသော မြင်ကွင်းကို ငေးကြည့်နေလိုက်မိသည်။ သူ စေ့စပ်သွားပါရောလားဟု သိရင်း နှမြောတမ်းတစိတ်က ရင်မှာ ဖြစ်သည်။

သည်ဘဝမှာ တကယ်ပဲ ဝေးကြပြီဆိုသော အသိက နှလုံး



သားကို နာကျင်စေပြန်သည်ပဲ။

သူမကစ၍ လမ်းခွဲရန် ဆုံးဖြတ်လျက် ကိုယ့်လမ်းကိုယ်ရွေးမိခဲ့မိသော်လည်း တကယ်တမ်း စောစီးစွာ လက်ပြနှုတ်ဆက်သွားသူက ကိုညိုမြင့်လွင်ပါလားဟု တွေးဖြစ်ပြန်သည်။

နီကျင်ဝါရွက်တို့ ဖုံးနေသော တောင်ကုန်းကမ်းပါးပေါ်မှ သစ်ပင်တို့မှာ ရွက်စိမ်းတို့ဖြင့် ဝေနေပြန်ပါရောလား။

သူ့နှလုံးသားကတော့ ထာဝရအရွက်မဝေနိုင်တော့သော ထန်းလည်ဆစ်ကျိုး အဖြစ်မျိုးဟု ထားသက်လှိုင် တွေးမိပြန်၏။

နင့်သီး နက်နဲစွာ ချစ်ခင်ခဲ့မိပါလျက် ချစ်သည်ဆိုသည့် အဖြေကိုတောင် မပေးလိုက်နိုင်ခဲ့တဲ့ ဘဝပါလား။

စဉ်းစားရင်း ရင်၌ လောင်မြိုက် ကျွမ်းမြည့်ရပြန်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၈]

အိမ်ပြန်ရောက်တော့ မေမေ့ကျန်းမာရေးအခြေအနေက အတော်လေး ဆိုးရွားနေတာ တွေ့ရသည်။ အသက်ရှူကျပ်ပြီး မောမောနေ၏။ ဖေဖေ့အကြောင်း ပြောပြစဉ်မှာ မေမေ့မျက်ဝန်း၌ ဖေဖေ့ကို သတိတရ လွမ်းဆွတ်နေသည့် အရိပ်အယောင်များ ဝေ့သန်းနေပုံရသည်။

ညနေ ဆေးခန်းသွားပြတော့ မေမေ့ကို ဆေးရုံတင်ရန် ဆရာဝန်က အကြံပြုသည်။ ပထမတော့ မေမေ ငြင်းဆန်နေသေးသော်လည်း နောက်တော့ သမီးတို့သဘောဟု ခေါင်းညိတ်ခဲ့သည်။

ထိုညက ကိုစိုးဝေတို့သားအဖ မေမေ့ကို လာတွေ့ကြသည်။ မေမေက စကားပြောလျှင် မောမောနေသဖြင့် ကိုစိုးဝေ၏

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ခဏနေပြီး ပြန်သွားသည်။

မေမေ အိပ်ပျော်သွားစဉ်မှာ ကိုစိုးဝေကို ထားသက်လှိုင်က အပြင်ဧည့်ခန်းသို့ ခေါ်ခဲ့၏။ ညီမလေးက မေမေ့အနားမှာ စောင့်ကျန်ခဲ့သည်။

"မနက်ဖြန် ဆေးရုံတင်ဖို့ ကျွန်တော် အကုန်စီစဉ်ပေးပါ့မယ်"

ဧည့်ခန်းရောက်တော့ ထိုင်မိလျှင်ထိုင်မိချင်း ကိုစိုးဝေ စကားစ၏။

"ရတယ် ကိုစိုးဝေ၊ ကျွန်မ အားလုံး စီစဉ်နိုင်ပါတယ်"

ကိုစိုးဝေကိုကြည့်ကာ ထားသက်လှိုင် ပြောလိုက်၏။

"ကျွန်တော် ထောင်ဝင်စာအတွက် ဒီတစ်ပတ် မလိုက်နိုင်တာ တစ်မျိုးမထင်ပါနဲ့ ထား"

"ကျွန်မ အားလုံးဆုံးဖြတ်ပြီးပါပြီ ကိုစိုးဝေ၊ ကျွန်မ နောက်ကို ဘယ်သူ့မှလည်း အားမကိုးချင်တော့ပါဘူး၊ ကျွန်မ တတ်နိုင်သလောက် ကျွန်မဘာသာ အားလုံးလုပ်တော့မယ်"

"ကျွန်တော့်ကို စိတ်ဆိုးလို့လား"

တစ်ချက် ပြုံးလိုက်မိသည်။ ပြီးမှ . . .

"ကျွန်မ မိန်းမသားပေမယ့် စိတ်ဆိုးလိုက်၊ စိတ်ကောက်လိုက် မဖြစ်တတ်ပါဘူး"

ဟု စကားဆက်လိုက်၏။

"ကျွန်မမိဘတွေ . . . အထူးသဖြင့် မေမေပေါ့လေ၊ မေမေက ကိုစိုးဝေတို့မိသားစုကို သိပ်အားကိုးတာ၊ သိပ်ပြီး ယုံကြည်



တာပဲ၊ ဒါကြောင့်ပဲ သူတို့မရှိရင် ကျွန်မတို့ညီအစ်မ ကိုစိုးဝေတို့ မိသားစုနဲ့ဆိုရင်တော့ စိတ်အေးရမှာပဲလို့ တွက်ခဲ့ပုံရပါတယ် . . .

"ကျွန်မကလည်း မေမေတို့ ညီမလေးတို့ မိသားစုနဲ့ ခွဲနေလို့ရတဲ့ ဘဝမျိုး မဟုတ်ဘူးဆိုတာ ကျွန်မကိုယ်ကျွန်မ နားလည်ထားခဲ့တယ်လေ၊ ဒါကြောင့် မေမေတို့ ညီမလေးတို့နဲ့ အဆင်ပြေမယ့် သူကိုပဲ အိမ်ထောင်ပြုဖို့ ဆုံးဖြတ်ခဲ့တာပါ၊ ကျွန်မအတွက်ဆိုတာ ထည့်မတွက်ခဲ့ပါဘူး . . .

"ကျွန်မ တခြားလူတစ်ယောက်နဲ့ အိမ်ထောင်ပြုရင် ဖေဖေက ထောင်ထဲမှာ၊ မေမေက လူမမာ၊ ညီမလေးက အရွယ်မရောက်သေးဘူး၊ အားလုံးက သူ့ကို မှီခိုရမှာပဲဆိုပြီး ကျွန်မတို့မိသားစု မျက်နှာငယ်ရမှာ စိုးတယ်"

"ထား . . . အဲဒါတွေ ဘာလို့ပြောနေရတာလဲ"

"ကျွန်မ ဒီညဲ ကိုစိုးဝေကို စကားပြောဖို့ ဆုံးဖြတ်ထားလို့ပါ"

ကိုစိုးဝေက နားမလည်နိုင်သလို ခေါင်းကို ယမ်းခါသည်။

"အခုန စကားမဆက်ရင် ကျွန်မ အဲဒါတွေကြောင့် ကိုစိုးဝေကို လက်ထပ်ဖို့ လက်ခံခဲ့တာပါ၊ ပြီးတော့ ကျွန်မဆုံးဖြတ်ချက်ပြောင်းလိုက်ပြီ၊ ကျွန်မ ကိုစိုးဝေကို လက်မထပ်နိုင်တော့ပါဘူး"

"ဘယ်လိုပြောတယ် ထား"

"ကျွန်မ ကိုစိုးဝေကို လက်မထပ်နိုင်တော့ပါဘူး ကိုစိုးဝေ၊ ကိုစိုးဝေတို့မိသားစု ထင်သလို ကျွန်မဟာ မိန်းကလေးပီသတဲ့ မိန်းကလေး ဖြစ်ချင်မှဖြစ်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကိစ္စကို ဖေဖေတို့ မေမေတို့က သိပ်မကျေနပ်ကြပေမယ့် ကျွန်တော်က ကျွန်တော့်ကတိအတိုင်း ထားကို လက်ထပ်မှာပါ"

ကိုညိုမြင်းလွင်ကိစ္စကို ရည်စူး၍ ပြောလိုက်မှန်း သိသည်။ ထားသက်လှိုင်က အသံထွက်အောင် တစ်ချက်ရယ်၏။

"ကတိတည်တဲ့သူ ဖြစ်ချင်တာနဲ့တော့ ကျွန်မကို လက်မထပ်ပါနဲ့ ကိုစိုးဝေ၊ အခု ကောင်းပါတယ်၊ ကိုစိုးဝေက ကတိဖျက်တာ မဟုတ်ပါဘူး၊ ကျွန်မကစပြီး ဒီကတိကို ဖျက်တာပါ၊ ကျွန်မက စပြီး ကိုစိုးဝေကို လက်မထပ်နိုင်ဘူး ပြောတယ်ဆိုတော့ ကိုစိုးဝေ လိပ်ပြာမလုံစရာ မရှိပါဘူးနော်"

"စဉ်းစားပါဦး ထား"

"ကျွန်မ လုပ်တာမှန်သမျှ စဉ်းစားပြီးမှ ဆုံးဖြတ်တာပါ၊ စဉ်းစားလွန်းလို့ အသက်လောက်ချစ်တဲ့ချစ်သူကိုတောင်မှ ချစ်တယ်ဆိုတာ ကျွန်မ မပြောခဲ့ရပါဘူး"

"လူကြီးတွေ စီစဉ်ထားကြတာဆိုတော့"

"ဘာဖြစ်ဖြစ် အားလုံး ကျွန်မအပြစ် အဖြစ်ခံပါ့မယ် ကိုစိုးဝေ၊ ကျွန်မ ဖျက်လို့ ပျက်တယ်ပြောပါ၊ တစ်ခုတော့ ကိုစိုးဝေကို ပြောချင်တယ်၊ ကျွန်မ ကိုညိုမြင်းလွင်ကို မျှော်ကိုးပြီးတော့ ကိုစိုးဝေနဲ့ကိစ္စကို ဖျက်တာမဟုတ်ဘူးဆိုတာတော့ သိစေချင်တယ်၊ မနေ့က သတင်းစာမှာ ကိုညိုမြင်းလွင် စေ့စပ်သွားတာ ကိုစိုးဝေ တွေ့မှာပါ"

"အင်း . . . သတိတော့ ထားဖြစ်လိုက်တယ်"

"အဲဒါ ကျွန်မနောက် လိုက်လာတဲ့ ကိုညိုမြင်းလွင်ပါပဲ၊



ကျွန်မက ကျွန်မဆုံးဖြတ်ချက်ကို မပြင်နိုင်ပါဘူးဆိုလို့ သူ စေ့စပ်သွားတာပါ၊ ကျွန်မ ပြောချင်တာကတော့ ကိုညိုမြင်းလွင်ကို မျှော်ကိုးလို့ ကိုစိုးဝေနဲ့ကိစ္စ ဖျက်တာမဟုတ်ဘူးဆိုတာပါပဲ"

ထိုစဉ် ညီမလေး အခန်းထဲမှ ထွက်လာသည်။

"မမထား . . . မေမေ မောနေတယ်"

ချက်ချင်း ထရပ်လိုက်သည်။

"ကိုစိုးဝေ သွားပါတော့၊ ကျွန်မ ဆုံးဖြတ်ချက်ကို မပြင်တော့ဘူး၊ ညီမလေး တံခါးဖွင့်ပေးလိုက်ပါဦး"

ပြောပြီး မေမေရှိသည့် အခန်းထဲသို့ ဝင်ခဲ့သည်။

ညီမလေးတံခါးဖွင့်ပေးလိုက်သံကို အခန်းထဲမှ ကြားနေရ၏။

မေမေ့ကို ဆေးတိုက်ရန် ပြင်ဆင်သည်။

ကိုစိုးဝေကို ပြောချင်တာတွေ ပြောလိုက်ရသဖြင့် ရင်ထဲမှာတော့ ပေါ့ပါးသွားသလိုပင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၁၁]

ဆေးရုံတင်လိုက်ကတည်းက မေမေ့အခြေအနေကို သိပ်အားမရ၍ ဦးလေးနှင့် ကိုကို့ထံသို့ သံကြိုးရိုက်လိုက်သည်။

ဆေးရုံတင်ပြီး ငါးရက်မြောက်နေ့မှာပင် မေမေဆုံးသွားတော့၏။ မေမေမဆုံးခင် တစ်ရက်အလိုမှာ ဦးလေးရော၊ ကိုကိုပါ ရောက်လာကြသည်။ မေမေဆုံးတော့ အားလုံး ရှိနေကြသည်မို့ ထားသက်လှိုင် သိပ်အားမငယ်မိ။

မေမေ့အသုဘ ရက်လည်ပြီးနောက်တွင် ဦးလေးက သူတို့ ခမောင်နှမသုံးယောက်ကို ဘာလုပ်ချင်လဲ မေးသည်။

"မေမေ့မှာ ကြွေးတွေ ကျန်ခဲ့မှာပဲ ဦးလေး၊ အဲဒီအကြွေးတွေလည်း ဆပ်ချင်တယ်၊ ဖေဖေ့ကိုတော့ မတိုင်ပင်တော့ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေလည်း စိတ်ဆင်းရဲနေလိမ့်မယ်၊ ကျွန်မသဘောကတော့ ဒီအိမ်ရယ်၊ ဆိုင်ရယ်ကို ရောင်းချင်တယ်၊ ကြွေးတွေဘာတွေ ဆပ်မယ်၊ ပြီးရင် ကိုကို့ကိုလည်း ပေးသင့်သလောက် ပေးပြီး၊ ကျွန်မတို့ညီအစ်မက ရန်ကုန်ပြောင်းချင်တယ် ဦးလေး၊ ရန်ကုန်ဆိုတော့ ဦးလေးတို့နဲ့လည်း နီးတယ်"

ထားသက်လှိုင်၏ အကြံကို ဦးလေးကလည်း သဘောကျသည်။ ကိုကိုနှင့် ညီမလေးကလည်း ထောက်ခံ၏။

ကိုစိုးဝေ၏ ဖေဖေနှင့်မေမေ အိမ်လာတော့ ထားသက်လှိုင်က တိုင်ပင်ကြည့်သည်။

"ကျွန်မတို့ညီအစ်မလည်း ရန်ကုန်ပြောင်းချင်တယ်၊ အန်ကယ်တို့ဆီက မေမေယူထားတဲ့ ငွေလေးတွေလည်း ဆပ်ချင်တယ် အန်ကယ်၊ ဖြစ်နိုင်ရင်တော့ အိမ်နဲ့ဆိုင်ကို အန်ကယ်တို့ အမ်းယူထားလိုက်ရင် ပိုအဆင်ပြေမှာပါ၊ ဒါမှမဟုတ်ရင်တော့ ရောင်းထွက်အောင် စောင့်နေရမှာ"

တိုင်ပင်ဦးမည်ဟုပြောကာ ပြန်သွားကြပြီး နောက်နေ့မှာတော့ အိမ်နှင့်ဆိုင်ကို သူတို့ကပဲ အမ်းယူပါမည်ဟု ကိုစိုးဝေတို့ ဖေဖေ လာပြောသည်။

ဦးလေးလည်း စိတ်ချလက်ချ ပြန်သွား၏။

ကိုကိုကတော့ ရောက်တုန်း နေဦးမည်ဆိုကာ မပြန်သေး။

ရန်ကုန်ပြောင်းရွှေ့ကြဖို့ သူတို့မောင်နှမတွေ အသေးစိတ် တိုင်ပင်ကြရပြန်၏။

ကိုစိုးဝေတို့ဖေဖေက သိပ်မကြာခင်မှာပဲ ငွေစုပြီးလျှင် လာအမ်းမည်ဟု ပြောသဖြင့် မကြာခင်အတွင်း ပြောင်းရွှေ့ရမည်ဟု သူတို့ မျှော်လင့်ထားမိပြန်သည်။



ကိုစိုးဝေနှင့် လက်ထပ်ရန်ကိစ္စအတွက် သူမ ဖျက်လိုက်မိခြင်းသည် မေမေ မရှိတော့သည့်အတွက် ပို၍ကောင်းသည် တွေးမိပြန်၏။

ထိုကိစ္စကို ကိုစိုးဝေက သူ့မိဘတွေအား ပြန်ပြောပြလိုက်သည် ထင်သည်။ ဘာမှ သူမကို မမေးကြသော်လည်း ဆက်ဆံရေးက အလျှင်ကနှယ် မဟုတ်။ သူမကို စိတ်လိုလက်ရ ရှိပုံမပေါ်။ သို့သော်လည်း သူတို့ဘက်က ဖျက်ချင်နေသောကိစ္စအား သူမက စ၍ ဖျက်လိုက်ခြင်းအတွက်တော့ ကျေနပ်နေပုံရသလိုပင်။

ရန်ကုန်ရောက်ပါက ဖေဖေ့ကို ထောင်ဝင်စာ သွားတွေ့ရမှာလည်း ခရီးလမ်း မဝေးခဲဟု တွေးသည်။

ရန်ကုန်မှာ ခြေချရင်း ဘဝကို စရမည်ထင်၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com 

## [၁]

ဦးလေး၏ စီစဉ်ဆောင်ရွက်မှုဖြင့် စမ်းချောင်းဘက်မှာ တိုက်ခန်းတစ်ခန်းကို နှစ်ချုပ်ဖြင့်ငှား၍ ထားသက်လှိုင်တို့ညီအစ်မ နေဖြစ်သွားသည်။

ရန်ကုန်ရောက်ပြီး မကြာခင်မှာပင် ဦးလေးမိတ်ဆွေ တစ်ဦး၏ စတိုးဆိုင်မှာ ထားသက်လှိုင် အလုပ်ရ၏။ ညီမလေး ကိုလည်း ကျောင်းပြောင်းအပ်ပြီးပြီမို့ အားလုံး အစီအစဉ်တကျ ဖြစ်သွားသည်။

ထားသက်လှိုင်ရသည့် လခလေးသည် မဖြစ်လောက်သော်လည်း အိမ်နှင့်ဆိုင် ရောင်း၍ရသောငွေများထဲမှ ကျန်ငွေတချို့ကို ဦးလေးက အတိုးရင်းပွား ချပေးထားသဖြင့် လစဉ် ပုံမှန်ဝင်ငွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေ၏။

ချမ်းချမ်းသာသာ ချောင်ချောင်လည်လည်ကြီး မဟုတ်သော်ငြား ကွေ့ကွေ့မပျက်တော့ လည်ပတ်နေနိုင်ပြီ။

ဖေဖေ့ဆီသို့ တစ်လတစ်ခါ နှစ်လတစ်ခါဆိုသလိုလည်း ထောင်ဝင်စာတွေ့ရန် ထားသက်လှိုင် သွားနိုင်ခဲ့၏။

ရန်ကုန်ပြန်ရောက်နေပြီမို့ ကိုညိုမင်းလွင်ကို သတိတရရှိနေတတ်ပြန်သည်။ လှည်းတန်းဘက်ရောက်တိုင်း ကျောင်းသားဘဝက အတူထိုင်ခဲ့သည့် ဆိုင်ကလေးကို ကြည့်ရင်း လွမ်းဆွတ်နေမိပြန်သည်။ ဘဝတွေက ခြားပြီးပဲဟု ရင်ထဲမှာ ကြေကွဲစွာ ခံစားရပြန်၏။

အလုပ်ချိန်၌ ဆိုင်မှာချည်း ရှိနေသူမို့ တစ်ခါတစ်ရံ ကျောင်းတုန်းက သူငယ်ချင်းတွေများ ဆိုင်ထဲ ရောက်လာလေမလားဟု စိတ်ကူးယဉ်ကြည့်တတ်ပြန်သေးသည်။ အေးအေးလွင်မှအစ အားလုံးနှင့် အဆက်အသွယ်ပြတ်သွားရပြီမို့ သူ ရန်ကုန်ရောက်နေတာ ဘယ်သူမှ သိနိုင်မည်မဟုတ်။

ညီမလေး ကျောင်းပိတ်ရက်မှာတော့ သူလည်း ကွန်ပျူတာသင်တန်းဖြစ်ဖြစ်၊ စကားပြောသင်တန်းလေးဖြစ်ဖြစ် တက်ရဦးမည်ပဟု ထားသက်လှိုင် တွေးထား၏။

✿ ✿ ✿

[၂]

သည်နှစ် ရန်ကုန်မှာ မိုးစောစောဝင်သည်ဟု ထားသက်လှိုင် ထင်သည်။ သင်္ကြန်ပြီးကတည်းက ရွာသည့်မိုးသည် မပြတ်တော့။ မနှစ်က ရန်ကုန်ပြောင်းလာစဉ်ကတည်း မိုးဦး နှောက်ကျသလိုပင်။ နယ်မှာ မိုးတစ်ပြိုက်နှစ်ပြိုက်ရွာပြီး မြစ်ရေတက်နေပြီဖြစ်လျက် ရန်ကုန်ရောက်တော့ မိုးက မရွာသေး။

မိုးစက်များ ဝေ့ပက်လာသဖြင့် တိုက်ခန်း၏ ပြတင်းတံခါးကို ပိတ်သည်။ တံခါးကို ပိတ်လိုက်တော့ လှောင်သွားသလို ခံစားရပြန်၏။ ဘာလိုလိုနှင့် ရန်ကုန်ပြောင်းလာသည်ပင် တစ်နှစ်ပြည့်တော့မည် စဉ်းစားမိပြန်သည်။

"မမထား . . . ဖေဖေ့ဆီ ဘယ်တော့ သွားရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ရက် လိုသေးတယ် ညီမလေး။ မမ ဆိုင်ကိုတော့ ပြောထားပြီးပြီ၊ ခွင့်လည်း တင်ထားတယ်"

"ညီမလေး လိုက်ခဲ့ရမလား"

"ဘယ်ဖြစ်မလဲ ညီမလေးရဲ့၊ အိမ်စောင့်မှ ဖြစ်မှာပေါ့၊ ညီမလေးလိုက်ရင် အိမ် ဘယ်သူစောင့်မလဲ"

ဟုတ်တယ်နော် . . . မမထား ဖေဖေ့ဆီသွားတာ ရန်ကုန်ရောက်မှ အတော်များပြီ၊ ညီမလေး တစ်ခါမှ မလိုက်ရလို့ ရမလားမေးကြည့်တာ"

"နေပါဦး ညီမလေးရယ်၊ ဦးလေးတို့အိမ်က တစ်ယောက်ယောက် အိမ်လာစောင့်ပေးနိုင်တဲ့ အခေါက်ကျရင် ခေါ်မှာပေါ့"

ညီမငယ်လည်း ဖေဖေ့ကို တွေ့ချင်စိတ် ရှိပေမည်ဟု တွေးမိပြန်၏။ နောက်တစ်ခေါက်တော့ ဦးလေးအိမ်ကို အကူအညီတောင်းပြီး ညီမငယ်ကို ခေါ်သွားရမည် စဉ်းစား၏။

နောက်ဆုံးတစ်ခေါက် ဖေဖေ့ကို သွားတွေ့စဉ်က ကိုစိုးဝေ ဖေဖေ့ကို လာတွေ့သွားကြောင်း ဖေဖေပြောပြသည်။ ကိုစိုးဝေလည်း အိမ်က ပေးစားသည့်တစ်ယောက်နှင့် လက်ထပ်လိုက်ကြောင်း ဖေဖေ့ကို ပြောပြသွားတာ ဖေဖေက ထားသက်လှိုင်ကို ပြန်ပြောပြသည်။

အခုလောက်ဆို ကိုညိုမြင့်လွင်လည်း လက်ထပ်ပြီးလောက်ပြီပေါ့ဟု အတွေးရောက်ပြန်သည်။

အလုပ်မှာ အချိန်ကုန်ပြီး အိမ်ပြန်ရောက်တော့လည်း ချက်ဟယ်ပြုတ်ဟယ်နှင့် ပင်ပန်းလှသည်မို့ သတင်းစာလည်း



နေ့စဉ် မဖတ်မိ။ ကိုညိုမြင့်လွင်၏ လက်ထပ်ပြီးစီးခြင်းသတင်းပါ သွားလောက်ပြီဟု ထားသက်လှိုင် ထင်သည်။

မိုးစဲသွားပြီမို့ ပြတင်းဆီသွား၍ ပြတင်းတံခါးကို ဖွင့်လိုက်၏။ အပြင်လေကို တစ်ဝ ရှူလိုက်မိသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၃]

လုပ်နေကျလို ဖြစ်သွားပြီမို့ ထောင်ဝင်စာတွေ့ရသည့် အလုပ်သည် ထားသက်လှိုင်အတွက် အထူးအဆန်း မဟုတ်တော့ပြီ။

မေမေနှင့်တွေ့ပြီး ထောင်ဝင်စာပေးကာ ပြန်ထွက်လာခဲ့သည်။ ထားသက်လှိုင်နှင့် ရင်းနှီးနေပြီဖြစ်သော အသုပ်ရောင်းသည့် ဈေးသည်ကောင်မလေးကို နှုတ်ဆက်မည်တွေးကာ စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်၏။

စားသောက်ဆိုင် အလယ်မှာရှိသော အသုပ်ဆိုင်ဆီ သွားသည်။ နောက်ကျောပေးထိုင်နေသည့်သူကို အသေအချာ စူးစိုက်ကြည့်လိုက်မိပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းထက် ပိုရှည်နေသော်လည်း သူ့ဆံပင်ပုံကို မမှတ်မိစရာ မရှိ။ ဝတ်နေကျ ဂျင်းဘောင်းဘီ ခပ်နွမ်းနွမ်းက ပင်လယ်ပြာရောင် ထွက်သည်။ သူဝတ်နေကျ ရှပ်အင်္ကျီအနက်နှင့် ရှပ်အင်္ကျီပခုံးပေါ်က ဒေါက်ကိုပါ သတိထားမိပြန်၏။

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သည်။ တစ်နှစ်ကျော်ကာလ ရှိပြီဖြစ်သော မမြင်ရသည့် မျက်နှာကို ပြန်မြင်ရတော့မည် အတွေးနှင့် ရင်ခုန်ချင်ပြီ။ ဩော် . . . သူ့အိမ်ထောင်နှင့်သူ ဖြစ်လောက်ပြီပေါ့ အတွေးက ဦးနှောက်မှာ ဝင်သော်ငြား ခံစားမှုကား လျော့နည်းသွားခြင်း မရှိ။

"ကိုညိုမင်းလွင်"

နောက်နားမှနေ၍ ထားသက်လှိုင် ခေါ်လိုက်သည်။ ခေါ်လိုက်ပြီးမှ လူမှားသွားလျှင် အခက်ဟု အတွေးဝင်သေး၏။

သူမ၏ ခေါ်သံကြောင့် ရုတ်တရက် ခေါင်းကို လှည့်ကြည့်သည်။

"အို . . . ဆောရီးနော် . . . ဆောရီး"

လှည့်လာသော မျက်နှာကို မြင်လိုက်ရချိန်မှာ ထားသက်လှိုင်နှုတ်မှ တောင်းပန်စကား ရုတ်တရက် ထွက်သည်။ ညာဘက်မျက်လုံးရင်းမှ ပါးပြင်တစ်လျှောက် အမာရွတ်ကြီး အထင်းသားပေါ်သည့် မျက်နှာသည် ညိုမင်းလွင် မဖြစ်နိုင်ဟု ထားသက်လှိုင်ထင်၏။

"ထား"

စူးစိုက်ကြည့်နေသည့် ထိုမျက်နှာမှ အသံထွက်လာစဉ်မှာ



ထားသက်လှိုင် တုန်တုန်လှုပ်လှုပ် ဖြစ်ရပြန်၏။ ညိုမင်းလွင်မှ ညိုမင်းလွင် အစစ်။ ဘယ်လိုဖြစ်ရတာလဲ ကိုညိုမင်းလွင်ရယ်ဟု စိတ်ထဲက မေးနေမိသော်လည်း နှုတ်ဖျားမှ စကားမထွက်ဘဲ ငေးကြောင်ကြည့်နေမိပြန်၏။

"ညိုမင်းလွင်ပါ ထား"

သည်တော့မှ ချက်ချင်း အသိပြန်ဝင်သည်။

"ကိုညိုမင်းလွင်"

"ဟုတ်ပါတယ် ထား"

"ဘယ်လို ဖြစ်တာလဲ ကိုညိုမင်းလွင်ရယ်၊ ကျွန်မ ဘယ်လိုမှ ချက်ချင်း မမှတ်မိတော့ဘူး"

"ထိုင်ပါဦး . . . ထား"

အသေအချာ ကြည့်မိတော့မှ ညာဘက်ပါးက အမာရွတ်ကြီးသာမက ဘယ်ဘက်မျက်ခုံးပေါ်မှ နဖူးကိုဖြတ်သည့် အမာရွတ်လည်း ရှိနေသေးသည်။

အလွန်ချောမောသူဟု နာမည်ကြီးသည့် ညိုမင်းလွင်၏ မျက်နှာသည် ရုပ်ပျက်ဆင်းပျက် ဖြစ်နေပါရောလား။

ဘုရား . . . ဘုရားဟု ရင်ထဲက တ, နေမိပြန်သည်။

"နေပါဦး . . ထားကရော ဒီနေရာကို ဘာလာလုပ်တာလဲ"

သူ့ဘေးမှာ ဝင်ထိုင်သော ထားသက်လှိုင်ကို ကြည့်ရင်း ကိုညိုမင်းလွင် မေးသည်။

"ဖေဖေ့ကို ထောင်ဝင်စာ လာတွေ့တာ ကိုညိုမင်းလွင်"

"ဟင် . . . ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကိုညိုမင်းလွင် မသိသေးသော ဖေဖေ့အကြောင်းကို ထား သတ်လှိုင် ပြောပြလိုက်သည်။

"ထားက သိပ်လျှို့ဝှက်တာပဲနော်"

"ဩော် . . ကျွန်မဘဝထဲကအကြောင်းတွေ ပြောပြနေရင် လည်း ဘာထူးမှာတဲ့လဲ ကိုညိုမင်းလွင်၊ နေပါဦး . . ကိုညိုမင်းလွင် ကရော ဘယ်လိုဖြစ်တာလဲ၊ အခုရော ဒီမှာ ဘာလာလုပ်တာလဲ"

ညိုမင်းလွင်က သက်ပြင်းရှည်ကို ချ၏။ ပြီးမှ . . .

"ကိုယ် တင်မောင်ဝင်းကို ထောင်ဝင်စာလာတွေ့တာ ထား"

"ကိုတင်မောင်ဝင်း"

"ဟုတ်တယ် . . . ထား"

"ဘယ်လို ဖြစ်တာလဲ ကိုညိုမင်းလွင်ရယ်"

"တိုတိုပြောရရင်တော့ ထားရယ် . . . ကျွန်တော်တို့ ရန် ဖြစ်ကြတယ်၊ တင်မောင်ဝင်းက ထောင်နှစ်နှစ်ကျတယ်၊ ကျွန်တော် ကတော့ ဒဏ်ငွေနဲ့ ပြီးသွားတယ်"

"ဘယ်မှာ ဖြစ်တာလဲ"

"ထားဆီက ကျွန်တော် ပြန်ရောက်ပြီး သိပ်မကြာဘူး၊ ကျွန်တော် စေ့စပ်ပွဲလုပ်လိုက်တယ်၊ ပြီးတော့ ကျွန်တော် စိတ်လေပြီး ခရီးတွေ ထွက်တယ်၊ တင်မောင်ဝင်းလည်း ကျွန်တော်နဲ့ အတူ ပါတယ် ထား၊ ဖြစ်တာက ဒီမန္တလေးမှာ ဖြစ်တာ၊ မန္တလေးရဲ့ အခြေ အနေလည်း ထား သိပါတယ်၊ ဒီမှာက မန္တလေးသား စစ်စစ်က ရှားနေပြီလေ . . .။



ကျွန်တော် ပြောချင်တာ ထား နားလည်မလား မသိဘူး၊ ရင်ထဲမှာ မခံချင်စိတ်တွေ ခံစားမှုအခြေခံတွေ ရှိတယ်ဆိုတာပါ၊ တစ်ညတော့ တင်မောင်ဝင်းနဲ့ ကျွန်တော် စားသောက်ဆိုင်တစ်ခု သွားကြတယ်၊ အရက်သောက်ကြတယ်ပေါ့၊ တင်မောင်ဝင်းရော ကျွန်တော်ပါ မူးနေကြပြီ၊ အဲဒီမှာပဲဗျာ ကံဆိုးချင်တော့ နွဲ့မူကို သွားတွေ့တယ်"

"နွဲ့မူဆိုတာ . . . "

"နွဲ့မူဆိုတာက ကျောင်းတုန်းက ကျွန်တော်နဲ့ တွဲခဲ့ဖူးတဲ့ တစ်ယောက်ပဲ ထား"

"အင်း . . . ပြောပါဦး"

"နွဲ့မူကို ကျွန်တော်တို့က မမြင်ပါဘူး၊ နွဲ့မူက ကျွန်တော် တို့ကို မြင်ပြီး စားပွဲဝိုင်းကူးလာတယ်၊ လာနှုတ်ဆက်ရင်း အတူ ထိုင်တယ်၊ သူ့စားပွဲကို လှမ်းကြည့်လိုက်တော့ သူနဲ့အတူပါလာတဲ့ သုံးယောက်က မြန်မာ,မဟုတ်ဘူး ထား၊ သိတယ်မဟုတ်လား . . . ကြည့်ပြီး တော်တော်ဒေါသထွက်ရတယ် . . .။

တင်မောင်ဝင်း ဆို နွဲ့မူကို တော်တော်လေး ပြောတယ်၊ ကျွန်တော်လည်း တော်တော်လေး ဆူမိတယ်၊ ရင်ထဲမှာလည်း မကောင်းဘူး၊ ဒီကောင်တွေ ငွေအားသုံးပြီး ကျွန်တော်တို့ အစော် ကားခံနေရတယ်ဆိုတဲ့ ခံစားမှုကြီးက ရင်ထဲမှာ ဗလောင်ဆူနေ တယ်၊ သိတယ်မဟုတ်လား ထား . . .။

ကျွန်တော်တို့ စကားပြောနေတာ တော်တော်လေး ကြာ သွားပုံ ရတယ်၊ ဟိုဘက်ဝိုင်းက ဒေါသတွေ ထွက်လာပြီး ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ကြည့်ရင်း ပွစိပွစိတွေ လုပ်လာတယ်၊ နွဲ့မူက သွားမယ်ဆို တော့ တင်မောင်ဝင်းက စကားရှည်နေပြန်ရော၊ ဒါနဲ့ ဟိုဘက်ဝိုင်း ကကောင်တစ်ယောက် ရောက်လာပြီး နွဲ့မူကို အတင်းဆွဲခေါ်တယ်။

တင်မောင်ဝင်းက အဲဒီမှာ ထ,ထိုးလိုက်ရင်း ရန် စ, ဖြစ် တော့တာပဲ၊ ကျွန်တော့်မျက်နှာကို ပုလင်းနဲ့ အရိုက်ခံရပြီးတော့ ပုလင်းကွဲနဲ့ ထိုးလိုက်တာ ခံရတယ် ထား၊ ဟိုဘက်ကလည်း တော် တော် အထိနာပါတယ်"

"ဒါနဲ့ တရားရုံးကို ရောက်ရောလား"

ရေနွေးကြမ်းတစ်ခွက် ငှဲ့ရင်း ထားသက်လှိုင်က မေးလိုက် သည်။

"ဟုတ်တယ် ထား၊ တရားရုံး ရောက်ကြတယ်၊ နှစ်ဘက်လုံး တရားရုံးက ပေးတဲ့အပြစ် ခံရတယ်ပေါ့ ထားရယ်၊ တင်မောင်ဝင်း လက်ချက်ကြောင့် ဟိုဘက်ကတစ်ယောက် အာရုံကြော ချို့ယွင်း သွားတယ်ဆိုလား မသိဘူး၊ တင်မောင်ဝင်းက နှစ်နှစ်ကျတယ်၊ ကျွန်တော်ကတော့ ဆေးရုံတက်ရပြီး အမှုတော့ ရင်ဆိုင်ရတာပေါ့၊ ဒဏ်ငွေနဲ့ပဲ ပြီးသွားတယ် ထား"

"တော်သေးတာပေါ့ ကိုညိုမင်းလွင်ရယ်၊ မသေကောင်း မပျောက်ကောင်း"

စီးကရက်ဘူး ထုတ်ပြီး၊ တစ်လိပ်ကို မီးညှိသောက်သည်။ မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်၏။

"ကျွန်တော့်မျက်နှာ တော်တော်ရုပ်ပျက်ဆင်းပျက် ဖြစ် သွားတယ် ထား၊ ဆေးရုံက ဆင်းစကဆိုရင် ကိုယ့်မျက်နှာကိုယ်



မှန်ထဲကြည့်ဖို့တောင် ကြောက်တယ်၊ အမှုတွေ ဘာတွေဖြစ်၊ ဆေးရုံ လည်း တက်ရ၊ မျက်နှာကလည်း ရုပ်ပျက်ဆင်းပျက်ဆိုတော့ ထားရယ် . . ."

စကားဖြတ်ပြီး စီးကရက်ကို ဖွာသည်။ ပြီးတော့ တစ်ချက် ပြုံးလိုက်၏။

"လူတွေများ သိပ်တရားရဖို့ ကောင်းတာပဲ၊ ကျွန်တော်နဲ့ စေ့စပ်ပွဲ ပျက်သွားတယ်"

"ရှင် . . ."

"အံ့သြစရာမဟုတ်ပါဘူး ထား၊ အမျိုးသမီးဘက်က လူကြီး တွေကတော့ အဲဒီလို အမှုဖြစ် ဘာဖြစ်ဆိုတာမျိုး မကြိုက်ဘူးပေါ့၊ ပြီးတော့ မူးပြီး ရန်ဖြစ်တယ်ဆိုတော့လည်း သူတို့ဘက်က လူကြီး တွေက မနှစ်မြို့ဘူးပေါ့၊ ကောင်မလေးကတော့ ရှင်းပါတယ် ထား၊ အစကတည်းက ကျွန်တော့်ရုပ်ကို ကြိုက်ပြီး လက်ခံခဲ့တာပဲလေ၊ အခုလို ရုပ်ပျက်ဆင်းပျက်ကြီး ဖြစ်ပြီဆိုတော့ ဘယ်ကြိုက်တော့မလဲ၊ နောက်ဆုံးပြောရရင်တော့ သူတို့ဘက်က စပြီး စေ့စပ်ကြောင်း လမ်းတာကို ဖျက်လိုက်တယ် ထား၊ ကောင်းပါတယ်"

"ဪ . . ."

ဆေးလိပ်ပြာကို ခြွေရင်း စားသောက်ဆိုင်အပြင်ကို ငေးရီ ကြည့်နေတာ တွေ့သည်။

"ထားတို့ရော လက်ထပ်ပြီးကြပြီလား၊ ကိုစိုးဝေရော ပါ မလာဘူးလား"

ကိုညိုမင်းလွင်၏အမေးကြောင့် ကိုညိုမင်းလွင်၏မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်မြှစ်လိုက်သည်။ ကိုစိုးဝေနှင့် သူမကိစ္စကို ကိုညိုမြင့်လွင် ဘယ်သိနိုင်ပါ့မလဲလေဟု တွေးမိပြန်သည်။ သူတောင်မှ ကိုညိုမြင့်လွင် အိမ်ထောင်ကျပြီဟု ထင်ခဲ့သေးတာပဲ။

"ကျွန်မ ကိုစိုးဝေနဲ့ လက်မထပ်ဖြစ်ပါဘူး ကိုညိုမြင့်လွင်"

"ဟင် . . . ဟုတ်လား"

စီးကရက်ကို ချနင်းရင်းမှ သူမမျက်နှာဆီ လှမ်းကြည့်သည်။

"ဟုတ်တယ် ကိုညိုမြင့်လွင်၊ ကျွန်မပဲ လက်ထပ်ဖို့ကိစ္စကို ဖျက်ပစ်လိုက်တာ၊ ကိုစိုးဝေကတော့ လက်ထပ်သွားပြီ ပြောတယ်၊ ဒါတောင် ဟိုတစ်ခေါက်က ဖေဖေပြောလို့ သိတာ"

"ဖေဖေ ပြောလို့ . . ."

ကိုညိုမြင့်လွင်က နားမရှင်းသလို မေးသည်။

"ဩော် . . . ဟုတ်သားပဲ၊ ကိုညိုမြင့်လွင်ကိုမှ မပြောမိသေးတာ၊ ထားက အခု ရန်ကုန်ပြောင်းတာ တစ်နှစ်လောက် ရှိပြီ ကိုညိုမြင့်လွင်"

"ဟုတ်လား . . ."

"ဟုတ်တယ် ကိုညိုမြင့်လွင်၊ မေမေဆုံးသွားတော့ ထားတို့ ညီအစ်မလည်း ဦးလေးနဲ့နီးတဲ့ ရန်ကုန် ပြောင်းခဲ့ကြတာ"

"ရန်ကုန်တစ်မြို့ထဲ မတွေ့ကြဘူးနော်"

"အခုနစကား ပြန်ဆက်ပြောရရင်တော့ ကိုစိုးဝေက ဖေဖေ့ကို လာတွေ့ပြီး သူလည်း အိမ်ထောင်ကျပြီ ပြောသွားသတဲ့ ကျွန်မနဲ့တော့ မတွေ့ပါဘူး၊ ဖေဖေ ပြောပြလို့"



"ဟာ . . . ကျွန်တော် အရမ်းဝမ်းသာတာပဲ"

"ဘာလဲ . . . ကိုညိုမြင့်လွင်"

"ထား . . . အိမ်ထောင်မကျသေးတာကိုလေ"

စကားသံတိုးတိုးကို ပြောလိုက်တော့ ထားက မျက်လွှာချသည်။

✿ ✿ ✿

www.burmeseclassic.com

## [၅]

ရန်ကုန်ထွက်သည့် အထူးအမြန်ရထားသည် အချိန်မှန်ပင် မန္တလေးဘူတာမှ စထွက်၏။

"ကျွန်တော်က ရုပ်ပျက်ဆင်းပျက်ကြီး ဖြစ်နေမှ ထားကို လက်ထပ်ရင် တရားမှုံ့ဦးမလားလို့ ကျွန်တော် စဉ်းစားတယ် ထား"

ညနေဆည်းဆာကို လှမ်းကြည့်ရင်း ကိုညိုမြင့်လွင်က ပြောသည်။

"ထား ကိုညိုမြင့်လွင်ကို ချစ်တာက ကိုညိုမြင့်လွင်ရဲ့ ရုပ်ကို မဟုတ်ပါဘူး ကိုညိုမြင့်လွင်၊ ကိုညိုမြင့်လွင်ရဲ့ ရုပ်ရည်ကို သဘောကျပြီး ကောင်မလေးတွေ ဝိုင်းနေကြတဲ့ အချိန်တုန်းက အဲဒီအထဲမှာ ထား မပါချင်လို့ ဘယ်လိုနေခဲ့တယ်ဆိုတာ ကိုညိုမြင်း

www.burmeseclassic.com

www.burmeseclassic.com



လွင် အသိပဲလေ၊ ထားကိုလည်း ကိုညိုမင်းလွင်ရဲ့ ရုပ်ရည်ကို ကြိုက်တဲ့ ကောင်မလေးတစ်ယောက်လို့ ထင်သွားမှာ အစိုးရိမ်ဆုံးပါပဲ"

"ထား ဘာလို့ ကိုယ့်ကို နှိုက်စက်ထားရတာလဲ ထားရယ်"

ငုံ့စောင်းကြည့်ကာ ကိုညိုမင်းလွင် မေးလိုက်သည်။

"ပထမတစ်ချက်ကတော့ ကိုညိုမင်းလွင်ကို ထား မယုံဘူး၊ ထားကို နောက်ခဲ့တဲ့အဖြစ်က ရင်ထဲ စွဲနေတယ်၊ ဒါ ပထမအချက်ပဲ၊ နောက်ပိုင်း ကိုညိုမင်းလွင်ကို ယုံချင်သလို ဖြစ်ခဲ့ပေမဲ့ စောစောက ပြောသလို ကိုညိုမင်းလွင်ဘေးက မိန်းကလေးတွေထဲက တစ်ယောက်လို့ ပေါ့ပေါ့တန်တန် ထင်သွားမှာ စိုးတာရယ်၊ ထားဘဝထဲကို ကိုညိုမင်းလွင် ဝင်လာဖို့ မဖြစ်နိုင်တာရယ် တွက်ပြီး စိတ်ကို ထိန်းချုပ်ခဲ့ရတယ် . . .

အဲ . . . ထားနောက်ကို ကိုညိုမင်းလွင် လိုက်လာတုန်းကတော့ ကိုညိုမင်းလွင်ရဲ့ မေတ္တာအတိမ်အနက်ကို ထား မှန်းမိပြီး ယုံလည်း ယုံသွားပြီလေ၊ ဒါပေမဲ့ ထားက ကိုစိုးဝေကို ခေါင်းညိတ်ထားပြီးတဲ့အချိန် ဖြစ်နေပြီ၊ ထား စကား မဖျက်ချင်တော့ဘူး၊ ဒါပါပဲ ကိုညိုမင်းလွင်"

တံတားငယ်တစ်ခုကို ကျော်ဖြတ်ခိုက် ရထားသံက ဆူညံသွားသည်။

"ပြီးတော့ ထားစဉ်းစားတုန်းက ကိုညိုမင်းလွင်ဟာ ထားဘဝထဲကို ဘယ်လိုမှလာနိုင်မယ့်သူ မဟုတ်ဘူးပဲ တွက်တယ်လေ။

ဖေဖေက ထောင်ထဲမှာ၊ မေမေက ရောဂါသည်၊ ညီမလေးက ကျောင်းတက်တုန်း ဒီဘဝထဲကို ကိုညိုမင်းလွင် ဘယ်လိုမှ လာ



နိုင်မယ် မထင်ဘူး၊ လာလို့လည်း ထားဘဝက ပိုအဆင်ပြေမှာ မဟုတ်ဘူး၊ ကိုစိုးဝေနဲ့ လက်ထပ်ရင် ပိုအဆင်ပြေမှာပဲလို့ ဦးနှောက်နဲ့ စဉ်းစားပြီး ဆုံးဖြတ်လိုက်တာပဲ ကိုညိုမင်းလွင်ရယ်"

ကိုညိုမင်းလွင်ကို ကြည့်ရင်း ထားသက်လှိုင်က စကားဆက်သည်။

"ကိုယ်ကတော့ ထားဘေးမှာ ရုပ်ပျက်ဆင်းပျက်နဲ့ ရပ်တည်ရမယ့် အနေအထားမို့ ထားအတွက် အားနာတယ် ထားရယ်"

"ဘာတဲ့ . . . ဘာတဲ့ . . . ကိုညိုမင်းလွင် ပေးခဲ့တဲ့ ကဗျာလေးလေ၊ ချစ်သူနမ်းရင် ပန်းဖြစ်တယ်ဆို"

"ထား သတိရနေသားပဲ"

"သတိရတာပေါ့၊ ရင်ထဲမှာ သိမ်းထားတာပဲဟာ၊ ချစ်သူနမ်းရင် ပန်းဖြစ်မယ်၊ ချစ်သူပစ်သွားတဲ့အခါ ရွက်ကြွေဖြစ်မယ်တဲ့၊ တကယ့်ခံစားမှုအစစ်အမှန်ပါပဲ ကိုညိုမင်းလွင်"

"အဲဒီပို့စကတ်လေး ရှိသေးရဲ့လား"

လက်ကာပြီး နေဦးဟု ပြလိုက်သည်။ ပြီးတော့ ထားသက်လှိုင်က သူ့ပိုက်ဆံအိတ်ကို လှမ်းယူလိုက်သည်။ ပိုက်ဆံအိတ်ကို ဖွင့်ပြီး ပိုက်ဆံအိတ်ထဲမှ ဒိုင်ယာရီစာအုပ်ကို လှန်လိုက်ကာ ကြားမှာ ညှပ်ထားသည့် ပို့စကတ်လေးကို ယူလိုက်သည်။

"တွေ့လား ကိုညိုမင်းလွင်"

ညိုမင်းလွင်က လှမ်းယူပြီး ပို့စကတ်ကို ကြည့်သည်။ ပြီးတော့မှ ပို့စကတ်ကို လှန်ကာ နောက်ကျောမှ သူ့လက်ရေးနှင့် ကဗျာလေးကို ဖတ်နေမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



♫ ထူးနှမ်းမျှော် ဝိုးငွေမြိုင်
ဗုဒ်ဝေတော့ ဝိုင့်ဝင်ခြေ . . .။

♫ ဗျော့်ဝေမြိုင်း ဝိုင်တဲ့ အဝီဝေထော်ဝီ . . .
ဝိဝေမျှာဝီဝိုး မြိုင်ဝေ . . .။

♫ ဝိုးဝွေ့ဝိတဲ့ အဝိုးဝေဝီဝွေ
အဝွေ့ဝိုးရွှဝိဝေဝွ ဝေြာဝမှဲ့

♫ အဝီဝိုးမှုဝေတော့
ဝိဝိုးမျှော် ရွှဝီဝြေဝွာဝီ
ဝီဝေမျှာဝိမှ ရွှဝီဝြေဝီ
ရဝီရှည်ဝိဝီ ဝဦးဝြေဝာဝီဝေဝါဝိမှု
မိုးဝေါဝိတဝေဝေးလို့ ဝိသာဝနှမ်းမျှော်
ဝိုးငွေ့ဝေ . . . ဝေဝဲ

ကဗျာဆုံးတော့ နှစ်ဦးသား အကြည့်ဆုံဖြစ်သည်။ မျက်ဝန်းတွေထဲမှာ မေတ္တာ၏ အရိပ်အငွေ့ အကြည်အနူးကို တစ်ဦးနှင့်တစ်ဦး တွေ့နေ မြင်နေနိုင်ပြန်ပြီ ထင်၏။

✿ ✿ ✿

BURMESE CLASSIC .com

"ရန်ကုန် ပြန်ရောက်ရင် မဖတ်ရသေးတဲ့ စာသုံးစောင်ရှိသေးတယ် ကိုညိုမင်းလွင်၊ အခုတော့ ထား ဖတ်ရဲသွားပြီ"

ညိုမင်းလွင်က နားမလည်သလို ကြည့်နေ၏။ ထားကသူ ဖောက်မဖတ်ရဲသဖြင့် သိမ်းထားခဲ့သည့် ညိုမင်းလွင်၏ စာများအကြောင်း ပြောလိုက်သည်။

"ထားရယ် . . . ထားက အရမ်း စိတ်နိုင်တာပဲ"

ဟု ကြည့်ရင်း ဆို၏။

"စိတ်မနိုင်လို့ မဖတ်ရဲတာပေါ့ ကိုညိုမင်းလွင်ရယ်"

ထားသက်လှိုင်ကို စူးစိုက်ကြည့်နေရာမှ ဘာမှ ပြန်မပြောဘဲ ကိုယ်ကို အနည်းငယ် ငဲ့စောင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငဲ့စောင်းလိုက်သည့်အခါ ခေါင်းသည် ထားသက်လှိုင်၏ နားသယ်ဆံစကို လာထိသည်။

မျက်နှာကိုပါ ငဲ့လိုက်၏။

"အို"

ထားသက်လှိုင်၏ နားသယ်ဆံစမှာ ညိုမြင်းလွင်က မျက်နှာ အပ်လိုက်သလို ဖြစ်သွားသည်။

"ပန်းပွင့် ဖြစ်တယ် ဆိုလို့"

မျက်နှာကို ခွာရင်း ကိုညိုမြင်းလွင်က တီးတိုးပြောသည်။ ထားသက်လှိုင်က ပခုံးကို ဖွဖွထုလိုက်၏။

မနက်ဖြန် ရောင်ခြည်ရှိရာသို့ ရထားသည် အရှိန်ဖြင့် ခုတ်မောင်းနေဆဲ။

မနက်ဖြန် အလင်းရောင်ထဲမှာ မျှော်လင့်ခြင်းသစ်ပင်၌ အပွင့်တို့ ဝေလျက်၊ ရွက်ကြွေတို့ ကင်းစင်ပျောက်ပသွားတော့မည် ဟု ယုံတော့၏။

ပန်းမပွင့်သည့် အခန်းဆက်နွေသည် နိဂုံးချုပ်ပြီပဲ။

လေးစားစွာဖြင့် . . .

မောင်စိန်ဝင်း (ပုတီးကုန်း)
အမှတ်(၈)ဘီ၊ မြသီရိလမ်း၊ အောင်မြေ
မရမ်းကုန်း၊ ရန်ကုန်မြို့။

www.burmeseclassic.com